

# ရေလောကသား နာနာဘာဝများနှင့် လူသားများ

ဦးငွေအောင်မွန်

(ပါဠိပါရဂူ၊ ဓမ္မာစရိယ၊ ဘီအေ၊ ဘီအီးဒီ)

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၃၂၀၁၂၀၀၃၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၃၂၀၁၃၈၀၄၀၉
စီစဉ်သူ – ကိုမောင်မောင်ထွန်း (ကောင်းထွန်းစာပေ)
အကြိမ် – ၂၀၀၉ ခု၊ ဇူလိုင်လ၊ (ပထမအကြိမ်)
မျက်နှာဖုံးပန်းချီ – မောင်မောင်တိုး
အုပ်ရေ – ၁၀၀၀
တန်ဖိုး 1500 KS★
ကွန်ပျူတာ – မျိုးမေအောင်
စာအုပ်ချုပ် – ကြူကြူမွှေး
အတွင်းဖလင် – မိုးကြီး (သာကေတ)
ထုတ်ဝေသူ – ဦးကျော်ဆန်း (ရဲအောင်စာပေ)
ဆွန်း–၁လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ – ဦးအောင်သန်းဆိုး (လှိုင်ပုံနှိပ်တိုက်)
၃၉–လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖြန့်ချိရေး – ကောင်းထွန်းစာပေ
အမှတ် ၂၇၊ မာန်ပြေ(၂၁)လမ်းအရှေ့၊
၃–ရပ်ကွက်၊သာကေတ။ ☎ ၅၄၃၁၁၀

၂၉၄ · ၃၈၂၃
ငွေအောင်မွန်၊ ဦး
ပရလောကသားနာနာဘာဝများနှင့်လူသားများ/ ဦးငွေအောင်မွန်။
– ရန်ကုန်
ရဲအောင်စာပေ၊ ၂၀၀၉။
၁၆၀ – စာ ၁၂ / ၁၇ စင်တီ။
(၁) ပရလောကသားနာနာဘာဝများနှင့်လူသားများ

# ပရလောကသားနာနာဘာဝများ

နှင့်

# လူသားများ

ဦးရွှေအောင်မြွှန်
မဟာစရိယ၊ ပါဠိပါရဂူ၊ ဘီ.အေ၊ ဘီ.အီး.ဒီ။

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | စာရေးသူ၏အမှာစာ | ... | ၁ |


**အခန်း(၁)**


| | | | |
|---|---|---|---|
| ၃။ | ပရလောကသားများနှင့် ပတ်သက်သည့် အဆိုအမိန့်များ | ... | ၅ |
| ၄။ | ဤစကြဝဠာ | ... | ၆ |
| ၅။ | ဤလောက | ... | ၆ |
| ၆။ | ပရလောက | ... | ၇ |
| ၇ | ပြိတ္တာဘုံသားများ | ... | ၇ |
| ၈။ | တစ္ဆေများ | ... | ၁၀ |
| ၉။ | ပရလောကသားနာနာဘာဝ ဖြစ်ရခြင်း အကြောင်း | ... | ၁၂ |
| ၁၀။ | တစ္ဆေစသော နာနာဘာဝများ သေဆုံးပုံ | ... | ၁၃ |
| ၁၁။ | နတ်များ | ... | ၁၄ |


**အခန်း(၂)**


| | | | |
|---|---|---|---|
| ၁၂။ | သင်္ချိုင်းယနာတင်ကျမ်းလာ နာနာဘာဝများ အကြောင်း | ... | ၁၇ |
| ၁၃။ | ပြိတ္တာများ | ... | ၁၇ |
| ၁၄။ | ပြိတ္တာလေးမျိုး | ... | ၁၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

အခန်း(၃)


၁၅။ ပါဠိတော်အဋ္ဌကထာကျမ်းလာ ပြိတ္တာတို့၏ ဝတ္ထုများ . . . ၂၃
၁၆။ ပရဒတ္တူပ (သူတစ်ပါးပေးလှူမှ ရသော) ပြိတ္တာ . . . ၂၃
၁၇။ အမ္ဗဝန (သရက်တော) နေ ပြိတ္တာ . . . ၂၅
၁၈။ သုတ္တပေတ (သက်ရှည်နိုင်ပျိုသော) နတ်ပြိတ္တာ . . . ၂၆
၁၉။ ကဏ္ဏမုဏ္ဍ (နေ့စံညခံ) ပြိတ္တာမ . . . ၂၇
၂၀။ ဘီလူးမပြိတ္တာနှင့် သားနှစ်ယောက် . . . ၂၉
၂၁။ ဥဠ္ဌုပေတ (ကြွံခင်းစောင့်) ပြိတ္တာ . . . ၃၁
၂၂။ ပိယက်ရမာတာဝေမာနိကပြိတ္တာမ . . . ၃၅
၂၃။ ဥတ္တရမာတာ ဝေမာနိကပြိတ္တာမ . . . ၃၇
၂၄။ ပိဋ္ဌိမိတလိက(မြေညက်ယံမင်းရုပ်ကလေး). . . ၃၉
၂၅။ တိရောကုဍ္ဍ (နံရံတံတိုင်းကြား) ပြိတ္တာများ. . . ၄၁
၂၆။ ကာလကဉ္စိကပြိတ္တာ . . . ၄၃
၂၇။ ဓာတ်တော်ပူဇော်ပွဲကဲ့ရဲ့သဖြင့် ပြိတ္တာဖြစ်ရသူ . . . ၅၀
၂၈။ အဇဂရပေတ (မြွေပြိတ္တာ) . . . ၅၁
၂၉။ အဋ္ဌိက (အရိုးစု) ပြိတ္တာ . . . ၅၂
၃၀။ ပေသိ (သားတစ်) ပြိတ္တာ . . . ၅၄
၃၁။ နိစ္ဆဝိ (အရိုးစု) ပြိတ္တာ . . . ၅၅

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၂။ | အသိလောမ (သန်လျက်အမွေးပေါက်) ပြိတ္တာ ... | ၅၅ |
| ၃၃။ | သတ္တိ (လှံအမွေးပေါက်) ပြိတ္တာ ... | ၅၆ |
| ၃၄။ | ဥသုလောမ (မြှားအမွေးပေါက်) ပြိတ္တာ ... | ၅၆ |
| ၃၅။ | သူစိလောမ (အပ်အမွေးပေါက်) ပြိတ္တာ ... | ၅၇ |
| ၃၆။ | သူစိလောမ (အပ်အမွေးပေါက်) ပြိတ္တာတစ်မျိုး ... | ၅၇ |
| ၃၇။ | ကုမ္ဘဏ္ဍ (စဉ်းလဲကောက်ကျစ်သော တရားသူကြီး) ပြိတ္တာ ... | ၅၈ |
| ၃၈။ | သသီသက (မစင်တွင်းနစ်သော) ပြိတ္တာ ... | ၅၈ |
| ၃၉။ | ဂူထခါဒ (မစင်စားငှယောက်ျား) ပြိတ္တာ ... | ၅၉ |
| ၄၀။ | နိစ္ဆဝိတ္ထိ (လင်ယောက်ျားအပေါ် ဖောက်ပြန်သော) ပြိတ္တာ ... | ၅၉ |
| ၄၁။ | မင်္ဂုလိတ္ထိ (အနံ့ဆိုး၊ အရုပ်ဆိုး နတ်ဝင်သည်) ပြိတ္တာမ ... | ၆၀ |
| ၄၂။ | ဩကိလိနီ (မီးကျီးလောင်ခံရသော) ပြိတ္တာ... | ၆၀ |
| ၄၃။ | အသီသက (ဦးခေါင်းမပါသော) ပြိတ္တာ ... | ၆၁ |
| ၄၄။ | ပါပဘိက္ခု (ရဟန်းယုတ်မာ) ပြိတ္တာ ... | ၆၁ |
| ၄၅။ | ပါပဘိက္ခုနီ(ရဟန်းမယုတ်)ပြိတ္တာမ(ဖုတ်) ... | ၆၂ |
| ၄၆။ | လူသေကိုအသက်သွင်းထားသော ဘုတ်/ဘီလူး ... | ၆၃ |
| ၄၇။ | ဂဘာဠယက္ခိနီဘီလူးမဝတ္ထု ... | ၆၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **အခန်း(၄)** | |
| ၄၈။ | မြန်မာ့သမိုင်းမှ ထင်ရှားသော တစ္ဆေနာနာဘာဝများ ... | ၃၃ |
| ၄၉။ | စလေမင်းခွေးလက်ထက် တစ္ဆေများ ... | ၃၄ |
| ၅၀။ | ကျည်စိုးမင်းလက်ထက် တစ္ဆေများ ... | ၃၄ |
| ၅၁။ | ညောင်ဦးစောရဟန်းမင်းလက်ထက်က တစ္ဆေများ ... | ၃၅ |
| ၅၂။ | ကျန်စစ်သားမင်းလက်ထက် တစ္ဆေများ ... | ၃၅ |
| ၅၃။ | အလောင်းစည်သူမင်းလက်ထက် တစ္ဆေများ ... | ၃၆ |
| ၅၄။ | အင်းဝမင်းရဲကျော်တင်လက်ထက်က တစ္ဆေများ ... | ၃၇ |
| ၅၅။ | မွန်ဘုရင်သုရှင်တကာရွတ်ပိ ... | ၃၇ |
| ၅၆။ | နောင်တော်ကြီးမင်းလက်ထက်တစ္ဆေများ ... | ၃၈ |
| ၅၇။ | အလောင်းဘုရားမင်းလက်ထက်တစ္ဆေများ... | ၃၉ |
| | **အခန်း(၅)** | |
| ၅၈။ | ဘီလူးသရဲသဘက်စသော နာနာဘာဝများမှ အကာအကွယ်တရားတော်များနှင့် သာဓကဝတ္ထုများ ... | ၈၃ |
| ၅၉။ | လယ်တီဆရာတော်၏ ညွှန်ပြချက် ... | ၈၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၆၀။ | ဆရာတော်တစ်ပါးနှင့် မည်းမည်းကောင် နာနာဘာဝကောင်ကြီး ... | ၈၆ |
| ၆၁။ | ဓမ္မကထိက ဆရာတော်လေးနှင့် နာနာဘာဝကောင်ကြီး ... | ၈၉ |
| ၆၂။ | သိရသ္မိံဂါထာ၏အကျိုး ... | ၉၅ |
| ၆၃။ | တမာပင်ဗိုက်ကြီး ... | ၁၁၃ |
| ၆၄။ | ကွင်းပိုင်ကြီး ဘညို ... | ၁၀၄ |
| ၆၅။ | တောပစ်သမားများနှင့်ခွေးဖြူကြီး ... | ၁၂၅ |
| ၆၆။ | ယုန်ဖမ်းသမားများနှင့် တောတွင်း နာနာဘာဝများ ... | ၁၃၄ |
| ၆၇။ | သောတာပန်ရုက္ခစိုးကြီး ... | ၁၄၄ |

## စာရေးသူ၏အမှာစာ

အနမတဂ္ဂ- အစမထင်သော သံသရာကြီးဝယ် သတ္တလောက သင်္ခါရလောက၊ ဩကာသလောကဟူသော လောကကြီး ၃-ပါးဖြစ်ပေါ်သည်မှစ၍ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံ၊ ဤလူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာဘုံနှစ်ဆယ်ဟူသော ၃၁-ဘုံသား သတ္တဝါများ ရှိကြပါသည်။

လူ့ဘုံလောကကို ဤလောကဟု ခေါ်ဆိုကြပါသည်။ ကျန်သော ၃၀-ဘုံကို ပရလောကဟု ခေါ်ဆိုကြပါသည်။ ပရလောကတွင် ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တို့သည် အောက်ပရလောကဘုံသားများဖြစ်ကြပါသည်။ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာဘုံနှစ်ဆယ်မှ နတ်ဗြဟ္မာများသည် အထက်ဆင့်ပရလောကသားများ ဖြစ်ကြပါသည်။

ဤလောကသားများဖြစ်သော လူသားများနှင့် အောက်ပရလောကဘုံသားများဖြစ်သော တိရိစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တို့မှာ အမြဲဆက်သွယ်ထိတွေ့နေကြရပါသည်။ အထက်ဆင့် ပရလောကသားများဖြစ်ကြသော နတ်ပြည်၊ ဗြဟ္မာပြည်တို့မှ နတ်၊ ဗြဟ္မာတို့နှင့်လည်း တစ်ခါတစ်ရံ ဆက်သွယ်ထိတွေ့ရတတ်ပါသည်။

ထိုကဲ့သို့ ဆက်သွယ်ထိတွေ့ရသဖြင့် ဤလောကသားလူတို့အတွက် ကုသိုလ်၊ အကုသိုလ်ဖြစ်စေတတ်သော အကြောင်း

အရာ၊ အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ရပါသည်။ သက်ဆိုင်ရာ လူပုဂ္ဂိုလ်တို့၏ စိတ်စေတနာ အကောင်းအဆိုး ပြုလုပ်သောကံအကောင်းအဆိုးအလိုက် ကောင်းကျိုး မကောင်းကျိုးများ ဖြစ်ပေါ်ခဲ့ရပါသည်။ ထူးဆန်းအံ့ဩဖွယ်အကြောင်းအရာ အဖြစ်အပျက် ဇာတ်လမ်းဝတ္ထုများလည်း ဖြစ်ပေါ်ခဲ့ရပါသည်။ ထိုအကြောင်းအရာအဖြစ်အပျက် ဇာတ်လမ်းဝတ္ထုတို့မှာ မရေမတွက်နိုင်များပြားလှပါသည်။ သုံးဆယ့်တစ်ဘုံသားသတ္တဝါများ အလွန်များပြားကြသောကြောင့် ဖြစ်ပါသည်။

သာသနာဝင်ကျမ်းစာများဖြစ်သော ဘုရားဟော ပါဠိ အဋ္ဌကထာ ဋီကာကျမ်းစာကြီး၌ ထိုအကြောင်းအရာအဖြစ်အပျက်ဇာတ်လမ်းဝတ္ထုအချို့တို့ကို ဖော်ပြခဲ့ပါသည်။ အခြားသော လောကီကျမ်းစာများတွင်လည်း ဖော်ပြခဲ့ပါသည်။

ကျွန်ုပ်တို့ လူ့ဘုံသားများအနေဖြင့် မိမိတို့နှင့် တစ်ဘုံတည်းဆက်စပ်၍ တည်ရှိသော အောက်အနိမ့်စားပရလောကသားများဖြစ်သော ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ်တို့နှင့် ဆက်သွယ်ထိတွေ့မှု အများဆုံးဖြစ်ကြပါသည်။ ထို့ကြောင့် လူသားများနှင့်ယင်းတို့၏ ဆက်သွယ်ထိတွေ့မှုကြောင့် အကြောင်းအရာအဖြစ်အပျက်ဇာတ်လမ်းဝတ္ထုတို့လည်းများစွာ ရှိပါသည်။

ဤစာအုပ်တွင် ဘုရားဟောပါဠိတော်နှင့် ရဟန္တာစသော ပညာရှိပုဂ္ဂိုလ်ကြီးများရေးသားတော်မူခဲ့သော တိရစ္ဆာန် ပြိတ္တာ၊ အသုရကာယ်တို့၏အဖြစ်အပျက်ဇာတ်လမ်းဝတ္ထုတို့ကို ဖော်ပြထားပါသည်။ ထို့ပြင် စာရေးသူနေထိုင်ခဲ့ရာ ဒေသအသီးသီးတွင် ကြားသိခဲ့ရသော အကြောင်းအရာအဖြစ်အပျက် ဇာတ်လမ်းဝတ္ထုတို့ကိုလည်း ဖော်ပြထားပါသည်။

ထိုအကြောင်းအရာ အဖြစ်အပျက်ဇာတ်လမ်းဝတ္ထုတို့ကို စာဖတ်သူများအနေဖြင့် ဖတ်ရှုသိရှိကြ၍ အသိပညာတိုးပွားကြပါစေ။ ရှောင်သင့်သည်တို့ကို ရှောင်နိုင်ကြပါစေ။ ဆောင်သင့်သည်တို့ကို ဆောင်နိုင်ကြပါစေ။ သဒ္ဓါတရားတိုးတက်ကြပါစေ။ ကုသိုလ်တိုးပွားကြပါစေ-ဟု ရည်သန်၍ ဤစာအုပ်ကို ရေးသားရခြင်းဖြစ်ပါသည်။

ဆရာဦးငွေအောင်မွန်
ဈမ်းအေးစာပေဆု နှင့် အစမှအဆုံးစာပေဆုရ



ပရလောကသားများနှင့်ပတ်သက်၍

အဆိုအမိန့်များ

# အခန်း (၁)

**ပရလောကသားများနှင့် ပတ်သက်၍ အဆိုအမိန့်များ**

ဒသဝတ္ထုက သမ္မာဒိဋ္ဌိပါဠ်၌

အယံလောကော အတ္ထိ

ပရလောကော အတ္ထိ

ဟု ဖော်ပြထားပါသည်။

အနက်အဓိပ္ပာယ်မှာ အယံလောကော- ဤလူတို့ ဖြစ်ပေါ်တည်ရှိရာ ဘုံလောကသည်၊ အတ္ထိ-ရှိ၏။

ပရလောကော- လူစသော သတ္တဝါတို့သေဆုံးသည့်နောက်၌ ရောက်ကြရသော လောကတစ်ပါးဘုံတစ်ပါးသည်၊ အတ္ထိ-ရှိ၏။ ဟု ဆိုလိုပါသည်။

## ဤစကြဝဠာ

ကမ္ဘာမြေအပါအဝင် ဤစကြဝဠာကြီး၌ ငရဲဘုံ၊ ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံ၊ အသူရကာယ်ဘုံ ဟူသော အပါယ် ၄-ဘုံ လူသားတို့နေရာ လူ့ဘုံ၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တီဟူသော နတ်ပြည် ၆-ထပ်၊ ဗြဟ္မာပါရိသဇ္ဇာအစ အကနိဋ္ဌအဆုံးရှိသော ဗြဟ္မာဘုံ ၂၀-ပေါင်း ၃၁-ဘုံတို့ ပါဝင်ပါသည်။

## ဤလောက

လူသားတို့ ဖြစ်ပေါ်တည်ရှိရာ ဤလောက၌အပါယ် ၄-ဘုံအဝင်၊ ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံ၊ အသူရကာယ်ဘုံ၊ နတ်ပြည်ခြောက်ထပ်အပါအဝင် စတုမဟာရာဇ်နတ်ပြည်၏အစိတ်အပိုင်းအချို့တို့သည် ဤကမ္ဘာမြေလောက၌ ရောနှောပါဝင်နေကြပါသည်။

## ပရလောက

ပရလောကၷ အပါယ်လေးဘုံ၊ နတ်ပြည်ခြောက်ထပ် ဗြဟ္မာဘုံ ၂၀-တို့ပါဝင်ပါသည်။

ပရလောကသည် လူတိရစ္ဆာန်တို့ ကွယ်လွန်သေဆုံးလျှင် ရောက်ရှိနိုင်သော လောကဖြစ်၍ ပရလောကဟု ခေါ်ပါသည်။ ဝိညာဏ လောကဟုလည်း ခေါ်ကြသည်။

## ပြိတ္တာဘုံသားများ

အပါယ်ဘုံသားတစ်မျိုးဖြစ်သော ပြိတ္တာဘုံသားတို့မှာ. . .

(၁) ဝိနိပါတ ပြိတ္တာ

(၂) ဝေမာနိက ပြိတ္တာ ဟု နှစ်မျိုးရှိပါသည်။

*ဝိနိပါတိကပြိတ္တာ*

ဝိနိပါတိကပြိတ္တာဟူသည်မှာ ဖရိုဖရဲဖောက်ပြန်စွာ ငရဲသို့ ကျရောက်ကြရသော သတ္တဝါများဖြစ်ကြသည်။

ဝိနိပါတိကပြိတ္တာတို့တွင် တစ္ဆေ၊ ဘုတ်(ဖုတ်)၊ မှင်စာ၊ ကျတ်၊ သရဲ၊ သဘက်၊ နတ်စိမ်း၊ ဥစ္စာစောင့်၊ ဘီလူး စသည်တို့ ပါဝင်သည်။ စတုမဟာရာဇ်အနွယ် အောက်တန်းစား ပြိတ္တာသတ္တဝါများဖြစ်သည်။ အကုသိုလ်ကံဦးဆောင်၍ မကောင်းမှုတို့ကို များစွာပြုမူခဲ့ကြသဖြင့် ထိုဘဝတို့ကို ရောက်ကြရသူများဖြစ်ကြသည်။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်များဖြစ်၍ လွယ်လွယ်နှင့် မကျွတ်ထိုက်သူများ ဖြစ်ကြသည်။

ဝိနိပါတိက ပြိတ္တာ မျိုးဖြစ်ကြသော တစ္ဆေ၊ ဘုတ်၊ (ဖုတ်)၊ ပြိတ္တာတို့သည် မိမိတို့ကို မမြင်စေလိုပါက ပျောက်ကွယ်စေနိုင်သော ဆေးဝါးကိုသော်လည်းကောင်း၊ မန္တရားကိုသော်လည်းကောင်း ဆောင်ထားလေ့ရှိကြသည်။ ထိုဆေးဝါးမန္တရားတို့ဖြင့် သူတို့၏ ကိုယ်ခန္ဓာကို လူတို့မမြင်နိုင်အောင် ကာကွယ်နိုင်ကြသည်။

## ဝေမာနိကပြိတ္တာ

ဝေမာနိကပြိတ္တာဟူသည်မှာ တံခိုးကြီးပ္ပိပါဒ်များ ရှိပြီး ကြီးကျယ်သောဗိမာန်တို့၌ နေထိုင်လေ့ရှိသော ပြိတ္တာမျိုးဖြစ်သည်။

ဝေမာနိကပြိတ္တာတို့တွင်. . .

(၁) အနိမ့်စား၊ (၂) အလတ်စား၊ (၃) အမြတ်စားဟု သုံးမျိုးရှိပါသည်။

ယင်းတို့သည် စည်းစိမ်ချမ်းသာမှု၊ ဘုံဗိမာန်ရှိမှု၊ စည်းစိမ်ချမ်းသာ ရှိမရှိ၊ ဘုံဗိမာန်မရှိမှုဟု ကွဲပြားခြားနားကြသည်။

သို့ဖြစ်၍ ထိုပုဂ္ဂိုလ်တို့သည် လူ့ဘုံမှလူတို့က ယင်းတို့ကို ရည်စူး၍ပြုလုပ်သော ဒါနကုသိုလ်ကံများ၏အကျိုးကျေးဇူးများကို အမျှအတန်းပေးဝေပါက သာဓုအနုမောဒနာခေါ်ဆိုနိုင်ကြလျှင် ကောင်းကျိုးရနိုင်သည်။ စားဖွယ်သောက်ဖွယ်၊ အဝတ်အထည်တို့ကို ရနိုင်ကြသည်။ ဥယျာဉ်ရေကန်၊ နေစရာဘုံဗိမာန်တို့နှင့် ပြည့်စုံနိုင်ကြသည်။ ထိုမျှမက သူတော်စင်ပုဂ္ဂိုလ်တို့၏ တရားဒေသနာစသည်တို့ကို နာယူခွင့်ရကြပါက မြင့်မြတ်သော အဆင့်၊ မြင့်မြတ်သောဘဝ၊ မြင့်မြတ်သောဘုံဘဝတို့သို့ ရောက်နိုင်ကြပါသည်။

ဝေမာနိကပြိတ္တာတို့သည် ကမ္မဇိဒ္ဓိ (ကံတရားနှကြောင့်ဖြစ်သော တန်ခိုးဣဒ္ဓိပါဒ်) ရှိကြသည်။ မိမိတို့ကိုယ်ကို မြင်စေလိုပါမှ ဂူတစ်ပါးတို့က မြင်နိုင်ကြသည်။ မမြင်စေလိုသော် ကွယ်ဝှက်ထားနိုင်သည်။

ဝေမာနိကပြိတ္တာတို့သည် စတုမဟာရာဇ်နတ်မျိုးဝင်နတ်ပြိတ္တာများဖြစ်သည်။ ကုသိုလ်ကံ ဦးဆောင်ပြုလုပ်ခဲ့ကြသဖြင့် လည်းကောင်း၊ မကောင်းသောအကုသိုလ်ကံကိုလည်း ရောနှော ပြုခဲ့ကြသောကြောင့်လည်းကောင်း ကုသိုလ်၏အကျိုး အကုသိုလ်၏အကျိုးတို့ကို ရောနှောရရှိခဲ့ကြရသည်။ ဝေမာနိက

ပြိတ္တာတို့သည် နေစရာဗိမာန်များ ရှိကြသည်။ သူတို့သည် သုဂတိ အဟိတ်၊ ဒွိဟိတ်၊ တိဟိတ်ပုဂ္ဂိုလ်များဖြစ်ကြသည်။ ကျွတ်ထိုက်ကြသည်။

---

## တစ္ဆေများ

တစ္ဆေဟူသော ဝေါဟာရသည် တဇ္ဇဟူသောပါဠိပုဒ်မှ ပြောင်းလဲလာခြင်းဖြစ်သည်။ ခြိမ်းခြောက်တတ်သော၊ ခြောက်လှန့်တတ်သော၊ ကြောက်ရွံ့အောင်ပြုလုပ်တတ်သောသတ္တဝါများဟု အဓိပ္ပာယ်ထွက်သည်။

မြန်မာစာအဘိဓာန်၌ တစ္ဆေဟူသည်မှာ သတ္တဝါများ သေဆုံးအခါဖြစ်သော အကုသိုလ်အားကြီးသော မကောင်းဆိုးဝါးဟု ဖော်ပြထားပါသည်။

ဗုဒ္ဓစာပေကျမ်းဂန်များ၌ အထူးထူးအပြားပြားကို ဖန်ဆင်းနိုင်သော ကြောက်ရွံ့တုန်လှုပ်အောင် ခြောက်လှန့်ခြိမ်းခြောက်တတ်သော၊ ဖမ်းစားတတ်သော နာနာဘာဝများဟု ဖော်ပြပါသည်။ နာနာဘာဝကို တစ္ဆေသရဲစသော မကောင်းဆိုးဝါးများဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။

တစ္ဆေတို့တွင် အများအားဖြင့် ကမ္မဇိဒ္ဓိ (ကံတရားကြောင့်ဖြစ်သော တန်ခိုးဣဒ္ဓိပါဒ် အနည်းနှင့်အများ ရှိတတ်ကြသည်။) အချို့ လုံးဝမရှိကြပါ။ သူတို့၏ကမ္မဇိဒ္ဓိတန်ခိုးတို့သည် ထက်ထက်မြက်မြက် မြင့်မြတ်ခြင်း မရှိကြပေ။ ကိုယ်ထင်ပြခြင်း ခြောက်လှန့်ခြင်း၊ ညည်းညူပြခြင်း၊ အနံ့အသက်ပေးခြင်း၊ ပူးကပ်ဝင်ခြင်း၊ ဖမ်းစားခြင်း၊ ကြီးအောင် ငယ်အောင်၊ မြင်သာအောင်၊ ပျောက်ကွယ်အောင် အရောင်အမျိုးမျိုးဖြစ်အောင် ယောကျ်ားအသွင် မိန်းမအသွင် ခွေး၊ နွား၊ ကြက်၊ ငှက် စသော တိရစ္ဆာန်များအသွင် စသည်တို့ကို ပြုလုပ်နိုင်ခဲ့သော ကမ္မဇိဒ္ဓိတန်ခိုး စွမ်းရည်ရှိတတ်ကြ၏။

တစ္ဆေခြောက်သည်ဆိုရာ၌ အစဉ်သဖြင့် ကြောက်ရွံ့အောင် ခြောက်လှန့်ခြင်းသာ မဟုတ်။ နှုတ်ဖြင့် သိမြင်စေလိုခြင်း စားချင်သောက်ချင်ကြသဖြင့် သူတို့အတွက် ကုသိုလ်ကောင်းမှု အမျှပေးဝေခြင်းကို အလိုရှိသဖြင့် အမျိုးမျိုးပြုတတ်ကြသည်။ တစ္ဆေခြောက်ခြင်း ၁၂-မျိုးပင်ရှိသည်ဟု ဆိုကြသည်။ အချို့တစ္ဆေတို့၌ တစ္ဆေဦးထုပ်ပါတတ်သည်ဟု ရှေးကျမ်းများက ဖော်ပြထား၏။ တစ္ဆေ၏ဦးထုပ်သည် တစ္ဆေ၏အား ဖြစ်သည်ဟု ဆိုကြသည်။

တစ္ဆေတို့၏အပြုအမူအနေဖြင့် အစားအသောက်ရရန်အတွက် လူတို့ကို ပူးဝင်တတ်သော အမျိုး၊ အနံ့ခံလျက် ကျေ

နပ်၍ ကိစ္စပြီးရသောအမျိုး၊ ချက်ပြုတ်ကြော်လှော်ပြီးသော အစာကို ကြိုက်နှစ်သက်သောအမျိုး၊ အစိမ်းလိုက်စားရမှ တင်းတိမ်သောအမျိုး၊ ဇရပ်အိုကျောင်းအိုစသည်၌ နေရသောအမျိုး၊ သုသာန်သချိုင်းများမှာ နေရသောအမျိုး၊ မြို့ရွာများ၌ လူတို့ အိမ်ကြိုအိမ်ကြားတွင် နေရသောအမျိုး၊ တောကြိုအုံကြားများ၌ နေရသောအမျိုး၊ ဘုရားတရားသံ ပရိတ်ရွတ်ဖတ်သံကို မကြားချင် မကြားနိုင်သောအမျိုး၊ ကြားနာခွင့်မရှိသောအမျိုး၊ အချို့မှာ ဘုရားတရားသံများကို ကြားနာခွင့်ရသဖြင့် ကုသိုလ်ပီတိတိုးပွားပြီး အဆင့်အတန်းတိုးမြင့်၊ ဘုန်းတန်ခိုးကြီးသွားကြသောအမျိုး စသည် အမျိုးမျိုး အစားစားရှိသည်။

## ပရလောကသား နာနာဘာဝ ဖြစ်ရခြင်းအကြောင်း

တဏှာသရဲ ဘီးလူးစသော နာနာဘာဝဖြစ်ရခြင်း အကြောင်းများမှာ သတ္တဝါများ သေဆုံးခါနီးတွင် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနစသော အကုသိုလ်တရားဆိုးတို့ ဖိစီးလွှမ်းမိုးကာ အကုသိုလ်အဟုန်ဇောတွေ ဖြစ်ပေါ်ကြသောကြောင့် ဖြစ်သည်။

## တစ္ဆေစသော နာနာဘာဝများ သေဆုံးပုံ

မိလိန္ဒပဉှာပါဠိတော်တွင်. . . မိလိန္ဒမင်းကြီး၏ အမေး ကို ရဟန္တာအရှင်နာဂသေနမထေရ်က ဖြေကြားရာ၌. . .

"မင်းမြတ်. . . သေဆုံးကုန်သော ဘီလူး ပြိတ္တာဟို့၏ ကိုယ်ကောင်ကို တွေ့မြင်ရ၏။ ထိုဘီလူးပြိတ္တာတို့၏ အပုပ်နံ့ သည် လှိုင်၏။

မင်းမြတ်. . . သေကုန်သော ဘီလူး ပြိတ္တာတို့ကို ပိုးကောင်အသွင်ဖြင့်လည်း တွေ့ရ၏။ ပေါက်ဖတ်အသွင်ဖြင့် လည်း တွေ့ရ၏။ ခြပုန်းအသွင်ဖြင့်လည်း တွေ့ရ၏။ ပိုးနံ့ကောင် အသွင်ဖြင့်လည်း တွေ့ရ၏။ ကင်ခြေများအသွင်ဖြင့်လည်း တွေ့ရ၏။ ငှက်အသွင်ဖြင့်လည်းတွေ့ရ၏။ သမင်အသွင်ဖြင့် လည်း တွေ့ရ၏" ဟု ဟောတော်မူသည်။

(မိလိန္ဒပဉှာမြန်မာပြန်၊ နှာ-၂၈၂)

## နတ်များ

နတ်ဟူသည် နာထ-ဟူသော ပါဠိဘာသာစကား ဖြစ်သည်။ ကိုးကွယ်ဆည်းကပ်ထိုက် အားကိုးထိုက်သူများဟု အဓိပ္ပာယ်ဆိုလိုပါသည်။

နတ်တို့သည်. . .

(၁) ဘုမ္မစိုးနတ် (၂) အာကာသစိုးနတ် ဟူ၍ နှစ်မျိုး ရှိသည်။

<u>ဘုမ္မစိုးနတ်</u>

လူတို့၏တည်ရှိရာ မြေအပြင်၌ ဗိမာန်ဖြင့်သော်လည်းကောင်း၊ သစ်ပင်တောင်လှိုဏ်ဂူ၊ မြစ်ချောင်း စသည်၌ အစိုးရသော နတ်တို့ဖြစ်သည်။ ပါဠိစာပေတွင် ဖော်ပြထားသော သာတာဂီရိနတ်၊ ဟေမဝတနတ်၊ ပရမီသွာနတ်၊ အာဠဝက နတ် စသည်တို့သည် ဘုမ္မစိုးနတ်တို့ဖြစ်သည်။

ဘုမ္မစိုး၊ ရုက္ခစိုး နတ်တို့မှာ ပဋိသန္ဓေအားဖြင့် သံသေဒဇ (ရေအညှိ၊ ကြာတိုက်၊ ဝါးပင် စသည်၌စွဲ၍ဖြစ်သောပုဂ္ဂိုလ်များ ဥပပါဒ်-တစ်ခဏချင်း ရုတ်တရက်ဖြစ်ပေါ်လာသော) ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ လူတို့အသွင်နှင့်မခြား ခန္ဓာကိုယ်ရှိကြသည်။ ကမ္မဇိဒ္ဓိတန်ခိုးရှိကြသောကြောင့် မိမိတို့ကို မြင်စေလိုမှ သူတစ်ပါးတို့က မြင်ရသည်။ မမြင်စေလိုက ကွယ်ဝှက်နိုင်ကြသည်။

## အာကာသစိုးနတ်

စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တီဟူသော နတ်ပြည်ခြောက်ထပ်ရှိနတ်များသည် အာကာသစိုးနတ်များဖြစ်ကြသည်။ ဥပပါဒ်ပဋိသန္ဓေနေသောနတ်များ ဖြစ်ကြသည်။



# သင်္ဂါယနာတင်ကျမ်းလာ
# နာနာဘာဝများအကြောင်း

# အခန်း (၂)

## သင်္ဂါယနာဝင်ကျမ်းလာ နာနာဘာဝများအကြောင်း

သင်္ဂါယနာဝင် ပါဠိအဋ္ဌကထာဋီကာကျမ်းကြီးများ၌ ပရလောကသား ပြိတ္တာတစ္ဆေစသော နာနာဘာဝပုဂ္ဂိုလ်များ၏ အကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားကြပါသည်။

---

### ပြိတ္တာများ

ပြိတ္တာဟူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်လေးဘုံသားသတ္တဝါတို့တွင် ပါဝင်၏။

---

လူ့ပြည်လောကအတွင်းမှာပင် တောချုံပိတ်ပေါင်း တောင်စောင်း လိုဏ်ဂူစသည်တို့တွင် မှီခို၍ ဆင်းရဲကြီးစွာခံစား ကြရသော သတ္တဝါတစ်မျိုးဖြစ်သည်။

ပြိတ္တာဖြစ်ရသူတို့မှာ လူ့ပြည်လူ့လောကတွင် လူဖြစ်ခဲ့ စဉ်က ငြူစူဝန်တိုခြင်းများခဲ့၏။ မိမိကိုယ်တိုင်လည်း ပေးကမ်း လှူဒါန်းခဲ့ခြင်းမရှိ။ သူတစ်ပါးတို့ ပေးကမ်းလှူဒါန်းသည်ကိုလည်း တားမြစ်ခဲ့ အန္တရာယ်ပြုခဲ့သူတို့သည် ပြိတ္တာဖြစ်ကြရသည်။ မိမိ တို့ ပြုလုပ်ခဲ့သော မကောင်းမှုတို့ကြောင့် ပြိတ္တာတို့သည် ထမင်း ငတ်ခြင်း၊ ရေမွတ်သိပ်ခြင်းစသော ဆင်းရဲဒုက္ခတို့ကို ခံစားလျက် နှစ်ပေါင်းရာထောင်သိန်းသန်းတို့ ကာလပတ်လုံးဖြစ်စေ၊ ဘုရား တစ်ဆူနှင့်တစ်ဆူ ကြားကာလပတ်လုံးဖြစ်စေ မကျွတ်မလွတ် နိုင်ဘဲ ရှိနေကြကုန်၏။

သို့သော် အကုသိုလ်ကံ အရှိန်မကုန်သဖြင့် ကွယ်လွန် သေဆုံးခြင်းမရှိ အသားအသွေးမရှိ အရေအကြောတို့သာ ရှိ၏။ အလွန်ဆိုးဝါးသော အဆင်းသဏ္ဌာန်ရှိကြသည်။ ပြိတ္တာ၏ကိုယ် ပမာဏသည် ထန်းလုံးပမာဏရှိ၏။ အရေသည် ကြမ်းတမ်း၏။ ဖောက်ပြန်၍ ဖရိဖရဲကျဲသောဆံပင်ရှိ၏။ အလွန်ဖောက်ပြန် ဆိုးဝါး၍ ရွံရှာစက်ဆုပ်ဖွယ်ဖြစ်၏။

(ပေတဝတ္ထု၊ အဋ္ဌကထာ၊ နှာ-၉၄)

## ပြိတ္တာလေးမျိုး

၁။ ပရဒတ္တူပ ဇီဝိတ ပြိတ္တာ။
၂။ ခုပ္ပိပါသိက ပြိတ္တာ။
၃။ နိဇ္ဈာမတဏှိကာ ပြိတ္တာ
၄။ ကာလကဥ္စိက ပြိတ္တာ တို့ဖြစ်ကြသည်။

### ၁။ *ပရဒတ္တူပ ဇီဝိတ ပြိတ္တာ*

သူတစ်ပါးတို့ ပေးအပ်သော အစာကို အမှီပြု၍ အသက်ရှင်ရသော ပြိတ္တာသည် ပရဒတ္တူပ ဇီဝိတပြိတ္တာဖြစ်သည်။

### ၂။ *ခုပ္ပိပါသိက ပြိတ္တာ*

ထမင်းငတ်ခြင်း၊ ရေမွတ်သိပ်ခြင်း မပြတ်နှိပ်စက်ခံနေရသော ပြိတ္တာသည် ခုပ္ပိပါသိကပြိတ္တာဖြစ်သည်။

### ၃။ *နိဇ္ဈာမတဏှိကာ ပြိတ္တာ*

အမြဲအကြွင်းမဲ့ လောင်ကျွမ်းခြင်း ခံနေရသဖြင့် ပူပန်ခြင်းရှိသောပြိတ္တာသည် နိဇ္ဈာမတဏှိကာ ပြိတ္တာ ဖြစ်သည်။

### ၄။ *ကာလကဥ္စိက ပြိတ္တာ*

အသူရကာယ်ဟု သီးခြားခေါ်ဝေါ်အပ်သော ပြိတ္တာသည် ကာလကဥ္စိက ပြိတ္တာဖြစ်သည်။

---

## အပါယ်ဘုံသားမဟုတ်သော ပြိတ္တာများ

အပါယ်လေးဘုံတွင် ပြိတ္တာဘုံပါဝင်ကြောင်း ပြိတ္တာတို့သည် အပါယ်ဘုံသားများဖြစ်ကြောင်း အောက်တွင်ဖော်ပြခဲ့ပါသည်။

သို့သော် အပါယ်ဘုံသားမဟုတ်သော ပြိတ္တာများရှိပေသေးသည်ဟု ဗုဒ္ဓကျမ်းစာပါဠိအဋ္ဌကထာတို့တွင် ဖော်ပြထားပါသည်။

အပါယ်ဘုံ၌ အကျုံးဝင်သူ ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယသတ္တဝါတို့သည် အဘိဓမ္မာဒေသနာတော်အရ အဟိတ်ပဋိသန္ဓေနေခဲ့ကြသူများ ဖြစ်ကြ၏။ အချို့ပြိတ္တာတို့သည် သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ် ပဋိသန္ဓေနေကြရသည်။ ထိုပြိတ္တာတို့ကိုကား အပါယ်ဘုံသားဟု မခေါ်ရတော့ချေ။ ပြိတ္တာပင် ဖြစ်လင့်ကစား သုဂတိအဟိတ်စသော ပဋိသန္ဓေဖြင့် ဖြစ်လာကြလျှင် စတုမဟာရာဇ်ဘုံသားအဖြစ် အကျုံးဝင်လာကြသည်။ သို့သော် စတုမဟာရာဇ်နတ်များကဲ့သို့ တန်ခိုးကြီးမားခြင်း မရှိကြပေ။

ဗုဒ္ဓဘုရားရှင်လက်ထက်တော်က သူစိလောမဘီလူး၊ ခရလောမဘီလူး၊ ပိယင်္ကရမာတာဘီလူးမ၊ ဥတ္တရမာတာဘီလူးမတို့သည် ပြိတ္တာမျိုးဝင် ဝိနိပါတိက အသူရာမတို့ပင်ဖြစ်ကြ၏။ သို့သော် ယင်းတို့မှာ တိဟိတ်ပဋိသန္ဓေနေရသော အထက်တန်းစားများဖြစ်ကြ၍ တရားထူးကို ရနိုင်ကြသည်။

အင်္ဂုတ္တရ အဋ္ဌကထာ ဝိနိပါတိက အသူရာအကြောင်းကို ဖွင့်ဆိုရာတွင် အပါယ်လေးပါးမှလွတ်သော ဥတ္တရမာတာ

ပီယက်ရမာတာ၊ ဖုဿမိတ္တာ ဝမ္မရတ္တာ စသော အခြားဝေမာ နိကပြိတ္တာတို့သည် ရှိကုန်၏။ ထိုဝေမာနိကပြိတ္တာတို့သည် အဝါ၊ အဖြူ၊ အညို၊ ကြမ်းပိုးရေအဆင်း၊ ရွှေရောင်အဆင်း စသော အရောင်အဆင်းဖြင့်လည်းကောင်း အပိန်၊ အဝ၊ အတို၊ အရှည် ကိုယ်နေကိုယ်ဟန်ဖြင့်လည်းကောင်း ခန္ဓာကိုယ်သည် အမျိုးမျိုး ဖြစ်၏။ ပဋိသန္ဓေသည်လည်း လူတို့ကဲ့သို့ ဒွိဟိတ်၊ တိဟိတ်နှင့် အဟိတ်ဟူ၍ အမျိုးမျိုးပင် ဖြစ်၏။ အပါယ်ဘုံသားတို့ကဲ့သို့ အဟိတ်ပဋိသန္ဓေ တစ်ခုတည်း မဟုတ်ကြပါ။ ထိုဝေမာနိက ပြိတ္တာတို့သည် စတုမဟာရာဇ် တာဝတိံသာအစရှိသော နတ်တို့ ကဲ့သို့လည်း တန်ခိုးမကြီးကုန်။ အထီးကျန်သော လူတို့ကဲ့သို့ တန်ခိုးနည်းကုန်၏။ အစားအဝတ်ရခဲသဖြင့် ငတ်မွတ်သော ဆင်းရဲရှိကုန်၏။ အချို့မှာ လဆုတ်ပက္ခ၌ ဆင်းရဲခံရပြီးလျှင် လဆန်းပက္ခ၌ ချမ်းသာခံစားကြရကုန်၏။ ထိုသို့ချမ်းသာ အပေါင်းအစုမှ ပျက်ဆီး၍ ကျရောက်သည်၏အဖြစ်ကြောင့် ဝိနိပါတိက ဟု ခေါ်ဆိုရကုန်၏။ ထိုဝိနိပါတိကအသူရာခေါ် ဝေမာနိကပြိတ္တာတို့သည် အမျိုးမျိုးရှိ၍ တိဟိတ်ပဋိသန္ဓေနေသူ တို့သည် အကျွတ်တရားရကြကုန်၏။

(အင်္ဂုတ္တရအဋ္ဌကထာ၊ တတိယတွဲ၊ ၁၆၃/
သုတ်မဟာဝါ အဋ္ဌကထာ၊ ၃၁-၀၀၀)

---



ဗုဒ္ဓတော်အဋ္ဌကထာလာ

ပြိတ္တာတို့၏ ဝတ္ထုများ

# အခန်း (၃)

## ပါဠိတော်အဋ္ဌကထာလာ ပြိတ္တာတို့၏ ဝတ္ထုများ

### ပရဒတ္တူပဇီဝိတ (သူတစ်ပါးပေးလှူမှုရသော) ပြိတ္တာ

မြတ်စွာဘုရားလက်ထက်တော်အခါက အဇာတသတ်မင်းသည် ဒေဝဒတ်၏တိုက်တွန်းချက်အရ ခမည်းတော်ဗိမ္ဗိသာရမင်းကြီးကို လုပ်ကြံ၍ နန်းတက်၏။ နောက်မှ နောင်တကြီးစွာရသဖြင့် စက်တော်၌မပျော်နိုင်ဘဲ နန်းတော်ပြာသာဒ်အထက်ဆင့်၌ စင်္ကြံသွားနေစဉ် ကောင်းကင်၌ ပြိတ္တာတစ်ကောင်ကို တွေ့ မြင်ရသည်။

ထိုပြိတ္တာမှာ အသွေးအသားကင်း၍ အရိုးအကြောနှင့် အရေသာရှိပြီး အဝတ်အစားမရှိ။ ဦးခေါင်းပြောင်ပြောင်နှင့် သွားနေသည်။ အဇာတသတ်မင်းက ဈာန်ဖြင့်ကြွသွားသော တိတ္ထိရဟန်းဟုထင်မှတ်၍ လှမ်း၍မေးသည်။ သို့သော် သူက ပြိတ္တာဟုပြော၍ သူသည် ဗာရာဏသီရှိ သမီးထံသွား၍ သူမက သူ့ကို ညွှန်းရည်သန်၍ လှူဒါန်းသောကုသိုလ်အဖို့ကိုယူမည်ဟုပြော၏။

အဇာတသတ်မင်းက အပြန်တွင် သူ့ထံဝင်ရောက်ပါရန် ပြော၏။ ပြိတ္တာသည် မထူးခြားပြန်လာရာ အဇာတသတ်မင်းက အကြောင်းကို မေးသည်။ ပြိတ္တာက သူ၏သမီးသည် ဒုဿီလတို့ကို ရည်ညွှန်းပြီး လှူဒါန်းသောကြောင့် အလှူ၏အကျိုး မထူးခြားပုံကို ပြောပြသည်။

အဇာတသတ်မင်းက ထိုပြိတ္တာအတွက် မြတ်စွာဘုရားထံ ရည်ညွှန်း၍လှူသောအခါ ထိုပြိတ္တာမှာ ဒါန၏အကျိုးကို ရသည်။

သို့ဖြစ်၍ ပြိတ္တာတို့ကို ရည်ညွှန်း၍ လှူဒါန်းရာ၌ ပုဂ္ဂိုလ်ကို ရွေးချယ်စိစစ်၍ လှူသင့်သည်။ အလှူခံပုဂ္ဂိုလ် မမြတ်က အကျိုးပေးအရ နည်းသည်။ အလှူခံပုဂ္ဂိုလ်မြင့်မြတ်မှ အကျိုးပေးမြင့်မြတ်၏။

(ပေတဝတ္ထု မြန်မာပြန် စူဠသေဋ္ဌိပေတဝတ္ထု နှာ-၁၅၁)

## အမွှီနပေတဝတ္ထု (သရက်တောနေ) ပြိတ္တာ

သူကြွယ်တစ်ယောက်သည် ဥစ္စာပစ္စည်းလျော့ပါးပျက်စီးသွားသဖြင့် ကုန်ကူးသန်းရောင်းဝယ်နေ၏။

တစ်နေ့တွင် သူ၏သမီးကို မိတ်ဆွေတစ်ယောက်၏အိမ်တွင် ခေတ္တအပ်နှံ၍ ကုန်ကူးသန်းသွားရာ ငွေ ၅၀၀ ရ၏။ သူသည် ငွေ ၅၀၀ကို ယူ၍ပြန်လာရာ လမ်းတွင်ခိုးသူတို့နှင့် တွေ့၏။ သူသည်ငွေကို တစ်နေရာ၌ ဝှက်ထား၍ ပုန်းအောင်းနေသည်။ ခိုးသူတို့က တွေ့မြင်သွားကြသဖြင့် သူ့ကို သတ်လိုက်ကြသည်။ သူသည် ငွေကို စွဲ၍သေဆုံးသွားသဖြင့် ပြိတ္တာဖြစ်သွား၏။

နောက်တွင် အခြားလှည်းကုန်သည်တို့ကို တွေ့ရ၍ ကိုယ်ထင်ပြပြီး အကျိုးအကြောင်းကို ပြောပြ၏။ ငွေသား ၅၀၀ ကိုထုတ်ပေးပြီး သူ၏သမီးအား တစ်ဝက်ပေးရန်နှင့် ကုသိုလ်ပြု၍ သူ့ကို အမျှပေးဝေရန် မှာကြား၏။ ထိုကုန်သည်တို့က သူ၏သမီးထံ သွား၍ငွေတို့ကို ပေး၍ အကြောင်းစုံကို ပြောပြကြ၏။ သူ၏သမီးက ယာဂုဆွမ်းနှင့်သရက်သီးတို့ကို သံဃာတော်တို့အား လှူဒါန်း၍ အမျှပေးဝေသည်။ သူက သာဓုခေါ်နိုင်သဖြင့် လူ့ဘဝသို့ ပြန်ရောက်ရသည်။

(ပေတဝတ္ထု ပါဠိမြန်မာပြန်၊ နှာ-၂၁၃၊ ပေတဝတ္ထု အဋ္ဌကထာ နှာ -၂၅၆)

## သုတ္တပေတဝတ္ထု (သက်ရှည်နပျိုသော) နတ်ပြိတ္တာ

ဗုဒ္ဓမြတ်စွာဘုရားမပွင့်မီ အနှစ် (၇၀၀) ကျော်က သာဝတ္ထိမြို့မှ မနီးမဝေးရှိ ရွာတစ်ရွာတွင် လူငယ်တစ်ဦးသည် ပစ္စေကဗုဒ္ဓါတစ်ပါးကို လုပ်ကျွေးဖူး၏။

ထိုလူငယ်အရွယ်ရောက်သော် အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ထိမ်းမြားသောနေ့မှာပင် သူငယ်ချင်းများနှင့်အတူ မြစ်ဆိပ်သို့ ရေချိုးသွားရာ မြွေကိုက်ခံရ၍ သေဆုံးသွားရသည်။

မှစ္စေကဗုဒ္ဓါအား လုပ်ကျွေးခဲ့သော ကုသိုလ်ရှိသော်လည်း ချစ်သူအမျိုးသမီး၌စွဲလမ်းသော စိတ်ကြောင့် ပြိတ္တာဖြစ်ရသည်။ ကုသိုလ်အဟုန်ကြောင့် တန်ခိုးနှင့်ပြည့်စုံရသည်။

ထိုပြိတ္တာသည် ဗိမာန်၌တန်ခိုးကြီးစွာနေရသော်လည်း ချစ်သူအမျိုးသမီးကို စွဲလမ်းနေသဖြင့် တစ်နေ့တွင် ထိုအမျိုးသမီးကို ကုသိုလ်ပြုစေပြီးလျှင် မိမိ၏ဗိမာန်သို့ ဆောင်ယူလေသည်။ အမျိုးသမီး၏မိခင်အားလည်း အိုးခွက်တို့နှင့်အပြည့် ရွှေငွေတို့ကို ပေးခဲ့လေသည်။ ချစ်သူအမျိုးသမီးသည် ထိုဗိမာန်၌ ချစ်သူဖြစ်နေသော နတ်ပြိတ္တာနှင့် အနှစ် (၇၀၀) လုံးလုံးနေထိုင်သည်။ အနှစ် (၇၀၀) နေထိုင်ပြီးနောက် ငြီးငွေ့သဖြင့် လူ့ပြည် ပြန်ခွင့်တောင်း၍ နတ်ပြိတ္တာက လိုက်ပို့၏။ လူ့ပြည်သို့ ရောက်

ကြ၏။ အိုမင်းသွားကာ (၇) ရက်အတွင်း ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ပြီး ကွယ်လွန်သွားသည်။

လူအဖြစ်ဖြင့် နတ်ပြိတ္တာထံ၌ အနှစ် (၇၀၀) နေထိုင်ခြင်း အနှစ် (၇၀၀) လုံးလုံးနုပျိုနေခြင်းမှာ လှပတင့်တယ်ရှုချင်စဖွယ် အသားအရေရှိနေခြင်းတို့မှာ နတ်၌ဖြစ်သော ဥတု၊ အာဟာရ တို့က ထောက်ပံ့သောကြောင့်လည်းကောင်း ကံ၏အကျိုး ကြောင့်လည်းကောင်း ဤမျှကြာမြင့်စွာ ငယ်ရွယ်နုနယ်စွာ တည်နေနိုင်ခြင်းဖြစ်သည်။

လူ့ပြည်သို့ ရောက်သွားသောအခါ လူတို့၏ဥတု အာဟာရတို့၏ကြမ်းတမ်းမှုကြောင့် အိုမင်းသွားရကာ သေဆုံးသည်။

(ပေတဝတ္ထုပါဠိ မြန်မာပြန် ၁၃၅၊ ပေတဝတ္ထု အဋ္ဌကထာ)

---

## ကဏ္ဏမုဏ္ဍပေတဝတ္ထု (နှေ့စံညဉ့်ခံ) ပြိတ္တာမ

ကဿပဘုရားရှင်လက်ထက်က ဥပါသိကာမတစ်ဦးသည် သူတော်ကောင်းဥပါသကာတစ်ယောက်နှင့် လက်ထပ်ကာ အတူနေကြသည်။

---

မယားသည် အကျင့်ဖောက်ပြန်၏။ သေသောက်ကြူး သမားတစ်ယောက်နှင့် ဖောက်ပြန်၏။ လင်ယောကျ်ားက မေးလျှင် အမှန်ကို မပြောပေ။ "မိမိဖောက်ပြားလျှင် ဖြစ်လေရာဘဝတိုင်း ခွေးစားခံရပါစေ" ဟု ကျိန်ဆိုခဲ့ဖူး၏။ သို့သော် ကဿပလက်ထက်က တရားအားထုတ်ခဲ့ဖူးသည်။

ထိုဘဝမှကွယ်လွန်သော် ထိုမိန်းမသည် ဟိမဝန္တာတောကဏ္ဏမုဏ္ဍရေအိုင်အနီး၌ ပြိတ္တာမဖြစ်ရ၏။ ဝေမာနိကပြိတ္တာမျိုးဖြစ်ဟန်ရှိသည်။ တရားအားထုတ်ဖူးသော ကုသိုလ်ကြောင့် နေ့အချိန်တွင် နတ်စည်းစိမ်ကို ခံစားရ၏။ ညအခါ၌မူ လင်ယောကျ်ားအပေါ် သစ္စာဖောက်၍ လိမ်လည်ကျိန်ဆိုခဲ့သော အကုသိုလ်ကြောင့် ခွေးနက်ကြီးတစ်ကောင်၏အစားကို ခံစားရ၏။

နှစ်ပေါင်းများစွာကြာလျှင် ယောကျ်ားမရှိသဖြင့် ငြီးငွေ့သောကြောင့် သရက်သီးတို့ကို မြစ်ထဲတွင် မျှော၍လူသားတို့ကို သွေးဆောင်ခေါ်ယူကာ ပျော်ပါးနေ၏။ တစ်နေ့တွင် အမဲလိုက်ထွက်လာသော ဗာရာဏသီမင်းကြီးနှင့် တွေ့၍ ပြိတ္တာမနှင့် ပေါင်းသင်းနေကြပြန်၏။

နောက်ကာလတစ်နေ့တွင် ညအချိန်ရောက်လျှင် ဗိမာန်ပြင်ပသို့ ထွက်သွားသော ပြိတ္တာမကို မင်းကြီးက နောက်ယောင်ခံ

လိုက်၍ကြည့်ရာ ခွေးနက်ကြီးက ကိုက်စားနေပုံကို တွေ့ရသည်။ မင်းကြီးသည် ဆက်မနေတော့ဘဲ ဗာရာဏသီပြည်သို့ ပြန်သွားလေသည်။

(ပေတဝတ္ထုပါဠိ-၁၆၃၊ ပေတဝတ္ထုအဋ္ဌကထာ ၁၄၀၊ အင်္ဂုတ္တရ ဋီကာ တတိယတွဲ ၁၇၁)

---

## ဘီလူးမပြိတ္တာနှင့် သားနှစ်ယောက်

ရှေးအခါက သီဟိုဠ်ကျွန်း (သီရိလင်္ကာ) နိုင်ငံတွင် အနုရာဓမြို့တော်၌ ဘီလူးပြိတ္တာမတစ်ယောက်သည် အစာရှာထွက်စဉ် သားငယ်နှစ်ယောက်တို့ကို ထူပါရုံစေတီတော်မုခ်ဝ၌ ထားခဲ့ပြီးလျှင် အစားအစာရရန် မြို့တွင်းသို့ ဝင်ရောက်သည်။

သားငယ်နှစ်ယောက်တို့သည် ဆွမ်းခံကြွလာသော ရဟန်းတော်တစ်ပါးကို မြင်၍ . . .

"အရှင်ဘုရား . . တပည့်တော်တို့ အမေဟာ မြို့ထဲကို အစာရှာသွားပါတယ်၊ တပည့်တော်တို့ရဲ့မိခင်ကို မှာလိုက်ပါရစေ၊ ရရသမျှ အစားအစာကို ယူ၍ အမြန်လာပါတော့၊ သားနှစ်ယောက်တို့ ဆာလောင်လှပါပြီ၊ မနေနိုင်မထိုင်နိုင် ဒုက္ခခံစားနေရပါတယ်ဟု ပြောပြပေးပါ ဘုရား" ဟု မှာကြားလိုက်ကြ၏။

ရဟန်းတော်က. . .

"သင်တို့ရဲ့မိခင်ကို ငါ ဘယ်လိုမြင်နိုင်ပါမလဲ"

ဟု မေးသည်။

ပြိတ္တာကလေးနှစ်ကောင်က . . .

"အရှင်ဘုရား. . . ဒီဆေးမြစ်ကို ယူသွားပါ၊ မြင်နိုင်ပါတယ်"

ဟုဆိုကာ ဆေးမြစ်တစ်ခုကို ရဟန်းတော်အား ပေးကြသည်။

ဆေးမြစ်ကို ရလျှင် ရဟန်းတော်သည် ဘီလူးပြိတ္တာများစွာတို့ကို မြင်ရ၏။ ရဟန်းတော်သည် ဘီလူးကလေးနှစ်ကောင်က ပေးသော အမှတ်အသားဖြင့် ထိုဘီလူးမပြိတ္တာကို မြင်ရသည်။ ဆိုးဝါးသော ရုပ်သွင်၊ ကြောက်မက်ဖွယ်အဆင်းဖြင့် လမ်းပေါ်တွင် ကိုယ်ဝန်အညစ်အကြေးတို့ကို ရှာဖွေစောင့်မျှော်နေသည်ကို တွေ့ရသည်။

ဘီလူးပြိတ္တာမက . . .

"အရှင်ဘုရား. . . အဘယ်ကြောင့် တပည့်တော်မကို မြင်ရပါသလဲ"

ဟုမေး၏။

ရဟန်းတော်က . . .

"သင်ရဲ့သားနှစ်ယောက်ကပေးလိုက်တဲ့ ဘီးလူးမြင်ဆေးမြစ်ဖြင့် ကြည့်၍မြင်ရပါတယ်"

ဟု ပြောသည်။

ထိုအခါ ဘီလူးမသည် ရဟန်းတော်၏လက်မှ ဆေးမြစ်ကို လုယူ၍ ထွက်ပြေးသည်။

(မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ တတိယတွဲ နှာ ၁၈၇)

---

## ဥစ္စုပေတဝတ္ထု (ကြံခင်းစောင့်) ပြိတ္တာ

*ခရီးသွားသားအဖနှင့် ကြံခင်းစောင့်ယောကျ်ား*

ဗုဒ္ဓမြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ ဝါဆိုတော်မူစဉ်က ဖြစ်ပါသည်။

ကြံခင်းစောင့်ယောကျ်ားတစ်ယောက်သည် ကြံစည်းကိုထမ်းကာ ကြံတစ်ချောင်းကို စား၍သွား၏။ သီလရှိသော စိတ်နေသဘောထားကောင်းသော အခြားယောကျ်ားတစ်ဦးသည် သားငယ်တစ်ယောက်နှင့်အတူ ထိုကြံစည်းထမ်းသော ယောကျ်ား၏ နောက်မှ လိုက်၏။ သားကလေးက ကြံကိုမြင်၍ စားချင်သဖြင့် ငို၍တောင်းလိုက်၏။ ကလေးချီလာသော ယောကျ်ားသည် ကလေးကို ချော့မော့ရန် ကြံစည်းရှင်ယောကျ်ားအား

တောင်းပန်၍ ကြံတစ်ချောင်းပေးပါရန် ပြော၏။ ကြံစည်းရှင်ယောက်ျားသည် ထိုကလေးနှင့်ဖခင်ယောက်ျားကို စကားတစ်ခွန်းမျှ ပြန်မပြောပေ။ ကလေးအတွက်လည်း ကြံတစ်ချောင်းမှ မပေးချေ။

ကလေးဖခင်ယောက်ျားသည် ထိုကလေးကိုပြ၍ . . .

"မိတ်ဆွေရယ်၊ ဒီကလေးဟာ အလွန်ငိုနေပါတယ်၊ သူ့အတွက် ကြံတစ်ဆစ်ပေးပါလော"

ဟု တောင်းပန်ပြန်၏။

ကြံစည်းရှင်ယောက်ျားက . . .

"အိုဗျာ. . . ရှုပ်လိုက်တာ၊ ခရီးသွားတုန်း အနှောင့်အယှက်ဖြစ်လိုက်တာ၊ ရှော့ဗျာ . . ."

ဟုဆိုကာ စိတ်ဆိုးမာန်ဆိုးဖြင့် မရှိမသေ မလေးမစား ကြံတစ်ချောင်းကို နောက်ပြန်ပစ်ပေးလိုက်၏။

*ပြိတ္တာဘဝရောက်ရ*

ထိုကြံစည်းရှင်ယောက်ျားသည် ထိုဘဝမှသေလွန်လေလျှင် လူ့ဘဝက လောဘ၊ ဒေါသ၊ မောဟ၊ အကုသိုလ်၏အစွမ်းကြောင့် ပြိတ္တာဘုံ၌ ဖြစ်ရ၏။ သူသည် ရှစ်ပယ်မျှကျယ်ဝန်းသော ကြံစိုက်ခင်းထဲ၌ အလွန်သန်မာထွားကျိုင်းပြီး လုံးတံပမာဏရှိသော ကြံခင်းတော၌နေရသည်။ သို့သော် သူသည် ကြံကိုယူမည်

ဟု စိတ်ကူး၍ ကြံခင်းထဲဆင်းလျှင် ကြံပင်တို့သည် သူ့အား ဆီးကြို၍ ရိုက်နှက်ကြသဖြင့် မူးမေ့လဲကျသွားရသည်။

သူတော်ကောင်းရဟန်းတော်နှင့်တွေ့

တစ်နေ့တွင် လက်ဝဲတော်ရံအဂ္ဂသာဝကမထေရ်ကြီး ဖြစ်သူ အရှင်မောဂ္ဂလာန်သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွ တော်မူသည်။ လမ်း၌ ထိုပြိတ္တာကို တွေ့ရ၏။

ပြိတ္တာက . . .

"အရှင်ဘုရား တပည့်တော်ရဲ့အဖြစ်ကို ကြည့်တော်မူပါ၊ ကြံခင်းထဲမှာနေရသော်လည်း မစားနိုင်တဲ့ဘဝရောက်နေရ ပါတယ်၊ ဒီအကြောင်းကို ဟောပြတော်မူပါ"

ဟု လျှောက်ထားသည်။

အရှင်မောဂ္ဂလာန်မထေရ်က . . .

"အို. . . ကြံခင်းစောင့်ပြိတ္တာ သင်ဟာ လွန်ခဲ့တဲ့ဘဝလူ ဖြစ်စဉ်က ကြံခင်းပိုင်ရှင်ဖြစ်ခဲ့တယ်၊ ခရီးသွားယောကျာ်းရဲ့သား ကလေးကို ကြံပေးတဲ့အခါ နောက်ပြန်ပေးခဲ့တယ်၊ ပေးရာမှာ လည်း စိတ်မပါဘဲ ဒေါသ (စိတ်ဆိုးခြင်း)၊ မစ္ဆရိယ (ဝန်တိုခြင်း) နဲ့ ပေးခဲ့လို့၊ အဲဒီ အကုသိုလ်အကျိုးကြောင့် ယခုဘဝမှာ သင် ဟာ ကြံပင်တွေကို မြင်ရတွေ့ရပေမယ့် မစားနိုင်ဖြစ်တယ်ဟု ဟောပြတော်မူသည်။

ထိုပြိတ္တာသည် အရှင်မောဂ္ဂလာန်ညွှန်ကြားသည့်အတိုင်း ကြံပင်တို့ကို နောက်ပြန်နှုတ်ယူစားလျှင် ကောင်းစွာစားနိုင်သည်။ ပြိတ္တာသည် မထေရ်၏ကျေးဇူးကို သိရှိပြီး ကြံစည်းကြီးတစ်ခုကို ယူ၍ မထေရ်အား လှူဒါန်းသည်။

## မြတ်ဘုရားထံတော်သို့

အရှင်မောဂ္ဂလာန်မထေရ်သည် ထိုပြိတ္တာကို ချီးမြှောက်လိုသဖြင့် ထိုကြံစည်းကြီးကို ထိုပြိတ္တာကိုပင် ထမ်းယူစေ၍ ဝေဠုဝန်ကျောင်းတော်သို့ ခေါ်ယူလာ၍ မြတ်စွာဘုရားအား ပေးလှူစေ၏။

မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်တကွ ကြံတို့ကို သုံးဆောင်တော်မူသည်။ ထိုပြိတ္တာသည် ကြည်လင်ရွှင်ပျသောစိတ်ဖြင့် ကြံခင်းသို့ ပြန်သွားသည်။ ထိုအခါမှစ၍ ကြံတို့ကို အလိုရှိသမျှ ကောင်းစွာ စားသောက်နိုင်သည်။ ပြိတ္တာဘဝမှ သေလွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရသည်။

(ဥစ္စုပေတဝတ္ထုပါဠိတော်၊ ပေတဝတ္ထုပါဠိ၊ မြန်မာပြန် ၂၀၆၊ ပေတဝတ္ထုအဋ္ဌကထာ ၂၄၀)

# ပိယက်ရမာတာ ဝေမာနိကပြိတ္တာမ

နံနက်ခင်းတရားသံ

မြတ်စွာဘုရားသီတင်းသုံးနေတော်မူသော ဇေတဝန်ကျောင်းတိုက်အတွင်း ကောသမ္ဗကမည်သော ကျောင်းဆောင်တွင် အရှင်အနုရုဒ္ဓမထေရ်သည် နံနက်စောစော၌ သာယာသော အသံဖြင့် ဓမ္မပဒ အပ္ပမာဒဝဂ်ကို သရဇ္ဈာယ်နေတော်မူခိုက်ဖြစ်သည်။

ထိုအခါ ပိယက်ရမည်သော သားငယ်ရှိသူ ပိယက်ရမာတာဝေမာနိကပြိတ္တာမသည် သားငယ်ပိယက်ရကို ရင်ခွင်ဖြင့်ပိုက်ချီ၍ ဇေတဝန်ကျောင်းတော်၏နောက်ဘက်မှစ၍ အစာရှာထွက်လာခဲ့၏။ သာဝတ္ထိမြို့ဘက်သို့ ရှေ့ရှုလျက် ကျင်ကြီးကျင်ငယ် တံတွေးနှပ်စသည့် မကောင်းဆိုးဝါးသော အစားအစာတို့ကို ရှာဖွေစဉ် အရှင်အနုရုဒ္ဓ၏သာယာသောတရားသံကို ကြားရသည်။

ထိုတရားသံသည် သူမ၏အရေထူအရေပါးတို့ကို ဖောက်ခွဲ၍ ရိုးတွင်းခြင်ဆီကို ထိခိုက်ကာ နှလုံးသို့ဆိုက်ရောက်သွားသည်။ ထိုအချိန်တွင် သူမမှာ အစာရှာဖွေခြင်းကို စိတ်မဝင်စား။ တရားသံကိုသာ နားစိုက်၍ ရပ်နေ၏။ သားဖြစ်သူပိယက်ရကား ငယ်ရွယ်သူဖြစ်၍ တရားနာခြင်း၌ စိတ်မဝင်စားချေ။

သူသည် ဆာလောင်မွတ်သိပ်လှသောကြောင့် . . .

"အို . . . အမေရယ်၊ ဘာကြောင့် ဒီနေရာမှာ သစ်ငုတ်တိုကြီးလို ရပ်နေပါသလဲ၊ ကျွန်တော့်အတွက် ခဲဖွယ်ဘောဇဉ်တို့ကို ဘာကြောင့် မရှာဖွေရပါသလဲ"

ဟု ထပ်ကာထပ်ကာ မိခင်အားမေးလေသည်။

ပိယင်္ကရမာတာက . . .

"ချစ်သားပိယင်္ကရ . . . အသံမပြုနဲ့ ရဟန်းတော်ဟာ တရားဓမ္မအစုကို ရွတ်ဆိုနေတယ်၊ ငါတို့ဟာ တရားဓမ္မအစုကို ကျင့်နိုင်မယ်၊ ငါတို့အတွက် အစီးအပွားဖြစ်နိုင် တယ်။

"သတ္တဝါတို့ကို မသတ်တော့ဘဲနေကြပါစို့၊ မမှန်တဲ့စကားကို မပြောဆိုကြပါစို့၊ မိမိတို့ရဲ့အကျင့်ကောင်းသီလကို ကျင့်သုံးကြပါမယ်၊ မြေဘုတ်ဘီလူးပြိတ္တာဘဝမှ လွတ်မြောက်နိုင်ပါမယ်"

ဟု နှစ်သိမ့်စကားပြော၏။

ဆက်လက်၍ တရားနာယူကြလေလျှင် သားအမိနှစ်ယောက်တို့သည် ထိုနေ့၌ပင် သောတာပန်တည်ကြလေသည်။

(သဂါထာဝဂ္ဂသံယုတ်ပါဠိနှင့် အဋ္ဌကထာ၊ ပိယင်္ကရ မာတာ ဝတ္ထု)

---

## ဥတ္တရမာတာ ဝေမာနိကပြိတ္တာမ

*မြတ်စွာဘုရား၏တရားပွဲ*

တစ်ရံရောအခါ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်က ဖြစ်သည်။

မြတ်စွာဘုရားသည် မွန်လွဲပိုင်းတွင် ရေသပ္ပာယ်တော်မူ၍ ဂန္ဓကုဋီတိုက်အတွင်း ထိုင်နေတော်မူ၏။ ထိုအခါ ရဟန်းတော်များစွာတို့သည် မြတ်စွာဘုရားထံ လာရောက်ကြ၍ တရားနာယူကြသည်။ မြတ်စွာဘုရားသည် ရဟန်းတို့အား နိဗ္ဗာန်နှင့်စပ်သော တရားကို ဟောတော်မူသည်။

*မြေဘုတ်ဘီလူးသားအမိ*

ထိုအချိန်တွင် ပုနဗ္ဗသုကမည်သော သားကြီးကိုလက်မှာ ဆွဲ၍ ဥတ္တရာမည်သော သမီးငယ်ကို ပွေ့ချီကာ ပုနဗ္ဗသုကသို့မဟုတ် ဥတ္တရမာတာခေါ် မြေဘုတ်ဘီလူးပြိတ္တာမသည် ဇေတဝန်ကျောင်းတော်တံတိုင်းအနီး၌ ကျင်ကြီးကျင်ငယ်၊ တံတွေး၊ နှပ် စသည်တို့ကို ရှာဖွေရင်းလျှောက်လာကြရာ ဇေတဝန် ကျောင်းတံခါးမုခ်အနားသို့ ရောက်လာကြသည်။

"အာနန္ဒာ- သပိတ်ကို ယူခဲ့လော့၊ သင်္ကန်းကို ယူခဲ့လော့၊ စားကြွင်းစားကျန်တို့အား စားဖွယ်ကို ပေးပါလော့"

ဟု မြွက်ဆိုသော မြတ်စွာဘုရား၏အသံတော်သည် ထက်ဝန်းကျင်ပျံ့နှံ့နေသည်။

ကျောင်းတော်တံခါးမုခ်အနီးသို့ ရောက်နေသော မြေဘုတ်ဘီလူးမ ဥတ္တရမာတာသည် . . .

"ဒီနေရာမှာ စားဖွယ်သောက်ဖွယ်တစ်စုံတစ်ရာကို ဝေဖန်ပေးကမ်းနေတာ ဖြစ်လိမ့်မယ်၊ ထောပတ်ဆီပျား တင်လဲ စတာတွေ ယိုဖိတ်ကျတဲ့အခါ ငါတို့ဟာ စားရမှာပဲ"

ဟု နှလုံးသွင်း၍ သားသမီးတို့နှင့်အတူ ဇေတဝန် ကျောင်းတွင်းသို့ ဝင်လာကြသည်။

ဇေတဝန်ကျောင်းစောင့်နတ်သည် သူမတို့ သားအမိကို ကျောင်းတွင်းသို့ မဝင်ရန် မတားမြစ်ဘဲ ခွင့်ပြုသည်။ မြတ်စွာဘုရား၏ ချိုမြိန်သာယာသော အသံတော်သည် အရေထူး အရေပါးစသည်ကို ဖောက်၍ ရိုးတွင်းခြင်းဆီသို့ ကျော်လွန်ကာ နှလုံးသားသို့ ဆိုက်ရောက်သည်။ ဥတ္တရမာတာသည် တရားကို စိတ်ဝင်စားစွာ နာယူနေစဉ် သားငယ်နှင့်သမီးငယ်တို့က အသံ စာစာဖြင့် အစာရှာဖွေပေးရန် တိုက်တွန်းသည်။

ဥတ္တရမာတာက . . .

"သားတို့ သမီးတို့. . . တရားနာယူနေတာကို အန္တရာယ် ကို မပြုကြနဲ့၊ ချစ်သမီးဥတ္တရာ. . . နတ်လူတို့ကို ဆုံးမတော်မူတဲ့

မြတ်စွာဘုရား၏တရားကို နာယူနေဆဲအခါမှာ ဆိတ်ဆိတ်နေကြပါလော၊ ချစ်သားပုန္နဗ္ဗက. . . ဆိတ်ဆိတ်နေပါလော"

ဟု တားမြစ်၏။

မြတ်စွာဘုရားကလည်း မိခင်ဥတ္တရမာတာနှင့်သားဖြစ်သူ ပုနဗ္ဗသုကတို့ကို သစ္စာလေးပါးကို ပြတော်မူ၏။ ထိုတရားတော်ကို နာကြား၍ ရပ်နေစဉ်မှာပင် မိခင်ဥတ္တရမာတာ မြေဘုတ်ဘီလူးမနှင့် သားဖြစ်သူ ပုနဗ္ဗသုကတို့သည် သောတာပန်တည်ကြသည်။ သမီးငယ်ဥတ္တရာသည်ကား အသက်အရွယ်အလွန်ငယ်လွန်းသဖြင့် တရားထူး မရရှိပေ။

(သဂါထာဝဂ္ဂသံယုတ်ပါဠိနှင့် အဋ္ဌကထာ)

---

## ပီဋ္ဌဝိတလိက (မြေညက်ယမင်းရုပ်ကလေး)

ဗုဒ္ဓမြတ်စွာဘုရားရှင် လက်ထက်တော်အခါက အနာထပိဏ်သူဌေးကြီးတွင် မြေးမကလေးတစ်ယောက် ရှိ၏။ ထိုမြေးမကလေးသည် မြေညက်ဖြင့် ပြုလုပ်ထားသော ယမင်းရုပ်ကို အလွန်နှစ်သက်၏။

---

တစ်နေ့တွင် သူမသည် မြေညက်ယမင်းရုပ်ကလေးနှင့် ကစားနေစဉ် ထိုအရုပ်ကလေးမှာ ကျကွဲသွားသည်။ မြေးမကလေးသည် "သမီးငယ်ကလေး သေပါပြီ" ဟု ဟစ်အော်ငိုကြွေးသည်။ အဘိုးဖြစ်သူ အနာထပိဏ်သူဌေးကြီးက အမျိုးမျိုး ချော့မော့သည် မရချေ။

အနာထပိဏ်သူဌေးကြီးက . . .

"မြေးမငယ်၊ သင့်ရဲ့သေဆုံးတဲ့သမီးအတွက် အလှူပေးအံ့" ဟု ဆိုကာ မြတ်စွာဘုရားနှင့် သံဃာတော်ငါးရာတို့ကို ပင့်ဖိတ်၍ဆွမ်းကပ်လှူဒါန်းသည်။ မြတ်စွာဘုရားက ဂါထာလေးပုဒ်ဖြင့် ဝမ်းမြောက်ဝမ်းသာ အနုမောဒနာတရားဟောတော်မူသည်။ ကောင်းကျိုးရရှိကြသည်။

(ဤ၌ ပြိတ္တာဝတ္ထု. . . ပေတဝတ္ထုဟု ဆိုသော်လည်း စင်စစ်ပေတဝတ္ထု မဟုတ်စေကာမူ ပေတဝတ္ထုပါဠိတော်၌ ဟောတော်မူသည်။)

(ပေတဝတ္ထုပါဠိနှင့် အဋ္ဌကထာ)
(နှာ- ၁၂၆)

---

## တိရောကုဋ္ဋပေတ (နံရံတံတိုင်းကြား) ဆွေမျိုးပြိတ္တာများ

*ဖုဿဘုရားရှင်၏ညီနောင်သုံးဦး*

လွန်ခဲ့သော ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ဖုဿမြတ်စွာဘုရားပွင့်တော်မူစဉ် ထိုဘုရားရှင်၏အမိကွဲညီနောင်သုံးယောက်တို့သည် သူတို့၏နောင်တော်ဖုဿဘုရားရှင်ကို ကျောင်း ဆွမ်းစသော အလှူကို ကြီးကျယ်စွာ ပြုလိုကြသည်။

ထိုမင်းသားညီနောင်သုံးဦးတို့၏ ဘဏ္ဍာစိုးဖြစ်သော သူကြွယ်သားတစ်ဦးသည် ဇနီးနှင့်တကွ ကြည်လင်သောသဒ္ဓါစိတ်ရှိ၏။ ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူဝတ္ထုတို့ကို ရိုသေစွာပေးလှူသည်။ တိုင်းအကြီးအမှူးယောကျ်ားသည် ထိုသူကြွယ်ကိုခေါ်၍ ဇနပုဒ်သားတို့နှင့်အတူ အလှူကိုပြုလုပ်စေသည်။ အချို့သော ဇနပုဒ်သားတို့သည် ထိပါးပုတ်ခတ်ဆန့်ကျင်သော စိတ်ရှိကြ၏။ ထိုသူတို့သည် အလှူကို အန္တရာယ်ပြုကြ၏။ လှူဖွယ်ဝတ္ထုတို့ကို မလှူဘဲ ကိုယ်တိုင်စားကြကုန်၏။ အလှူမဏ္ဍပ်တို့ကိုလည်း မီးရှို့ဖျက်ဆီးကြသည်။

*ပြိတ္တာဖြစ်ကြရသည်*

ထိုဘဝမှသေလွန်ကြသော် မင်းသားသုံးဦး ဘဏ္ဍာစိုးယောကျ်ားတို့သည် ပရိသတ်နှင့်တကွ နတ်ပြည်၌ ဖြစ်ကြကုန်၏။

အလှူကို ဆန့်ကျင်ဖျက်ဆီးသော သူတို့သည်ကား ငရဲ၌ ဖြစ်ကြရ၏။ အလှူကို ထက်သန်စွာပြုလုပ်သူတို့သည် နတ်ပြည်မှ နတ်ပြည်သို့ ဖြစ်ကြရ၍ ကိုးဆယ့်နှစ်ကမ္ဘာတိုင်တိုင်ကြာခဲ့သည်။ အလှူကို ဆန့်ကျင်ဖျက်ဆီးသူတို့သည် ငရဲမှငရဲသို့ ဖြစ်ကြရ၍ ကိုးဆယ့်နှစ်ကမ္ဘာတိုင်တိုင် ကြာခဲ့၏။

ထို့နောက် ဤဘဒ္ဒကမ္ဘာ၌ ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ အလှူကို ဆန့်ကျင်ဖျက်ဆီးသူတို့သည် ငရဲမှလွတ်မြောက်၍ ပြိတ္တာများ ဖြစ်လာကြသည်။ ထိုအခါ၌ လူတို့သည် မိမိတို့၏ ဆွေမျိုးပြိတ္တာတို့အတွက် အလှူပေးကြ၍ ဣဒံ နော ဉာတီနံ ဟောတု။

(ဤအလှူသည် ငါတို့၏ဆွေမျိုးတို့အား ဖြစ်စေသတည်း)ဟု ရည်ညွှန်း၍ အမျှပေးဝေကြသည်။ ထိုပြိတ္တာတို့သည် စည်းစိမ်ချမ်းသာကို ရရှိကြသည်။

ထိုအကြောင်းကို ကြားသိရ၍ ကိုးဆယ့်နှစ်ကမ္ဘာထက်က အကုသိုလ်ကြောင့် ပြိတ္တာဖြစ်ရသူတို့သည် ကဿပမြတ်စွာဘုရားထံ ချဉ်းကပ်ကြ၍ မေးလျှောက်ကြသည်။

"မြတ်စွာဘုရား. . . တပည့်တော်တို့လည်း သူတို့လို အလားတူ စည်းစိမ်ကို ရနိုင်ပါသလော"

ဟု မေးလျှောက်ကြသည်။

ကဿပမြတ်စွာဘုရားက . . .

---

"ပြိတ္တာတို့ ယခုအခါ၌ သင်တို့ မရနိုင်ကြသေး။ နောင်အခါ၌ ဂေါတမမည်သော မြတ်စွာဘုရားဟာ ပွင့်တော်မူလတ္တံ့။ အဲဒီဘုရားလက်ထက်မှာ ဗိမ္ဗိသာရမည်သောမင်းဟာ သင်တို့ရဲ့ ကိုးဆယ့်နှစ်ကမ္ဘာထက်က ဆွေမျိုးစပ်ခဲ့တယ်။ ဗိမ္ဗိသာရမင်းဟာ ဂေါတမမြတ်စွာဘုရားအား အလှူပေး၍ သင်တို့ကို ရည်ညွှန်း၍ အမျှပေးဝေလတ္တံ့."

ဟု မိန့်တော်မူသည်။ ထိုဗျာဒိတ်တော်စကားသည် ထိုပြိတ္တာတို့အတွက် နတ်ပြည်ရလတ္တံ့ ဟု ဆိုသကဲ့သို့ အတိုင်းမသိဝမ်းမြောက်ကြသည်။

ထို့နောက် ဘုရားတစ်ဆူနှင့် တစ်ဆူအကြား ကာလကို လွန်မြောက်သော် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသည်။ ရှေးဖုဿဘုရားရှင်၏ ညီနောင်သုံးဦးတို့သည် နောက်လိုက်တစ်ထောင်တို့နှင့်အတူ နတ်ပြည်မှ စုတေသေလွန်ခဲ့ကြ၍ မဂဓတိုင်း ပုဏ္ဏားမျိုး၌ဖြစ်ကာ အရွယ်ရောက်လျှင် ရသေ့ပြုလုပ်ကြ၍ ဂယာသီသအရပ်၌နေကြရာ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ ဟူသော ရသေ့ညီနောင်အမှူးပြု၍ အားလုံး ရဟန္တာဖြစ်ကြသည်။

<u>တရားနာခွင့်</u>

ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် ဓမ္မစကြာတရားဦးကို ဟောတော်မူ၏။ ပဉ္စဝဂ္ဂီငါးဦး

တို့ အစထား၍ ထိုရသေ့ညီနောင်သုံးဦး အမှူးပြုသော ရသေ့တစ်ထောင်ငယ် ကို တရားထူးရစေ၍ ရဟန္တာဖြစ်စေတော်မူသည်။

ထို့နောက် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ဗိမ္ဗိသာရမင်းကြီးကို တစ်သိန်းတစ်သောင်းကုန်သော အင်္ဂမဂဓတိုင်းသား ပုဏ္ဏားသူကြွယ်တို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်စေ၍ သောတာပန်ဖြစ်စေသည်။

ထို့နောက် ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားအမှူးပြုသော သံဃာတော်တို့ကို မိမိ၏နန်းတော်သို့ ကြီးစွာသော ဆွမ်းအလှူကို ပြုသည်။ ကိုးဆယ့်နှစ်ကမ္ဘာထက်က ဆွေမျိုးဟောင်းပြိတ္တာတို့သည် . . .

"ဗိမ္ဗိသာရမင်းကြီးက ငါတို့အတွက်အလှူပြုတယ်၊ ငါတို့ကို ရည်ညွှန်းကာ အမျှပေးဝေလိမ့်မယ်"

ဟုမျှော်လင့်၍ကောင်းစွာခြံရံ၍ စောင့်မျှော်နေကြသည်။ ဗိမ္ဗိသာရမင်းကြီးသည် ထိုပြိတ္တာတို့ကို သတိမရမိဘဲ ကုသိုလ်အဖို့ဘာဂ အမျှမပေးဝေမိပေ။ ပြိတ္တာတို့သည် မျှော်လင့်ချက်ကင်းမဲ့ကုန်၍ ညဉ့်အချိန်၌ မင်းကြီး၏နန်းတော်သို့ ဝင်ပြီးလျှင် အလွန်ကြောက်မက်ဖွယ်အသံကို ပြုကြ၏။

ဗိမ္ဗိသာရမင်းကြီးသည် အလွန်ကြောက်ရွံ့ထိတ်လန့်သဖြင့် နံနက်မိုးသောက်အလင်းရောက်လျှင် မြတ်စွာဘုရား၏ထံလာရောက်၍ ထိုအကြောင်းကို လျှောက်ထားသည်။

မြတ်စွာဘုရားက . . .

"မင်းကြီး. . . မကြောက်ပါနဲ့၊ သင်မင်းကြီးအတွက် ဘေးရန် အန္တရာယ်တစ်စုံတစ်ရာ မဖြစ်နိုင်ပါ၊ သင့်ရဲ့ဆွေမျိုးဟောင်းတို့ဟာ ပြိတ္တာဘုံမှာ ဖြစ်ကြရတယ်၊ သူတို့ဟာ ဘုရားနှစ်ဆူတို့အကြားမှာ မျှော်လင့်ချက်ကြီးစွာထား၍ ယမန့်မနေ့က သင်မင်းကြီးအလှူမှာ သူတို့ကို ရည်ညွှန်း၍အမျှဝေမည်ဟု မျှော်လင့်ထားကြတယ်။ ဒါပေမယ့် သင်မင်းကြီးက သူတို့ကို ရည်ညွှန်းပြီး အမျှမဝေခဲ့ဘူး၊ ဒါကြောင့် သူတို့က ကြောက်ဖွယ်အသံပြုကြတယ်" ဟု မိန့်တော်မူသည်။

ဗိမ္ဗိသာရမင်းကြီးက . . .

"မြတ်စွာဘုရား ယခုနောက်ထပ်ပေးလှူလျှင် ရနိုင်ပါသလား၊ ဆွေးမျိုးဟောင်းပြိတ္တာရနိုင်ကြပါသလား"

ဟု မေးလျှောက်သည်။

မြတ်စွာဘုရားက . . .

"မင်းမြတ်. . . ရနိုင်ပေ၏"

ဟု မိန့်တော်မူသည်။

မင်းကြီးသည် မြတ်စွာဘုရားကို "ယနေ့အဖို့ တပည့်တော်၏နန်းတော်သို့ ဆွမ်းအလှူခံကြွတော်မူပါ" ဟု ပင့်ဖိတ်သည်။

မြတ်စွာဘုရားသည် မင်းကြီး၏နန်းတော်သို့ နောက်ပါသံဃာနှင့်တကွ ကြွတော်မူ၍ ခင်းထားသောနေရာ၌ ထိုင်တော်

မူသည်။ ရှေး ဆွေမျိုးဟောင်းပြိတ္တာတို့သည် လာရောက်ကြ၍ တိရောကုဍ္ဍ (တံတိုင်းတစ်ဖက် နံရံတစ်ဖက်) စသည်တို့ကို ရပ်တည်နေကြကုန်၏။ မြတ်စွာဘုရားသည် ထိုပြိတ္တာအားလုံးကို မင်းကြီးအားမြင်အောင် တန်ခိုးဖြင့် ပြတော်မူ၏။

မင်းကြီးသည် ဆွမ်းအလှူကို ပေး၍ ဣဒံမေ ဉာတီနံ ဟောတု (ဤအလှူသည် ငါ၏ဆွေမျိုးဟောင်းပြိတ္တာတို့အား ဖြစ်စေသတည်း) ဟု ရည်ညွှန်း၍ အမျှပေးဝေသည်။ ထိုခဏ၌သာ ပြိတ္တာတို့အား ကြာနီ၊ ကြာညိုပန်းတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းအပ်သောရေကန်တို့သည် ဖြစ်ကုန်၏။ ပြိတ္တာတို့သည် ထိုရေကန်၌ ရေချိုး၍လည်းကောင်း၊ ရေသောက်၍လည်းကောင်း၊ ပူလောင်ခြင်း၊ ပင်ပန်းခြင်း ငြိမ်းအေးကြသည်။ ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်၏။ မင်းကြီးသည် ယာဂုစသော ခဲဖွယ်ဘောဇဉ်တို့ကို ပေးလှူ၍ အမျှပေးဝေသည်။

ထိုပြိတ္တာတို့သည် ထိုခဏ၌သာလျှင် နတ်၌ဖြစ်သော ယာဂုခဲဖွယ်ဘောဇဉ်၊ အဝတ်ပုဆိုး၊ အခင်း၊ အရုံအိပ်ရာ နေရာ ဘုံဗိမာန်တို့ကို ရရှိကြသည်။ မြတ်စွာဘုရားက မင်းကြီးမြင်အောင် အဓိဋ္ဌာန်ဖြင့် ပြတော်မူသည်။ ဗိမ္ဗိသာရမင်းကြီးသည် အလွန်ဝမ်းမြောက်လေသည်။

(ပေတဝတ္ထုပါဠိတော်၊ မြန်မာပြန် ၁၂၇)

## ကာလကဉ္စိကပြိတ္တာ

ကာလကဉ္စိကပြိတ္တာဟူသည် ပြိတ္တာဟုဆိုသော်လည်း အသူရကာယ်မျိုးဖြစ်သည်။

ထိုကာလကဉ္စိကအသူရာတို့၏ ခန္ဓာကိုယ်ပမာဏသည် သုံးဂါဝုတ်မျှ ပမာဏရှိ၏။ အသွေးအသားနည်း၏။ အရိုးအရေမျှသာရှိ၏။ ဖက်ရွက်ခြောက်ကဲ့သို့ရှိ၏။ ပုဇွန်တို့ကဲ့သို့ မျက်စိလည်း ထွက်ကုန်၍ ဦးခေါင်း၌ တည်ကုန်၏။ ကြီးသောဦးခေါင်းရှိ၏။ ထို့ကြောင့် ကာလကဉ္စိကပြိတ္တာတို့သည် အောက်သို့ ညွတ်၍ အစာကိုယူရ၏။

(ပါထိက အဋ္ဌကထာ -၃၃)

### *ကာလကဉ္စိက ပြိတ္တာတို့၏နေရာ*

ကာလကဉ္စိကပြိတ္တာခေါ် အသူရကာယ်တို့သည် သမုဒ္ဒရာများ၊ မြစ်ကမ်းစသည်များတွင် နေထိုင်တတ်သည်။ ၎င်းတို့၏ နေရာဘုံဌာနဟူ၍ သီခြားမရှိပေ။ အစာရေစာ မစားရ။ မသောက်ရ၍ အလွန်ဆာလောင်မွတ်သိပ်နေရသည်။ အချို့သော အသူရာကာယ်ပြိတ္တာတို့သည် ဘုရားနှစ်ဆူသုံးဆူပွင့်ထွန်းပေါ် ပေါက်တော်မူကြသော်လည်း တစ်ကြိမ်တစ်ခါမျှ မစားရ မသောက်ရဘဲ ရှိနေကြ၏။

ကာလကဥ္စိက အသူရကာယ်ပြိတ္တာ တစ်ယောက်သည် ရေငတ်လွန်းလှသဖြင့် ဂင်္ဂါမြစ်သို့ သက်ဆင်းလာသည်။ ၎င်း ရောက်တိုင်းရောက်တိုင်း နေရာများမှာ ရေခန်းခြောက်၍ မီးခိုး တွေသာထနေတော့သည်။ သို့ဖြစ်၍ ကာလကဥ္စိကပြိတ္တာသည် တစ်ညလုံး ရေရှာ၏။ ၎င်းရောက်သည့် နေရာတိုင်း ရေခြောက် မီးခိုးထကာ မိုးစင်စင်လင်းခဲ့ရတော့သည်။

နံနက်မိုးလင်းသောအခါ ရဟန်းတော်သုံးကျိပ်တို့သည် ဆွမ်းခံကြွလာရင်း ဂင်္ဂါမြစ်နားသို့ရောက်လာကြသည်။ ရဟန်း တော်များသည် ကာလကဥ္စိကပြိတ္တာကို တွေ့မြင်ကြသည်။ အကျိုးအကြောင်းကို မေး၍ အကြောင်းစုံကို သိရသောအခါ ကာလကဥ္စိကပြိတ္တာအား သဲသောင်ပြင်တွင် ပက်လက်အိပ်စေ ကုန်သည်။ ထို့နောက် ရဟန်းတော်သုံးကျိပ်တို့သည် သပိတ် ကိုယ်စီဖြင့် ဂင်္ဂါမြစ်ထဲမှ ရေကို အကြိမ်ကြိမ်ခပ်ယူကာ ကာလ ကဥ္စိကပြိတ္တာပါးစပ်ထဲသို့ လောင်းထည့်ကြသည်။ သို့သော် ကာလကဥ္စိကပြိတ္တာ၏ အကုသိုလ်ကံကြောင့် ရဟန်းတော်များ က လောင်းထည့်သောရေများသည် ၎င်း၏ပါးစပ်ထဲသို့ တစ်စက် တစ်ပေါက်မျှ မဝင်ရောက်၍ ရေမသောက်ရရှာဘဲရှိတော့သည်။

*ကာလကဥ္စိကပြိတ္တာတို့၏ ဒုက္ခဆင်းရဲ*

ကာလကဥ္စိကအသူရကာယ်ပြိတ္တာတို့သည် ဇာစိုးရမှု ပျော်ရွှင်ဖွယ်ရာ ကင်းကြပါသည်။ အခြားသော သမင်၊ ဒရယ်

ချေငယ်၊ စိုင်၊ ဆတ်တို့နှင့် ကျေးငှက်သတ္တဝါ စသည်တို့သည် ရေကို သောက်လိုသော် ရေရှိရာသို့ သွား၍သောက်နိုင်ကြသည်။ မိမိတို့သောက်လိုတိုင်း စားလိုတိုင်းသောက်ရစားရခြင်းသည်ပင် အစားအသောက်များအပေါ် အစိုးရခြင်းဖြစ်သည်။ မိမိတို့ သွားလိုရာ သွားနိုင်သည်။ ဆော့ကစားလိုသောအချိန်တွင်လည်း မြူးတူးပျော်ရွှင်စွာ ဆော့ကစားနိုင်ကြသည်။

အသူရာကာယ်ပြိတ္တာတို့ကား ယင်းကဲ့သို့ မဟုတ်ကြပါပေ။ အစားအသောက် စားသောက်လို၍ ရှာဖွေသောအခါတွင် အစာဆိုလည်းပျောက်၊ ရေဆိုလည်းခြောက်၍ သွားရသည်။ ဤသည်ပင်လျှင် မိမိတို့ စားလိုသောအစာ ရေတို့ကို ပိုင်နိုင်စွာ မစားမသောက်ရခြင်း၊ မစားမသောက်နိုင်ခြင်းကြောင့် အစိုးမရခြင်းဖြစ်သည်။ ၎င်းတို့ အစိုးမရခြင်းကား အစားအသောက်တွင်သာ မဟုတ် အခြားသော အစစအရာရာ အားလုံးကိုလည်း အစိုးမရပါ။ မပိုင်ဆိုင်ကြပါ။ ဥပမာ-နေစရာထိုင်စရာအနေဖြင့် သမင်စသော သတ္တဝါများ၊ ကျေးငှက်စသော သတ္တဝါများသည် မိမိတို့၏ အသိုက်အမြုံစသည်၌ နေခွင့်ရကြသည်။ ပိုင်ဆိုင်ခွင့်ရကြသည်။ အသူရကာယ်ပြိတ္တာတို့ကား ထိုသို့ မဟုတ်ကြပါ။ သမုဒ္ဒရာ၊ မြစ်ချောင်း၊ အင်းအိုင် စသည့်နေရာများတွင် ကြုံသလိုနေကြရသည်။ ယနေ့ ဤနေရာတွင် နေကြရသော်လည်း နောက်တစ်နေ့ မိမိထက်အကောင်ကြီးသည့်ပြိတ္တာ စသည်တို့က

လာရောက်အနိုင်ယူညှဉ်းပန်းမှုကြောင့် အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားကြရပြန်သည်။ ဤနည်းဖြင့် မည်သည့်အရာကိုမျှ စိုးပိုင်ရခြင်းလည်းမရှိ ပျော်ပါးမှုလည်း မရှိအောင် အသူရကာယ ပြိတ္တာတို့၏ဘဝမှာ အလွန်တရာ သနားစရာကောင်းလှပါသည်။

---

## ဓာတ်တော်ပူဇော်ပွဲ ကဲ့ရဲ့သဖြင့် ပြိတ္တာဖြစ်ရသူ

*ခန္ဓဝိဘင်္ဂ အဋ္ဌကထာ*

ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အဇာတသတ်မင်းသည် မိမိအတွက် ဝေစုရသော ဓာတ်တော်များကို ၇-နှစ်၊ ၇-လ၊ ၇-ရက် ပူဇော်ပွဲကျင်းပသည်။

သာသနာတော်ကို ကြည်ညိုသောပုဂ္ဂိုလ်တို့သည် ထိုဓာတ်တော်တို့ကို ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကြသဖြင့် သေလွန်သောအခါ နတ်ပြည်သို့ရောက်ကြရသည်။

ရာဇဂြိုဟ်မြို့၌ သူဌေးကြီးတစ်ယောက်နှင့် သူဌေးကတော်တစ်ယောက်တို့ နေထိုင်ကြ၏။ သူဌေးကတော်က ဓာတ်တော်များကို သွားရောက်ပူဇော်ရန်အတွက် ပန်းနံ့သာစသည်တို့ကို စီစဉ်နေသည်။ သူဌေးကြီးကား ထိုသို့ ပူဇော်ခြင်းကို မနှစ်

သက်ချေ။ "**အရိုးများကို ပူဇော်ခြင်းဖြင့် ဘာအကျိုးရှိမည်နည်း**" ဟု **ဇနီးသည်အား** ပြစ်တင်ကြိမ်းမောင်းခဲ့သည်။

သူဌေးကတော်က သူဌေးကြီး၏စကားကို **နားမထောင်** ဘဲ ဓာတ်တော်များကို သွားရောက်ပူဇော်သည်။

သူဌေးကြီးသေလွန်သောအခါ အပုပ်နံ့လှိုင်နေသည့် ပြိတ္တာဘဝရောက်ရသည်။ သူဌေးကတော်ကြီး ကွယ်လွန်သော အခါတွင်ကား နတ်ပြည်၌ ဖြစ်ရသည်။

(ပေတဝတ္ထုပါဠိနှင့် အဋ္ဌကထာ
ဓာတုဝိဝဏ္ဏပေတဝတ္ထု နှာ-၁၉၆)

---

## အဇဂရပေတ (မြွေပြိတ္တာ)

ကဿပဘုရားရှင်လက်ထက်တော်အခါက သုမင်္ဂလ အမည်ရှိသော သူဌေးသည် မြတ်စွာဘုရား၏ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းသည်။

သူခိုးတစ်ယောက်သည် ထိုသူဌေးအပေါ်တွင် မုန်းတီး ရွံရှာ ရန်ငြိုးထားသည်။ ထို့နောက် ထိုသူခိုးသည် သုမင်္ဂလသူဌေး ၏ လယ်၊ အိမ်နှင့် မြတ်စွာဘုရားသီတင်းသုံးတော်မူရာ ဂန္ဓကုဋိ

တိုက်တို့ကို မလိုတမာပြစ်မှားသောစိတ်ဖြင့် မီးရှို့ဖျက်ဆီးခဲ့သည်။ သူသည် သေဆုံးသောအခါ အဝီစိငရဲ၌ ဖြစ်ရသည်။ ငရဲ၌ ဘုရားနှစ်ဆူတို့အကြား၌ ငရဲခံစားရ၍ ဂေါတမမြတ်စွာဘုရား လက်ထက်တော်တွင် ဂိဇ္ဈကုဋ်တောင်ခြေ၌ မီးလောင်နေသော မြွေပြိတ္တာကြီး ဖြစ်ရသည်။

(ဓမ္မပဒ အဋ္ဌကထာ ၂၃၉)

---

## အဇ္ဂ (အရိုးစု) ပြိတ္တာ

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်က ဖြစ်သည်။

အရှင်မောဂ္ဂလာန်နှင့် အရှင်လက္ခဏမထေရ်တို့သည် နံနက်အချိန်တွင် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်ကြကုန်၍ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွလာကြသည်။ တောင်းစောင်း တစ်နေရာ၌ အရှင်မောဂ္ဂလာန်သည် ပြုံးတော်မူ၏။ အရှင်လက္ခဏက ထိုအကြောင်းကို မေးလျှင် အရှင်မောဂ္ဂလာန်က. .

"ငါ့ရှင် ဒီအကြောင်းကို မဖြေသင့်သေး၊ မြတ်စွာဘုရား၏ထံတော်မှာ ဒီအကြောင်းကို မေးပါ"

ဟု ပြောဆိုသည်။

ထိုမထေရ်နှစ်ပါးတို့သည် မြတ်စွာဘုရားထံသို့ ရောက်ကြလျှင် အရှင်လက္ခဏက ဂိဇ္ဈကုဋ်တောင်၌ ပြုံးရခြင်းအကြောင်းကို အရှင်မောဂ္ဂလာန်အား မေးလေသည်။

အရှင်မောဂ္ဂလာန်က . . .

"ငါ့ရှင်လက္ခဏ. . . ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာစဉ် ကောင်းကင်၌သွားနေသော အရိုးစုပြိတ္တာကို မြင်ခဲ့ရပါတယ်၊ ထိုအရိုးစုပြိတ္တာကို လင်းတငှက်တို့၊ ငှက်စွန်ရဲတို့က လိုက်၍ နံရိုး ကြိုကြားတို့ကို ထိုးဆိတ်ကြပါတယ်။ ထိုပြိတ္တာဟာ နာကျင်၍ အော်ဟစ်နေပါတယ်" ဟု ပြောသည်။

ထိုအခါ မြတ်စွာဘုရားက . . .

"ရဟန်းတို့ တပည့်သာဝကတို့ဟာ ဉာဏ်အမြင်ရှိကြပါပေတယ်၊ သိတတ်ကြပါပေတယ်၊ သက်သေအဖြစ်ပြုနိုင်ကြပါပေတယ်။

ရဟန်းတို့. . . ငါဘုရားဟာ ရှေးကပင် မြင်ခဲ့ဖူးပြီး၊ သို့သော်လည်း ငါဘုရားက မပြောခဲ့ပါ။ မယုံကြည်သူတို့မှာ ကြာမြင့်စွာ အကျိုးမဲ့ ဖြစ်လိမ့်မယ်။

ရဟန်းတို့ . . . ဒီပြိတ္တာဟာ ဒီရာဇဂြိုဟ်ပြည်မှာပင် နွားသတ်သမား ဖြစ်ခဲ့ဖူးပြီ။ နွားတွေသတ်ခဲ့တဲ့ အကုသိုလ်ကံ၏ အကျိုးကြောင့် နှစ်ပေါင်း ရာပေါင်း၊ ထောင်ပေါင်း၊ သိန်းပေါင်း

များစွာ ငရဲ၌ ခံစားခဲ့ရပြီး အဲဒီအကုသိုလ်ကံ၏ အကြွင်းအကျန် အနေနဲ့ ဒီလို ပြိတ္တာဘ၀မှာ ဒုက္ခခံစားနေရတယ်"

ဟု ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ အဋ္ဌိကသုတ်၊ မြန်မာပြန်၊ နှာ-၄၃၆)

## ပေသိ (အသားတစ်) ပြိတ္တာ

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်ပြည်၌ နွား သတ်သမားဖြစ်ခဲ့ဖူးသော ပေသိ (အသားတစ်ပြိတ္တာ)အကြောင်း ကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ ပေသိသုတ်၊ မြန်မာပြန်၊ နှာ-၄၃၇)

## နိစ္စပိ (အရှိုးစု) ပြိတ္တာ

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်ပြည်၌ အရေမရှိ အရိုးမျှသာဖြစ်နေသော ယောက်ျားပြိတ္တာအကြောင်းကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ နိစ္စပိသုတ်၊ မြန်မာပြန်၊ ၅၁-၄၃၇)

---

## အသိလောမ (သန်လျက်အမွေးပေါက်) ပြိတ္တာ

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်ပြည်၌ သန်လျက်အမွေးပေါက်သော ဝက်သတ်သမားပြိတ္တာအကြောင်းကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ အသိလောမသုတ်၊ မြန်မာပြန်၊ ၅၁-၄၃၈)

---

## သတ္တိ (လုံအမွေးပေါက်) ပြိတ္တာ

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်မြို့၌ပင် လုံ့အမွေးပေါက်သော သားသတ်သမားပြိတ္တာအကြောင်းကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ သတ္တိသုတ်၊ မြန်မာပြန်၊ နှာ-၄၃၈)

---

## ဥသုလောမ (မြားအမွေးပေါက်) ပြိတ္တာ

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်မြို့၌ပင် မြားအမွေးပေါက်သော လက်မရွံ့အာဏာသားပြိတ္တာအကြောင်း ကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ ဥသုလောမသုတ်၊ မြန်မာပြန်၊ နှာ-၄၃၈)

---

## သူစိလောမ (အပ်အမွေးပေါက်) ပြိတ္တာ

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်မြို့၌ပင် အပ်အမွေးပေါက်သော ရထားထိန်းသမားပြိတ္တာအကြောင်းကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ သူစိလောမသုတ်၊ မြန်မာပြန်၊ နှာ-၄၃၈)

## သူစိလောမ (အပ်အမွေးပေါက်) ပြိတ္တာတစ်မျိုး

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်မြို့၌ပင် အပ်တို့သည် ဦးခေါင်းမှဝင်၍ ခံတွင်းမှထွက်ခြင်း၊ ခံတွင်းမှ ဝင်၍ ရင်မှထွက်ခြင်း၊ ရင်မှဝင်၍ ဝမ်းဗိုက်မှထွက်ခြင်း၊ ဝမ်းဗိုက်မှ ဝင်၍ ပေါင်တို့မှ ထွက်ခြင်း၊ ပေါင်တို့သို့ဝင်၍ ခြေသလုံးတို့မှ ထွက်ခြင်း၊ ခြေသလုံးတို့သို့ဝင်၍ ခြေဖဝါးတို့မှထွက်ခြင်းဖြင့် နာကျင်စွာအော်ဟစ်ခံစားနေရသော ပြိတ္တာအကြောင်းကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ ဒုတိယသူစိလောမသုတ်၊ မြန်မာပြန်၊ နှာ-၄၃၈)

## ကုမ္ဘဏ္ဍ (စဉ်းလဲကောက်ကျစ်သော တရားသူကြီး) ပြိတ္တာ

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်မြို့၌ပင် အိုးပမာဏ ဥဒေ့စေ့ရှိသော ပြိတ္တာသည် သွားသော် ထိုဥဒေ့စေ့တို့ကို ပခုံး၌ထမ်း၍ သွားခြင်း၊ ထိုင်သော် ထိုဥဒေ့စေ့ပေါ်၌သာ ထိုင်ခြင်း၊ လင်းတ ကျီးငှက်စွန်ရဲတို့က လိုက်၍ထိုးဆိတ်သဖြင့် နာကျင်စွာ အော်ဟစ်ခံစားနေရသော ပြိတ္တာအကြောင်းကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ ကုမ္ဘဏ္ဍသုတ်၊ မြန်မာပြန်၊ နှာ-၄၃၉)

---

## သသီသက (မစင်တွင်း၌ ဦးခေါင်းနှင့်တကွ နစ်သော) ပြိတ္တာ

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်မြို့၌ပင် မစင်တွင်း၌ ဦးခေါင်းနှင့်တကွ နစ်မြုပ်နေသော ယောကျ်ားပြိတ္တာ၏အကြောင်း ထိုပြိတ္တာသည် လူ့ဘဝက သူ့သားမယားကို လွန်ကျူးခဲ့ဖူး၍ သေလျှင် ပြိတ္တာဖြစ်ရသူအကြောင်းကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ သသီသကသုတ်၊ မြန်မာပြန်၊ နှာ-၄၃၉)

---

## ဂူထခါဒ (မစင်စားယောကျ်ား) ပြိတ္တာ

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၌ပင် ပုဏ္ဏားပျက် တစ်ယောက်သည် ကဿပဘုရားရှင်သာသနာတော်၌ ရဟန်း သံဃာကို ဆွမ်းဖိတ်၍ စားကျင်း၌ မစင်အပြည့်ထည့်၍ အရှင်ဘုရားတို့ အလိုရှိတိုင်း စားကုန်လော့ဟု စော်ကားခဲ့ဖူး သောပြိတ္တာ မစင်စားပြိတ္တာ ဖြစ်ရသူအကြောင်းကို ဟောတော် မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ ဂူထခါဒသုတ်၊ မြန်မာပြန်၊ နှာ-၄၃၉)

---

## နိစ္ဆဝိတ္ထိ (လင်ယောကျ်ားအပေါ် ဖောက်ပြန်သော) ပြိတ္တာမ

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်မြို့၌ အရေ မရှိ အရိုးမျှသာရှိသော ပြိတ္တာမ၊ ထိုပြိတ္တာမကို လင်းတ ကျီးငှက် တို့က ထိုးဆိတ်နေကြပုံ၊ ထိုပြိတ္တာမသည် လင်ယောကျ်ားအပေါ် ဖောက်ပြန်ခဲ့သောကြောင့် ပြိတ္တာမဖြစ်ရပုံကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ နိစ္ဆဝိတ္ထိသုတ်)

---

## မင်္ဂလိတ္ထိ (အနံ့ဆိုး၊ အရုပ်ဆိုး နတ်ဝင်သည်) ပြိတ္တာမ

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်မြို့၌ပင် အနံ့ဆိုးဝါး၍ အရုပ်ဆိုးသော ပြိတ္တာမကို လင်းတကျီးငှက်တို့က ထိုးဆိတ်နေကြပုံ ထိုပြိတ္တာမသည် နတ်ဝင်သည်မဖြစ်ခဲ့ပုံတို့ကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ မင်္ဂလိတ္ထိသုတ်၊ မြန်မာပြန်၊ နှာ-၄၄၀)

## ဩကိလိနီ (မီးကျီးလောင်မြိုက်ခံနေရသော) ပြိတ္တာမ

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်အနီး၌ မီးခဲတဖွားဖွားကျ၍ မီးကျီးပုံတွင် လူးလိမ့်ခံနေရသော ပြိတ္တာမ၊ ထိုပြိတ္တာမသည် အော်ဟစ်နေပုံ ထိုပြိတ္တာမသည် ကာလိင်္ဂမင်းကြီး၏ မိဖုရားခေါင်းကြီးဖြစ်ခဲ့စဉ်က ငြူစူမနာလိုသဖြင့် လင်တူမိန်းမကို မီးကျီးအိုးကွင်းဖြင့် လောင်းခဲ့၍ ပြိတ္တာမ ဖြစ်ပုံတို့ကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ ဩကိလိနီသုတ်၊ မြန်မာ ပြန်၊ နှာ-၄၄၀)

## အသီသက (ဦးခေါင်းမပါ ကိုယ်သာရှိသော) ပြိတ္တာ

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်အနီး၌ ဦးခေါင်းမပါ၊ ကိုယ်သာရှိသော ပြိတ္တာ။ ထိုပြိတ္တာကို လင်းတကျီးငှက် ငှက်စွန်ရဲတို့က ထိုးဆိတ်နေပုံ။ ထိုပြိတ္တာသည် ဟာရိကခေါ် ခိုးသူသတ်ယောက်ျားဖြစ်ခဲ့၍ ပြိတ္တာဖြစ်ပုံတို့ကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊
အသီသကသုတ်၊ မြန်မာ ပြန်၊ နှာ-၄၄၀)

---

## ပါပဘိက္ခု (ရဟန်းယုတ်မာ) ပြိတ္တာ

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်အနီး၌ ရဟန်းပြိတ္တာ၊ ထိုပြိတ္တာသည် ဒုကုဋ် သပိတ်ခါးပန်းကြိုး ကိုယ်ခန္ဓာတို့သည် တပြောင်ပြောင်မီး တောက်လောင်နေပုံ၊ ထိုပြိတ္တာသည် ကဿပမြတ်စွာဘုရားရှင်၏ သာသနာတော်၌ ရဟန်းယုတ်မာဖြစ်ခဲ့ပုံကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ ပါပဘိက္ခုသုတ်၊
မြန်မာ ပြန်၊ နှာ-၄၄၁)

---

## ပါပဘိက္ခုနီ (ရဟန်းမယုတ်မာ) ပြိတ္တာမ

မြတ်စွာဘုရားသည် အလားတူပင် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်အနီး၌ ရဟန်းမပြိတ္တာကို တွေ့မြင်ပုံ၊ ထိုရဟန်းမ ပြိတ္တာ၏ဒုကုဋ် သပိတ်ခါးပန်းကြိုး ကိုယ်ခန္ဓာတို့သည် တပြောင်ပြောင် မီးတောက်လောင်နေပုံ။ ထိုပြိတ္တာမသည် ကဿပ မြတ်စွာဘုရားရှင်၏ သာသနာတော်၌ ရဟန်းမယုတ်မာ ဖြစ်ခဲ့ပုံကို ဟောတော်မူသည်။

(နိဒါနဝဂ္ဂသံယုတ်၊ လက္ခဏသံယုတ်၊ ပါပဘိက္ခုနီသုတ်၊ မြန်မာ ပြန်၊ နှာ-၄၄၁)

အလားတူပင် မြတ်စွာဘုရားသည် ကဿပမြတ်စွာဘုရားရှင်လက်ထက်က ပါပသိက္ခမာန (ကျင့်ဆဲသိက္ခမာန်မ) ဖြစ်ခဲ့၍ ယခု ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်အနီး၌ သိက္ခာမာန်မယုတ် ပြိတ္တာမဖြစ်ပုံ၊ သာမဏေ(ကိုရင်) ယောကျ်ားယုတ်ပြိတ္တာ ဖြစ်ပုံ၊ သာမဏေရ(ကိုရင်) မိန်းမယုတ်ပြိတ္တာ ဖြစ်ပုံတို့ကို ဟောတော်မူခဲ့ပါသည်။

---

# လူသေကို အသက်သွင်းထားသော ဗုတ်ဘီလူး

## ရတနာသုံးပါးကို အားထားသူ ကုန်သည်

သီဟိုဠ်ကျွန်း(သီရိလင်္ကာ) နိုင်ငံတွင် မြို့တစ်မြို့မှ နန္ဒိ အမည်ရှိသောကုန်သည်တစ်ယောက်သည် ကုန်ကူးသန်းရောင်း ဝယ်ခြင်းအလုပ်ဖြင့် စင်ကြယ်စွာ အသက်မွေးနေထိုင်၏။ သူသည် ရတနာသုံးပါးတို့ကို အထူး အားထားယုံကြည်ကိုးကွယ် သည်။

## သူတစ်ပါးမယားကို မတရားလိုချင်သူ

နန္ဒိဝါဏိဇ္ဇဥပါသကာ၏ဇနီးကို အမတ်တစ်ယောက်က လိုချင်တပ်မက်သော စိတ်ဖြစ်နေသည်။ နန္ဒိကုန်သည်သည် ကုန် အရောင်းအဝယ်ကိစ္စဖြင့် ရပ်ဝေးသို့ သွားခိုက် အမတ်သည် သူ၏မယားကို မတရားသိမ်းယူရန်ကြံစည်၏။ ကြံစည်ပုံမှာ အောက်လမ်းဆေးဆရာတစ်ယောက်ကို အသပြာငွေများစွာ ပေး၍ လူသေကောင်ကို အသက်ဝင်အောင် ဘုတ်(ဖုတ်) သွင်း စေ၏။ ထို့နောက် သန်လျက်တစ်ခုကို ပေး၍ နန္ဒိကုန်သည်ကို ရှာပြီး ခုတ်သတ်ရန် စေလွှတ်လိုက်၏။

## ဘုရားဂုဏ်တော်အကျိုး

ဖုတ်ဘီလူးသည် ကုန်ပစ္စည်းရောင်းဝယ်ရာမှ ပြန်လာသော နန္ဒီကုန်သည်ကို လမ်းမှာတွေ့လေ၏။ အခိုးအလျှံကို လွှတ်၍ ကြောက်မက်ဖွယ်ကိုပြ၏။

နန္ဒီကုန်သည်သည်လည်း ဘုရားဂုဏ်တော်ကို သတိရ၍- ဣတိပိသောဘဂဝါ အရဟံ စသည်ဖြင့် ဗုဒ္ဓါနုဿတိဘာဝနာကို ယုံကြည်ထက်သန်စွာ ရွတ်ဆိုနေသည်။ ထိုအခါ နန္ဒီကုန်သည်၏အနီး၌ သံတံတိုင်းကို ကားရံထားဘိသကဲ့သို့ ဖြစ်၍ ရန်မမူနိုင်ဘဲရှိသည်။

## မကောင်းသူထံ မကောင်းမှုပြန်

ထို့ကြောင့် ဖုတ်ဘီလူးသည် မူလအမတ်နှင့် အောက်လမ်းဆေးဆရာထံသို့ ပြန်သွား၏။ အောက်လမ်းဆေးဆရာက သုံးကြိမ်တိုင်တိုင် ဖုတ်ကို စေလွှတ်သော်လည်း မအောင်မြင်ချေ။ နန္ဒီကုန်သည်က ဗုဒ္ဓါနုဿတိဘာဝနာကိုသာ ရွတ်ဆိုနေသဖြင့် မည်သို့မှ အနှောင့်အယှက်မပြုနိုင်တော့ဘဲ ဖုတ်ဘီလူးသည် ပြန်သွားပြီး စေခိုင်းသော ဆေးဆရာနှင့် အမတ်တို့ကို သန်လျက်ဖြင့် ခုတ်သတ်လိုက်လေသည်။

(မဓုရရသဝါဟိနီကျမ်း)

# ကာဠယက္ခိနီအဲလူးမ

## အမြုံမတစ်ယောက်

ဗုဒ္ဓမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်က ဖြစ်သည်။

သာဝတ္ထိမြို့မှ မုဆိုးမမိခင်သည် မိမိ၏သားအတွက် သတို့သမီးငယ်တစ်ယောက်ကို သား၏စိတ်ကြိုက်အတိုင်း ရွေးချယ်စေ၍ ထိမ်းမြားလက်ထပ်ပေးသည်။ အတူပေါင်းသင်းနေထိုင်ကြရာ ထိုမိန်းမငယ်သည် အမြုံမဖြစ်၍ သားသမီး မထွန်းကားချေ။ မိခင်သည် အခြားအမျိုးသမီးတစ်ယောက်ကို ခေါ်ယူမည်ဟု ဆို၏။ အမြုံမက မိမိကိုယ်တိုင် အခြားမိန်းမတစ်ယောက်ကို သူမ၏ မိဘထံမှ တောင်းယူ၍ မိမိလင်အတွက် မယားငယ်တစ်ယောက်ကို ခေါ်ယူကာ အတူနေစေသည်။

ထို့နောက် အမြုံမသည် နောက်မယားက သား သို့မဟုတ် သမီးမွေးဖွားလျှင် နောက်မယားသည်သာလျှင် အတွင်းဥစ္စာပစ္စည်းရှင်ဖြစ်တော့မည်ဟု စိုးရိမ်လာသည်။ထို့ကြောင့် သားသမီးမရနိုင်အောင် ကိုယ်ဝန်ကျဆေးကို ပေးမည်ဟု ကြံစည်သည်။ အမြုံမသည် မိန်းမငယ်အား ကိုယ်ဝန်တည်လျှင် ယာဂုထမင်းတို့နှင့်ရော၍ ကိုယ်ဝန်ကျဆေးကို ပေး၏။ ပထမအကြိမ် ပျက်ကျစေသည်။ ဒုတိယအကြိမ် ပျက်ကျစေသည်။

မယားငယ်သည် သုံးကြိမ်မြောက် ကိုယ်ဝန်တည်လေလျှင် အမြုံမအား မပြောချေ။ အမြုံမသည် ထိုအကြောင်းကို သိ၏။ တတိယအကြိမ် ကိုယ်ဝန်တည်လျှင် အမြုံမသည် မယားငယ် မေ့လျော့နေစဉ် ကိုယ်ဝန်ရင့်ချိန်၌ ကိုယ်ဝန်ကျဆေးကို အား ဖြည့်ဆေးဟု လိမ်လည်ကာ တိုက်သည်။ မယားငယ်သည် ကိုယ်ဝန်မကျဘဲ ကလေးသည် ဖီလာကန့်လန့်ဖြစ်နေ၍ ဝေဒနာပြင်းထန်စွာ ခံစားရပြီး သေဆုံးသွားရသည်။

***ဘီလူးမဖြစ်ရသည်***

မယားငယ်သည် သေခါနီးဝယ်. . .

"ယခုဘဝမှသေလွန်သော် ဘီလူးမဖြစ်၍ သင့်၏သားငယ်တို့ကို စားနိုင်သူဖြစ်ရပါလို၏"

ဟု ဆုတောင်းသည်။ ထိုအိမ်၌ပင် ကြောင်မ ဖြစ်လာရသည်။

လင်ယောကျ်ားက အမြုံမအား ကိုင်ဖမ်းလျက်. . .

"သင်ကား ငါ့ရဲ့အမျိုးအနွယ်ကို ဖြတ်သည်"

ဟု စိတ်ဆိုးလျက် တံတောင်၊ ဒူး စသည်တို့ဖြင့် ပြင်းထန်စွာ ထောင်းထုသတ်ပုတ်ခြင်းကို ပြုသဖြင့် အမြုံမသည်လည်း မရှုမလှ သေရ၏။ ထိုအိမ်မှာပင် ကြက်မဖြစ်ရသည်။

ကြောင်မနှင့်ကြက်မ

ကြက်မသည် ကြက်ဥတို့ကို ဥ၏။ ကြောင်မသည် ကြက်ဥတို့ကို သုံးကြိမ်မြောက် စား၏။ လက်စားချေ၏။

ကျားသစ်မနှင့်သမင်မ

ကြက်မက ကြောင်မသည် "ငါ၏ဥတို့ကို စားရုံသာမက ငါ့ကိုပါ စားလိုသည်" ဟု ရန်ငြိုးထား၏။ ကြက်မသည် ရန်ငြိုးဖွဲ့၍ "မိမိသေလွန်သောအခါ ကြောင်မ၏ သားသမီးတို့နှင့်တကွ ကြောင်မကို စားရပါလို၏" ဟု ဆုတောင်းကာ သေလွန်သည်။ တော၌ ကျားသစ်မဖြစ်ရ၏။ ကြောင်မသည် သေလွန်လျှင် တော၌ သမင်မ ဖြစ်ရသည်။ သမင်မက သားဖွားသောအခါ ကျားသစ်မသည် လာ၍ သမင်မ၏သားငယ်တို့ကို စား၏။

ဘီလူးမနှင့်လူမ

သမင်မသည် ဤသစ်မသည် "ငါ၏သားငယ်တို့ကို သုံးကြိမ်စားပြီးမှ ယခု ငါ့ကိုလည်း စားလတ္တံ့" ဟု ဤဘဝမှ သေလွန်လျှင် သစ်မကို သားသမီးနှင့်တကွ စားရပါလို၏ ဟု ဆုတောင်းပြန်သည်။

သမင်မသည် ထိုဘဝမှ သေလွန်သော် ဘီလူးမဖြစ်ရသည်။ သစ်မသည်လည်း ထိုဘဝမှ သေလွန်သော် သာဝတ္ထိမြို့၌ လူအမျိုးသမီးဖြစ်ရသည်။ အရွယ်ရောက်၍ သာဝတ္ထိမြို့တံခါးနှင့်

နီးသောရွာမှ ယောက်ျားတစ်ယောက်နှင့် လက်ထပ်၍ လင်၏ အိမ်သို့ လိုက်သွားရသည်။

ဘီလူးမသည် ထိုအမျိုးသမီး၏ အဆွေခင်ပွန်းအယောင် ဖန်ဆင်းလာ၍ "မိမိ၏အဆွေခင်ပွန်းမ ဘယ်မှာနေသနည်း" ဟု မေးသည်။ လင်ယောက်ျားစသည်တို့က "တိုက်ခန်း၌ သား ဖွားနေပါသည်" ဟု ပြောကြ၏။ ဘီလူးမယောင်ဆောင်သော မိန်းမက "သားလော၊ သမီးလော" ဟု ကြည့်ပါရစေဟု ဆိုကာ ကြည့်ရှုဟန်ဆောင်၍ သားငယ်ကလေးကိုစား၍ ထွက်ပြေး သည်။ နှစ်ကြိမ်မြောက်လည်း အလားတူ လာ၍ စားပြန်သည်။

သုံးကြိမ်မြောက် ကိုယ်ဝန်ရှိသော် အမျိုးသမီးသည် ကိုယ်ဝန်ရင့်လေလျှင် ခင်ပွန်းသည်ယောက်ျားအား အကျိုး အကြောင်းကို ပြော၍ ခေါ်ယူပြီးလျှင် "ဤအိမ်၌ ဘီလူးမသည် သားနှစ်ယောက်တို့ကို စားခဲ့ဖူးပြီ၊ ယခု ကျွန်မ၏မိဘအိမ်သို့ သွား၍ သားဖွားပါအံ့" ဟု တိုင်ပင်ကာ မိဘတို့အိမ်သို့ သွားကြ သည်။

***ဘီလူးမအလာနှောင်း***

ဘီလူးမသည် ဝေဿဝဏ်နတ်မင်းကြီးအား အလှည့်ကျ ရေခပ်ပေးရသည်။ ဘီလူးမသည် လေးလငါးလလွန်မှ ရေခပ် အလှည့်မှလွတ်လျှင် ထိုအိမ်သို့ သွား၍ "ငါ၏အဆွေခင်ပွန်းမ

သည် အဘယ်မှာနည်း" ဟု မေးသည်။ လူတို့က "ဘီလူးမသည် အမျိုးသမီးက ဖွားတိုင်းဖွားတိုင်းသော ကလေးတို့ကို စားသည်" ဟု မိဘအိမ်သို့ သွားသည်ဟု ပြောကြ၏။

ဘီလူးမသည် မြို့တွင်းသို့ ပြေးလိုက်သွား၍ ကလေးနှင့် မိခင်ရှိရာသို့ ရောက်လာသည်။ ကလေး၏မိခင်သည် သားငယ်ကို ရေချိုးပေး၍ အမည်မှည့်ခေါ် ရန် မိမိအိမ်သို့ ပြန်လာအံ့ဟု သားငယ်ကို ပွေ့ချီ၍ လင်ယောကျ်ားနှင့်အတူတကွ ဇေတဝန်ကျောင်းတော်သို့ လမ်းမကြီးပေါ်မှ သွားကြသည်။ မိခင်သည် သားငယ်ကို ပွေ့ချီ၍ နို့တိုက်လာစဉ် ဘီလူးမသည် အဝေးမှ မြင်၍ ပြေးလာသည်။ ကလေး၏မိဘတို့က ဘီလူးမကို မှတ်မိ၍. . .

"ယခုလာသူမှာ ဘီလူးမတည်း"

ဟု အသံကျယ်လောင်စွာ အော်ဟစ်ကြ၍ ဇေတဝန်ကျောင်းတော်အတွင်းသို့ ဝင်ရောက်သွားသည်။

## မြတ်စွာဘုရားထံရောက်

ထိုအခါ မြတ်စွာဘုရားသည် လူပရိသတ် ရဟန်းပရိသတ်တို့အား တရားဟောနေ၏။ ကလေး၏မိခင်သည် မြတ်စွာဘုရားရှေ့တော်သို့ အရောက်သွား၍ မြတ်စွာဘုရား၏ ခြေဖမိုးပေါ်သို့ သားကလေးကို သိပ်၍ထားသည်။

"တပည့်တော်မသည် အရှင်ဘုရားအား ဤကလေးငယ်ကို လှူဒါန်းပါ၏ ဘုရား၊ သားငယ်ကလေး၏အသက်ရှင်ခြင်းကို ပေးသနားတော်မူပါဘုရား" ဟု တောင်းပန်စကား လျှောက်ထားသည်။

ဇေတဝန်ကျောင်းတော် တံခါးစောင့် သုမနနတ်သားသည် ဘီလူးမကို ကျောင်းတော်အတွင်းသို့ ဝင်ခွင့်မပေးချေ။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ဘီလူးမကို ခေါ်စေ၏။ ဘီလူးမရောက်လာလျှင် သားငယ်၏မိခင်သည်. .

"မြတ်စွာဘုရား ဘီလူးမရောက်လာပါပြီ"

ဟုလျှောက်၏။

မြတ်စွာဘုရားက . . .

"အို. . . ဒါယိကာမလေး လာပါစေ၊ အသံကို မပြုနှင့်"

ဟု မိန့်တော်မူသည်။

ထို့နောက် မြတ်စွာဘုရားသည် ဘီလူးမရှိရာဘက်သို့ လှည့်ကြည့်တော်မူ၍ . . .

"အို. . . ဘီလူးမ၊ သင်သည် အဘယ်ကြောင့် ဤသို့ပြုရသနည်း၊ ငါကဲ့သို့သော ဘုရား၏မျက်မှောက်သို့ သင်တို့နှစ်ဦးစလုံး အကယ်၍ မရောက်လာကုန်သည်ဖြစ်အံ့။ မြွေနှင့်မြွေပါကဲ့သို့လည်းကောင်း၊ ဝံသတ္တဝါနှင့် ကြို့ပင်စောင့်နတ်ကဲ့သို့

လည်းကောင်း၊ ကျိုးနှင့် ခင်ပုတ်ငှက်ကဲ့သို့လည်းကောင်း သင်တို့မှာ တစ်ကမ္ဘာပတ်လုံးတည်သော ရန်သူတို့ဖြစ်ကြလတ္တံ့၊ အဘယ်ကြောင့် ရန်ကို ရန်ဖြင့် တုံ့မူပါသနည်း။ ရန်မည်သည် ရန်တုံ့ မမူသဖြင့်သာ ငြိမ်းအေးနိုင်၏။ ရန်တုံ့မူသဖြင့် မငြိမ်းနိုင်" ဟု တရားဟောတော်မူသည်။

မြတ်စွာဘုရား၏တရားတော်အဆုံးတွင် ကာဠီဘီလူးမသည် သောတာပန်တည်လေသည်။

နောင်တွင် ကလေးမိဘများက ဘီလူးမကို မြို့ရွာအပြင် တစ်နေရာ၌ နေစေ၍ ယာဂုထမင်းစသည်တို့ဖြင့် ကျွေးမွေးပူဇော်ထားကြသည်။ အခြား သာဝတ္ထိပြည်သူပြည်သားတို့ကလည်း ပူဇော်ကြသည်။ ဘီလူးမကလည်း ပူဇော်သူတို့အား လာဘ်လာဘကောင်းအောင် စည်းစိမ်ဥစ္စာတိုးပွားအောင် ကူညီစောင့်ရှောက်သည်။

(ဓမ္မပဒအဋ္ဌကထာ ယမကဝဂ်၊
ကာဠီယက္ခိနီဘီလူးမ ဝတ္ထု)

---



မြန်မာ့သမိုင်းမှထင်ရှားသော

တစ္ဆေနာနာဘာဝများ

# အခန်း (၄)

## မြန်မာ့သမိုင်းမှ ထင်ရှားသော တစ္ဆေ နာနာဘာဝများ

မန္တလေးရတနာပုံနေပြည်တော်မင်းတုန်းမင်းကြီး လက်ထက်တွင် ဗုဒ္ဓပိဋကတ်ကျမ်းဂန်များ မဟာဝင်ဒီပဝင်ကျမ်းများကို ကိုးကားလျက် မင်းကြီးမဟာသဒ်ယာဘွဲ့ခံလှေသင်းအတွင်းဝန်မင်းက တစ္ဆေနာနာဘာဝများ၏အကြောင်းကို တဋ္ဌတ္တဒီပနီဟူသော ကျမ်းကို ပြုစုခဲ့သည်။

ထိုကျမ်းမှ အကြောင်းအရာအချို့ကို ညှိနေရာတွင် ကိုးကားဖော်ပြလိုပါသည်။

---

**စလေမင်းခွေးလက်ထက် တစ္ဆေများ (မြန်မာသက္ကရာဇ် ၂၆၈– ၂၇၇)**

ပုဂံပြည့်ရှင် စလေမင်းခွေးမင်းလက်ထက်တွင် ထိုမင်း နတ်ရွာစံခါနီးအချိန်၌ ဖြစ်သည်။ ထန်းပင်ပမာဏရှိသော ဘီလူး ကြီးတစ်ကောင်သည် ထိုမင်းအား ကိုယ်ထင်ပြသည်ဟု ဖော်ပြ ပါရှိသည်။

---

**ကျည်စိုးမင်းလက်ထက် တစ္ဆေများ (မြန်မာသက္ကရာဇ် ၃၄၈– ၃၅၄)**

ပုဂံပြည့်ရှင် ကျည်စိုးမင်း၏နတ်ရွာစံခါနီး ၁၅-ရက် အလိုတွင် တစ္ဆေဘီလူးများ နာနာဘာဝများက အုတ်ခဲ၊ ကျောက်ခဲတို့ဖြင့် ပစ်ပေါက်ခဲ့၍ ခြိမ်းခြောက်ခဲ့သည်။

---

## ညောင်ဦးစောရဟန်းမင်းလက်ထက် တစ္ဆေများ
## (မြန်မာသက္ကရာဇ် ၅၃၅–၅၈၂)

ပုဂံပြည့်ရှင်ညောင်ဦးစောရဟန်းမင်းသည် နတ်ရွာစံခါနီးအချိန်၌ တစ္ဆေ၊ ဘီလူး၊ နာနာဘာဝများက ကြောက်မက်ဖွယ်ရာ ကိုယ်ထင်ပြကာ ခြိမ်းခြောက်ခဲ့သည်ဟု ဖော်ပြပါရှိသည်။

---

## ကျန်စစ်သားမင်းလက်ထက် တစ္ဆေများ
## (မြန်မာသက္ကရာဇ် ၄၄၆–၄၇၄)

ပုဂံယီးလှိုင်ရှင် ကျန်စစ်သားမင်းကြီး နတ်ရွာမစံမီ ရက်အနည်းငယ်အလိုတွင် ရွှေနန်းတော်ပြာသာဒ်ထက်၌ တစ္ဆေဘီလူး နာနာဘာဝသုံးကောင်တို့က ကိုယ်ထင်ပြသည်ဟု ဖော်ပြပါရှိ သည်။

---

## အလောင်းစည်သူမင်းလက်ထက် တစ္ဆေများ
## (မြန်မာသက္ကရာဇ် ၄၇၄–၅၂၉)

အလောင်းစည်သူမင်းလက်ထက် မြန်မာသက္ကရာဇ် ၄၅၆-ခုတွင် သူပုန်တစ်ရာကျော်တို့သည် ရွှေနန်းတော်ကို သိမ်းပိုက်ရန်အတွက် ဝင်ရောက်တိုက်ခိုက်ကြ၏။

နန်းတွင်းသားများ နှင့် စစ်သည်တော်များက ပြန်လည်ခုခံတိုက်ခိုက်ကြရာ ရှုံးနိမ့် ထွက်ပြေးရသည်။ နန်းတော်ရာဇပလ္လင်အနီးတွင် သူပုန်ဗိုလ် သုံးဦးအပါအဝင် သူပုန် အမြောက်အမြား ကျဆုံးကြသည်။

ထို သူပုန်တို့သည် တစ္ဆေသရဲ ဖြစ်ကြသည်။ ထို တစ္ဆေသရဲတို့သည် ညဥ့်အခါတွင် ကိုယ်ထင်ပြ၍ ခြောက်ကြသည်။ ကျင်ငယ်ရေနှင့် ပက်ကြသည်။ သရပါတံခါးကို အနိုင်အထက် ဖွင့်ကြသည်။ တောင်ဘက် လှေသာနန်းတော် တံခါးကိုဖွင့်၍ ခြိမ်းခြောက်ကြသည်ဟု ဖော်ပြပါရှိသည်။

---

## အင်းဝမင်းရဲ့ကျော်ထင်လတ်ထက် တဖွေများ
## (မြန်မာသက္ကရာဇ် ၁၀၃၄-၁၀၆၀)

အင်းဝမင်းရဲရဲကျော်ထင်လက်ထက်သက္ကရာဇ် ၁၀၃၄-ခုနှစ်၌ ရွှေနန်းတော်ကို သူပုန်များ ဝင်ရောက်စီးနင်းကြ၏။ မအောင်မြင်ဘဲ အကျအဆုံးများစွာနှင့် ဆုတ်ပြေးခဲ့ရသည်။ ထို့နောက် သူပုန်တစ္ဆေသရဲတို့သည် ကိုယ်ထင်ပြခြောက်ကြသည်။ ကျယ်လောင်စွာရယ်မောကြသည်။ သစ်သီးသစ်ပွင့်၊ ခဲ၊ အုတ်တို့နှင့် ပစ်ခတ်ကြသည်။ နန်းတော်တွင် ဆူဆူညံညံခုန်ပေါက်ခြောက်လှန့်ကြသည်။ ထိုအရေးကိစ္စတို့ကို နတ်စက်ရောင် ဆရာတော်၊ ငရန်ဘုန်းတော်ကြီးဦးဓမ္မနန္ဒိတို့က ကုသစီရင်မှ ပျောက်ကင်းသည်ဟု ဖော်ပြပါရှိသည်။

---

## မွန်ဘုရင် သုရှင်တကာရွတ်ပိ

မြန်မာသက္ကရာဇ် ၈၉၉-ခုတွင် တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့က ဟံသာဝတီကို တိုက်ခိုက်အောင်မြင်သည်။ မွန်ဘုရင်သုရှင်တကာရွတ်ပိသည် ရှုံးနိမ့်သဖြင့် မိမိ၏ယောက်ဖတော်သူမိဖုရား၏မောင် ပြည်ဘုရင်နရပတိထံ ခိုဝင်သည်။

ပြည်မြို့ကို ဘုရင့်နောင်က တိုက်ခိုက်ရာ အောင်မြင်ပြန်၏။ မွန်ဘုရင် သုရှင်တကာရွတ်ပိသည် တစ်ယောက်တည်း ထွက်ပြေး၍ အင်ပူရသိမ်တော၌ ဆင်ကျော့ထွက်စဉ် တောနက်ထဲသို့ ရောက်ရှိသွားသည်။

သုရှင်တကာရွတ်ပိသည် ရေအိုင်တစ်ခုတွင် နတ်သမီးတစ်ယောက်နှင့်တွေ့သည်။ (အချို့ ရာဇဝင်စာအုပ်တို့က နာနာဘာဝ တစ္ဆေမနှင့် တွေ့သည်ဟု ဆိုကြသည်။) ပေါင်းဖော်ဆက်ဆံကြပြီးနောက် နတ်သမီးကွယ်ပျောက်သွားသည်ဆို၏။ ထိတ်လန့်စွာ မိမိ၏တပ်သို့ ပြန်ရောက်၍ ထိုည၌ပင် ကွယ်လွန်အနိစ္စရောက်သည်ဟု ဦးဖိုးကျား၏ မြန်မာရာဇဝင်အကျဉ်း၌ ဖော်ပြထားပါသည်။

---

## နောင်တော်ကြီးမင်းလက်ထက် တစ္ဆေများ
## (မြန်မာသက္ကရာဇ် ၁၁၂၂-၁၁၂၅)

ရတနာသိင်္ဃရွှေဘိုပြည့်ရှင် နောင်တော်ကြီးမင်းလက်ထက်ဘွင် သူ၏အမှုတော်ထမ်း ငဘတ်ချောင်းဗိုလ် ဥဒီကျော်ခေါ်သည် ဇင်းမယ်ပုန်ကန်မှုကို သွားရောက်နှိမ်နင်းစဉ် တိုက်ပွဲ၌ ကျဆုံး၍ တစ္ဆေဖြစ်သွားသည်။ ထိုငဘတ်ချောင်းဗိုလ်တစ္ဆေ

သည် နောင်တော်ကြီးမင်းထံ ဆက်လက်အမှုထမ်းခွင့်ရရန် တောင်းဆိုသောကြောင့် ခွင့်ပြုခဲ့သည်ဆို၏။ အမှုတော်ကို ကျေပွန်အောင်ဆက်လက်အမှုထမ်းခဲ့ရာ ဘွဲ့တံဆိပ်တော်များပင် ချီးမြှင့်ခံခဲ့ရသည်ဟု ဆိုပါသည်။

နောင်တော်ကြီးမင်းလက်ထက်မှာပင် တပယင်းနယ် ချောင်းဦးရွာသား ငအောင်ထွန်းသည် တောနက်ထဲ၌ ချိုးတည်သွားစဉ် ဘုန်းကြီးတစ္ဆေနှင့်တွေ့၍ လက်ဖဲ့ထိုးသတ်ကြ၏။ ငအောင်ထွန်းသည် လက်မြန်ခြေမြန်ဖြင့် ဘုန်းကြီးတစ္ဆေ၏ ဦးထုပ်ကို ချွတ်ယူထားလိုက်သည်။ ဘုန်းကြီးတစ္ဆေသည် ကိုယ်မပျောက် နိုင်၊ အစွမ်းမပြနိုင်ဖြစ်သည်။ ငအောင်ထွန်းထံ သူ၏ဦးထုပ်ကို ငွေအိုးနှင့် လဲလှယ်ခဲ့ရာမှ ဦးထုပ်ကို ပြန်ရသည်။ ဦးထုပ်သည် တစ္ဆေတို့၏အားဟု ဆိုကြသည်။

---

## အလောင်းဘုရားမင်းလက်ထက် တစ္ဆေများ
## (မြန်မာသက္ကရာဇ် ၁၁၁၄–၁၁၄၇)

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်က တပယင်းနယ် ဥသျှစ်ကုန်းရွာသား ငချမ်းကောင်းသည်

အလွန်သပ္ပါကောင်းသူဖြစ်သည်။ မကြောက်တတ်သူလည်း ဖြစ်သည်။

တစ်ညဦးအချိန်တွင် ရွာနှင့် ခရီး ၂ တိုင်၊ ၄-မိုင်ခန့်ဝေးသော မိမိ၏လယ်တဲမှ ရွာရှိအိမ်သို့ အလွန်အမဲလိုက်ကောင်းသော တောလိုက်ခွေးနှစ်ကောင်ကို အဖော်ပြုပြီး ပြန်လာခဲ့သည်ဆို၏။

လမ်းခုလတ်ရှိ ထိန်ပတ်ကားရေအိုင်အနီးညောင်ပင်ကြီးမှ တစ္ဆေတစ်ကောင်သည် အလွန်ကြောက်မက်ဖွယ်ရာ အသွင်အမျိုးမျိုးဖြင့် ခြောက်လှန့်၏။ သတ္တိကောင်းသော ငချမ်းကောင်းနှင့် တောလိုက်ခွေးတို့သည် ထိုတစ္ဆေကို လိုက်လံတိုက်ခိုက်ကြ၏။ တစ္ဆေသည် ထွက်ပြေးရသည်။ ငချမ်းကောင်းနှင့် ခွေးတို့သည် တစ္ဆေပြေးရာနောက် တကောက်ကောက် လိုက်လံပြီး မရမနေ လိုက်ဖမ်းသည်။

နောက်ဆုံးတွင် ပုစွန်တွင်းထဲ ပြေးဝင်သွားသည်။ တူးဖော်ရာ ကြောက်လန့်၍ ပုန်းလျှိုးနေသော ပုတ်သင်ကြီးတစ်ကောင်ကို တွေ့ရသည်။ ငချမ်းကောင်းသည် ထိုပုတ်သင်ကြီးကို သတ်ဖြတ်၍ မီးဖုတ်ကာ ထန်းရေခါးနှင့် မြိန်စားလိုက်၏။

ထို့နောက် တိုက်ဆိုင်မှုအနေဖြင့် ငချမ်းကောင်းက ပုတ်သင်ကြီးကို မီးဖုတ်၍ ထန်းရေခါးနှင့် မြည်းစားသော ထန်းရေတဲ

မှ ထန်းတက်သမား၏မိန်းမသည် မကြာမီ ကိုယ်ဝန်ရ၏။ မွေးဖွားလာသောကလေးသည် ချမ်းကောင်းကို တွေ့တိုင်း ငိုလေသည်။ ထိုကလေးကို ချော့မော့၍ မေးသော် . . .

"ငါ့ကို မီးဖုတ်ပြီး ထန်ရေခါးနှင့် သူက မြည်းစားတာကြောင့် သူ့ကို ငါ ကြောက်တယ်"

ဟု ပြောသည်ဟု ဆိုပါသည်။

---



ဘီလူး၊ သရဲ၊ သဘက်စသော

နာနာဘာဝများမှအကာအကွယ်

တရားတော်များနှင့်သာဓကဝတ္ထုများ

# အခန်း (၅)

## ဘီလူး၊ သရဲ၊ သဘက်စသော နာနာဘာဝများမှ အကာအကွယ် တရားတော်များနှင့် သာဓကဝတ္ထုများ

---

### လယ်တီဆရာတော်၏ ညွှန်ပြချက်

ရတနာသုံးပါးတို့ကို ယုံယုံကြည်ကြည်အားကိုးအားထားပြု၍ ရှိခိုးပူဇော်ရွတ်ဖတ်ကြသော တရားတော်၊ ပရိတ်တော်၊ ဂါထာတော်တို့၏အကျိုးကြောင့် ဘီလူး၊ သရဲသဘက်၊ တစ္ဆေစသော နာနာဘာဝများ၏ဘေးအန္တရာယ်တို့မှ ကင်းလွတ်နိုင်ကြပါသည်။

---

ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးတို့ကို ပူဇော်ကိုးကွယ်သူပုဂ္ဂိုလ်တို့အား လောကတွင် ဖြစ်ပေါ်ကြုံတွေ့ရသော ရန်သူမျိုးငါးပါး၊ မကောင်းဆိုးဝါး၊ နာနာဘာဝများ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်း၊ အတိတ်ဆိုးနိမိတ်ဆိုး စသည်တို့မှ ကောင်းစွာလွတ်ကင်းနိုင်ကြပါသည်။

ဤနေရာတွင် ကျေးဇူးရှင် မုံရွာမြို့ လယ်တီဆရာတော်၏ အကြံပြုတော်မူသော အဆိုအမိန့်တစ်ရပ်ကို တင်ပြလိုပါသည်။ လယ်တီဆရာတော်ကြီး ရေးသားတော်မူသော **သုကုမာရမဂ္ဂ** ဒီပနီကျမ်းတွင် အောက်ပါအတိုင်း ရေးသားထားပါသည်။

ဘီလူး၊ သရဲ၊ သဘက်၊ တစ္ဆေ စသော နာနာဘာဝများ၏ အန္တရာယ်ကို . . .

၁။ သရဏဂုံသုံးပါး၊

၂။ နမောတဿဘုရားရှိခိုး၊

၃။ ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာ့ဂုဏ်တော်ကိုးပါး၊

၄။ ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်း၊

၅။ သမ္ဗုဒ္ဓေဂါထာတော်၊

၆။ နာညတြဗောဇ္ဈတပသာ ဂါထာတော်၊

၇။ သိရသ္မိံဂါထာတော်၊

၈။ ဓာရဏာပရိတ်တော် တို့ကို ရွတ်ပါက ထိုအန္တရာယ် တို့မှ ကင်းလွတ်စေတတ်၏ဟု ရေးသားထား သည်။

__သာဓကဝတ္ထုများ__

စာရေးသူမေးမြန်း၍ သိရှိရသော ပရလောကသား ဘီလူး၊ သရဲ၊ သဘက်၊ တစ္ဆေစသော နာနာဘာဝတို့၏ အန္တရာယ် ကင်းလွတ်ခဲ့ရပုံ၊ သက်သေဝတ္ထုသာဓကအချို့ကို ရေးသား တင်ပြလိုပါသည်။

---

## ဆရာတော်ကြီးတစ်ပါးနှင့် မည်းမည်းကောင် နာနာဘာဝကြီး

မလှိုင်မြို့နယ်ရေဝန်းရွာဇာတိဖြစ်သော ဆရာတော်ကြီး ဦးစန္ဒသည် အသက်အရွယ်ကြီးရင့်မှ ရဟန်းပြုသော်လည်း သီလနှင့် ပြည့်စုံ၏။ ဝိနယသံသယ (ဝိနည်းတော်ကျင့်ဝတ်တို့နှင့် ပတ်သက်၍ ယုံမှားဖွယ်မရှိအောင် သတိထားခြင်း) များလှ၏။

ဧကသနက် (တစ်နေရာတည်း၌ တစ်ထိုင်တည်း အစားစားသုံးခြင်းဟူသော မြတ်သောအကျင့်)၊ တိစီဝရိတ် (သင်းပိုင်၊ ကိုယ်ဝတ်၊ ဒုကုဋ်ဟူသော နှစ်ထပ်သင်္ကန်းကြီးသုံးထည်) ကိုသာ ဝတ်ရုံခြင်းဟူသော မြတ်သောဓူတင်အကျင့်တို့ကို အမြဲ ဆောင်တော်မူ၏။ မည်သည့်အရပ်ဌာနသို့ ရောက်သည်ဖြစ်စေ၊ ဆွမ်းကို အမြဲ ခံတော်မူ၏။

ထိုဆရာတော်ကြီးသည် တောထဲ၊ တောင်ထဲ၊ သစ်ပင်အောက်၊ ချောက်[illegible]ချောက်ကြား၊ သစ်ခက်တဲကျောင်းတို့၌ နေ

ထိုင်တော်မူသည်။ ထိုနေရာမျိုး၌သာ နေထိုင်လေ့ရှိသော်လည်း ကြောက်ဖွယ်လန့်ဖွယ်ကောင်းသော အမှုအရာမျိုး တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံဘူးသေးဟု ဆိုပါသည်။

တစ်နေ့သောအခါ ညတစ်ညတွင် လရောင်က ခပ်မှိန်မှိန် ဖြစ်လျက်ရှိရာ မိမိနေထိုင်သော ကျောင်းကလေးသို့ လာရာဖြစ်သောလမ်းအတိုင်း မသဲမကွဲ မည်းမည်း အရာဝတ္ထုကြီး လာနေသည်ကို ကျောင်းတွင်းမှ တွေ့မြင်ရ၏။ ကျောင်းကလေးအတွင်းသို့ ရောက်ရှိလာပြီး ထိုမည်းမည်းအရာဝတ္ထုသည် ဆရာတော်ကြီး၏ ကိုယ်ခန္ဓာပေါ်၌ တက်ပြီး ဖိတော့၏။

ထိုအခါ ဆရာတော်ကြီးက "ဣတိပိသော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ" အစရှိသော မြတ်စွာဘုရားဂုဏ်တော်များကို ရွတ်ဆိုလိုက်ရာ ထိုမည်းမည်းကြီးဖြစ်သော အရာဝတ္ထုသည် ဆရာတော်ကြီး၏ ကိုယ်ပေါ်မှ ဆင်း၍ ကျောင်းကလေးအတွင်းမှ လာလမ်းအတိုင်း မည်းမည်းကြီးပင် ပြန်သွားသည်ကို မြင်လိုက်ရသည်ဟု ဘုန်းကြီးအား ထိုဆရာတော်ကြီးက အမိန့်ရှိဖူးပါသည်။

ဤနေရာ၌ ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ၊ ပညာပြည့်စုံမှုကြောင့် အနည်းငယ်မျှ မကြောက်မလန့် ရှိသည်ကိုလည်း အံ့ဩဖွယ် ကောင်းလှပါသည်။ အကယ်၍ ဘုရားဂုဏ်

တော်များကို ရွတ်ဆိုတော်မမူပါလျှင် ထိုမည်းမည်း အရာဝတ္ထုကြီးသည် ရှေ့သို့ ဆက်လက်၍ မည်သို့ပြုလုပ်မည်ကို မတွေးတောဝံ့အောင်ပင် ရှိပါသည်။

ဤသည်လည်း ဘုရားဂုဏ်တော်ရွတ်ဆိုမှုကြောင့် ဒိဋ္ဌမမှ အန္တရာယ်ကင်း အကျိုးရခြင်း ဖြစ်ပါသည်။

(ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံ၊ ရွှေကျင်တိုက် ပထမဆရာတော်ကြီး ဦးဝါသဝါဘိဝံသ ရေး- သဗ္ဗမင်္ဂလဓမ္မဒေသနာစာအုပ် နှာ-၃၈၈မှ မူရင်းအတိုင်း ဖော်ပြပါသည်။)



# ဓမ္မကထိကဆရာတော်လေးနှင့် နာနာဘာဝကောင်ကြီး

## ဓမ္မကထိက ဆရာတော်လေးတစ်ပါး

စာရေးသူ ကျွန်တော်သည် လွန်ခဲ့သော ငါးနှစ်ခန့်က မန္တလေးမြို့သို့ ရောက်ခဲ့စဉ်တွင် အနောက်ပြင် ထီလင်းတိုက်ရှိ ကျောင်းတစ်ကျောင်းမှ ဆရာတော်တစ်ပါးထံ သွားရောက်ဖူးမြော်ပါသည်။

ထိုဆရာတော်၏ကျောင်းတွင် နေထိုင်သောဓမ္မကထိက ဆရာတော်လေးတစ်ပါးကို ဖူးတွေ့ရပါသည်။

ထိုဓမ္မကထိကဆရာတော်လေးနှင့် စကားစမြည်ပြောရင်း စာရေးသူက မေးလျှောက်ပါသည်။

"ဆရာတော်လေး ဘုရား. . . အရှင်ဘုရားအနေနဲ့ မြန်မာပြည် နယ်မြေအရပ်ရပ်သို့ တရားဟောကြွတဲ့အခါ တစ်ခါတစ်ရံ မမျှော်လင့်ဘဲ ပရလောကသားနာနာဘာဝအန္တရာယ်တွေနဲ့ တွေ့ကြုံဖူးမှာပေါ့နော်"

"ဟုတ်တယ် ဒကာကြီး၊ တွေ့ဖူးပါတယ်၊ တစ်ကြိမ်နှစ်ကြိမ်လောက်တော့ ကြုံတွေ့ခဲ့ရပါတယ်"

"ဒီလိုဆိုရင် အရှင်ဘုရားအနေနဲ့ အဲဒီ နာနာဘာဝကောင် ဘေးအန္တရာယ်ကို ဘယ်လို ကာကွယ်လွန်မြောက်ခဲ့ရပုံ၊ ဘယ်ပရိတ်ဒေသနာတွေကို ရွတ်ဖတ်ပူဇော်ပွားများလို့ ဘေးရန်ကင်းကွာချမ်းသာခဲ့ရပုံတွေကို အမိန့်ရှိတော်မူပါ ဘုရား"

"ဟုတ်ကဲ့ ဒကာကြီး၊ ဦးပဥ္စင်းကတော့ ကျေးဇူးတော်ရှင်လယ်တီဆရာတော်ကြီးရေးသားတော်မူတဲ့ ရောဂန္တရဒီပနီကျမ်းမှာပါရှိတဲ့ ဘုရားဟောဂါထာ ၂-ပုဒ်ကို အရကျက်ပြီး ထက်ထက်သန်သန် ရွတ်ဖတ်ပွားများပါတယ်"

အဲဒီဂါထာ နှစ်ပုဒ်ထဲက တစ်ပုဒ်က **သဗ္ဗေဗုဒ္ဓါ ဗလပ္ပတ္တာ** စတဲ့ ဂါထာဖြစ်ပြီး ပရိတ်ကြီးပါဠိတော် ပုဗ္ဗဏှသုတ်မှာပါတယ်။ ကျန် တစ်ပုဒ်ကတော့ **နာညတြဗောဇ္ဈာတပသာ** အစ ရှိ [illegible] သဂါထာဝဂ္ဂသံယုတ်ပါဠိတော်နဲ့ အဋ္ဌကထာမှာ ပါပါတယ်။

အဲဒီဂါထာတွေကို ထက်ထက်သန်သန် ရိုရိုသေသေ ရွတ်ဖတ်ရင် (၁) ရန်သူမျိုးငါးပါး အန္တရာယ်၊ (၂) ပရလောက

သားများဖြစ်ကြတဲ့ မကောင်းဆိုးဝါးကောင်များ၊ (၃) တစ္ဆေ၊ အစိမ်းသရဲများ၊ မြေဖုတ်ဘီလူးများ၊ ရေစောင့်ဘီလူးများ၊ ကောင်းကင်နေဘီလူးများ၊ နတ်ဆိုးနတ်မိစ္ဆာများ၊ ဖုတ်ပြိတ္တာစသည်တို့၏ အန္တရာယ်၊ (၄) သဘာဝဘေးအမျိုးမျိုးတို့မှ ကင်းလွတ်တယ်လို့ ဖော်ပြထားတယ်။

"ဟုတ်ပါသလား ဘုရား၊ အဲဒီ ဂါထာတွေကို ရွတ်ဖတ်လို့ အဲဒီဘေးအန္တရယ်တွေက ကင်းလွတ်ခဲ့ရပုံ အရှင်ဘုရားရဲ့ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုလောက်ကို ပြောပြတော်မူပါဘုရား"

"ဟုတ်ကဲ့ ဒကာကြီး၊ ရှိပါတယ်၊ ပြောပြပါမယ်၊ ဒါပေမယ့် ကျုပ်ရဲ့ဘွဲ့နာမည် အတတ်ပညာတွေကိုတော့ မဖော်ပြပါနဲ့ အဖြစ်အပျက်ကတော့ အမှန်ဖြစ်ပါတယ်"

## နာနာဘာဝကောင်ကြီး အန္တရာယ်မှ ကင်းလွတ်ရပုံ

ဦးပဥ္စင်းဟာ ၁၃၅၈ (၁၉၉၆) ခုနှစ်က မိုးကုတ်မြို့ကို တရားဟောကြွခဲ့ပါတယ်။ မိုးကုတ်မြို့ ပိတ်စွယ်ရပ်၊ ဘုရားငါးဆူကျောင်းတိုက်က စာသင်ဖက် ဆရာတော်တစ်ပါးဆီမှာ တည်းခိုပါတယ်။

ညတစ်ညမှာ အပေါ့အလေးသွားဖို့ ကုဋီကို သွားရာမှာ ညောင်ပင်ကြီးတစ်ပင်အောက်က ဖြတ်သွားရတယ်။ ညောင်ပင်

ကြီးနားရောက်တော့ မှောင်ထဲက နာနာဘာဝကောင်ကြီး တစ်ကောင်က သူ့ရဲ့ ကြီးမားတဲ့ခန္ဓာကိုယ်ကိုပြပြီး ရှေ့က ရပ်နေတယ်။ ဦးပဥ္စင်းက အထက်က ပြောပြခဲ့တဲ့ ဂါထာ နှစ်ပုဒ်ကို ၃၇-ခေါက် စီ ရဲရဲဝံ့ဝံ့ ထက်ထက်သန်သန် ရွတ်ဆိုလိုက်ပါတယ်။ မကြာပါဘူး။ ရွတ်လို့ မပြီးမီမှာဘဲ အဲဒီနာနာဘာဝကောင်ကြီးဟာ ရုတ်တရက် ရှောင်ခွာထွက်ပြေးသွားပါတယ်" ဟု ပြောပြပါသည်။

*ဂါထာ ၂-ပုဒ်ရဲ့ အနက်အဓိပ္ပာယ်*

စာရေးသူက ထိုဦးပဥ္စင်းအား . . .

"ဦးပဥ္စင်းဘုရား၊ ဦးပဥ္စင်းရွတ်ဖတ်တဲ့ ဂါထာ နှစ်ပုဒ်ရဲ့ အနက်အဓိပ္ပာယ်ကို ရေးပေးပါ ဘုရား"

ဟုလျှောက်ထားရာ ဦးပဥ္စင်းက စာရေးသူအသင့်ယူလာသော မှတ်စုစာအုပ်တွင် အောက်ပါအတိုင်း ရေးပေးပါသည်။

၁။ သဗ္ဗေဗုဒ္ဓါ ဗလပ္ပတ္တာ
ပစ္စေကာနဉ္စ ယံဗလံ။
အရဟန္တာနဉ္စ တေဇေန
ရက္ခံဗန္ဓာမိ သဗ္ဗသော။

၂။ နာညတြ ဗောဇ္ဈာတပသာ
နာညတြိန္ဒြိယ သံဝရာ။

နာညတြ ဿဇ္ဇနိဿယဂ္ဂါ၊
သောတ္တိ ပဿာမိ ပါဏိနံ။

## ၁။ အနက်အဓိပ္ပာယ်

ဗလပ္ပတ္တာ- ကာယဗလ၊ ဉာဏဗလ၊ ခန္တီ၊ မေတ္တာ၊ ဝီရိယ အစရှိသော အားအစွမ်းရှိတော်မူကြကုန်သော။ သဗ္ဗေ ဗုဒ္ဓါ-အလွန်များပြားကုန်သော အလုံးစုံသော မြတ်စွာဘုရားတို့၏လည်းကောင်း။ ပစ္စေကာနဉ္စ-များပြားကုန်သော ပစ္စေကဗုဒ္ဓါတို့၏လည်းကောင်း။ အရဟန္တာနဉ္စ-အလွန်များပြားကုန်သော ရဟန္တာအရှင်မြတ်တို့၏လည်းကောင်း။ ယံဗလံ- အကြင်ကာယဗလ၊ ဉာဏဗလ၊ ခန္တီ၊ မေတ္တာ၊ ဝီရိယ အစရှိသော အားအစွမ်းသည်။ အတ္ထိ- ရှိ၏။ တေသံဗလာနံ- ထိုကာယဗလ၊ ဉာဏဗလ၊ ခန္တီ၊ မေတ္တာ၊ ဝီရိယ အစရှိသော အားအစွမ်းတို့၏။ တေဇေန- တန်ခိုးတော်ကြောင့်။ သဗ္ဗသော-အချင်းခပ်သိမ်း။ ရက္ခံ-ဘေးရန်ဥပဒ် အန္တရာယ်အသွယ်သွယ်ကို ကင်းပျောက်စေတတ်သော အစောင့်အရှောက်ကို။ အဟံ-တပည့်တော် သည်။ ဗန္ဓာမိ- ဖွဲ့ပါ၏။ (ဝါ) စောင်းရန်းစည်းသဖွယ် ထားပါ၏။

## ၂။ အနက်အဓိပ္ပာယ်

ဗောဇ္ဈတပသာ- ဗောဇ္ဈင်ခုနှစ်ပါး မြတ်တရားကို။

အညတြ- ကြဉ်ထား၍။ ပါဏိန်- သူသူငါငါ သတ္တဝါတို့၏။ သောတ္တိ-ချမ်းသာရာ ချမ်းသာခွင့်ကို။ နပဿာမိ- မြင်တော်မမူ။ ဣန္ဒြိယသံဝရာ-ဣန္ဒြေစောင့်ကြောင်း ဣန္ဒြိယသံဝရခြောက်ပါး မြတ်တရားကို။ အညတြ-ကြဉ်ထား၍။ ပါဏိန်-သူသူငါငါ သတ္တဝါတို့၏။ သောတ္တိ-ချမ်းသာရာ ချမ်းသာခွင့်ကို။ အဟံ-သင်တို့ဆရာ ငါဘုရားသည်။ နပဿာမိ- မြင်တော်မမူ။ သဗ္ဗနိဿဂ္ဂါ- အလုံးစုံတပ်မက်နှစ်သက်ခြင်းကင်းရာ နိဗ္ဗာန်ချမ်းသာကို။ အညတြ-ကြဉ်ထား၍။ ပါဏိန်-သူသူငါငါ သတ္တဝါတို့၏။ သောတ္တိ-ချမ်းသာရာ ချမ်းသာခွင့်ကို။ အဟံ-သင်တို့ဆရာ ငါဘုရားသည်။ နပဿာမိ- မြင်တော်မမူ" ဟု ဆိုလိုပါသည်။

---



## သိရသွ်ဂါထာ၏အကျိုး

<u>သိရသွ် ဂါထာ</u>

လယ်တီဆရာတော်ကြီး ရေးသားတော်မူသော သုကုမာရမဂ္ဂဒီပနီကျမ်းတွင် နေ့စဉ် အန္တရာယ်ကင်းရှင်းရန် ညွှန်ကြားချက် ရှစ်ချက်တို့အနက် "သိရသ္မိံ ဗုဒ္ဓသေဋ္ဌော" ဂါထာသည်လည်း ဘီလူးသဘက်စသော အန္တရာယ်တို့မှ ကင်းလွတ်စေတတ်၏ဟု ရေးသားထားပါသည်။

ရတနာရွှေချိုင့်ပါဠိမှာပါသည့်

ထိုဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ သိရသ္မိံ မေ ဗုဒ္ဓသေဋ္ဌော၊

သာရိပုတ္တော စ ဒက္ခိဏေ။

ဝါမအံသေ မောဂ္ဂလာနော၊
ပုရတော ပိဋကတ္တယံ။
၂။ ပစ္ဆိမေ မမ အာနန္ဒော၊
စတုဒ္ဒိသာ ခီဏာသဝါ။
သမန္တာ လောကပါလာစ၊
ဣန္ဒာဒေဝါ သပြဟ္မကာ။
၃။ ဧတေသံ အာနုဘာဝေန၊
ဟိတွာ သဗ္ဗဘယဥပဒ္ဒဝေ။
အနေက အန္တရာယာပိ၊
ဝိနဿန္တု အသေသတော။

## အနက်အဓိပ္ပာယ်

ကျွန်ုပ်၏ဦးခေါင်းရတနာမြတ်အင်္ဂါထက်၌ လူသုံးပါးတို့ဟူသော လူ့,နတ်,ဗြဟ္မာတို့ထက် မြင့်မြတ်သော မြတ်စွာဘုရားသည် ရပ်တည်လာတော်မူပါစေသတည်း။ လက်ယာဘက် ပခုံးထက်၌ လက်ယာတော်ရံ အဂ္ဂသာဝကအရှင်သာရိပုတ္တရာ မထေရ်သည်လည်းကောင်း၊ လက်ဝဲဘက်ပခုံးထက်၌ လက်ဝဲတော်ရံ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန်သည်လည်းကောင်း၊ မျက်နှာမူရာရှေ့ဘက်၌ ပိဋကတ်သုံးပုံသည်လည်း

ကောင်း၊ လည်ကုပ်နောက်ပြင်ကျောဘက်၌ စေတဂ်ငါးတန်ဘွဲ့ ထူးခံသော အရှင်အာနန္ဒာမထေရ်မြတ်သည်လည်းကောင်း၊ ရှေ့နောက်ဝဲယာ လေးမျက်နှာတို့၌ အာသဝေါကုန်ခန်း ရဟန္တာ အရှင်မြတ်တို့သည်လည်းကောင်း၊ အရပ်ဆယ်မျက်နှာတို့၌ တန်ခိုးကြီးစွာ ဗြဟ္မာမင်းနှင့်တကွ သိကြားမင်းနှင့် နတ်ခပင်းတို့ သည်လည်းကောင်း၊ လောကပါလခေါ် လောကစောင့်နတ်မင်း လေးပါးတို့သည်လည်းကောင်း ရပ်တည်လာပါစေသတည်း။

ဤဆိုခဲ့ပြီးသော ဘုရား၊ တရား၊ သံဃာ၊ သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါတို့၏ တန်ခိုးတေဇော်အာနုဘော်တော်တို့ ကြောင့်၊ အလုံးစုံသော ဘေးဥပဒ်တို့သည်လည်းကောင်း၊ ထူး ထွေဆန်းပြားလှစွာသော ဘေးအန္တရာယ် အသွယ်သွယ်တို့သည် လည်းကောင်း အကြွင်းအကျန် မရှိသောအားဖြင့် ကင်းစင်လွင့် ပျောက်ကြပါစေသတည်း။

## တိုယ်တွေ့အကျိုးခံစားရသူ

အထက်ပါဂါထာတို့ကို နေ့စဉ်ရွတ်ဖတ်ပူဇော်သော ကြောင့် မြေစောင့်ဘီလူး၊ သချိုင်းသရဲ ဘေးအန္တရာယ်မှ ကင်း လွတ်ပြီး ချမ်းသာသုခနှင့်ပြည့်စုံရသော ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့ရပါသည်။

ထိုပုဂ္ဂိုလ်မှာ မြန်မာ့မီးရထားကော်ပိုရေးရှင်းမှ မီးရထားလမ်းအင်ဂျင်နီယာကြီးဖြစ်သူ ဦးတင်ကြည်ပင် ဖြစ်ပါသည်။ သူ၏နေအိမ်မှာ စာရေးသူတို့၏ နေအိမ်နှင့်ကပ်၍တည်ရှိပါသည်။ ရင်းနှီးသောအိမ်နီးချင်းများဖြစ်ကြ၍ သူက သူ၏ကိုယ်တွေ့သိရသိုဂ်ါထာ၏အကျိုးကို အောက်ပါအတိုင်း ပြောပြပါသည်။

"ကျွန်တော်ကတော့ မြန်မာ့မီးရထားကော်ပိုရေးရှင်းမှ မီးရထားသံလမ်းဘက်ဆိုင်ရာ အင်ဂျင်နီယာတစ်ဦး ဖြစ်ပါတယ်၊ မြန်မာပြည်အနှံ့အပြားမှာရှိတဲ့ မီးရထားသံလမ်းတွေကို လိုက်လံစစ်ဆေးခြင်း၊ မီးရထားလမ်းသစ်တွေ ဖောက်လုပ်ရာမှာ နေရာရွေးခြင်း၊ တိုင်းတာခြင်း၊ ဖောက်လုပ်ခြင်း စတဲ့လုပ်ငန်းတွေကို ကြီးကြပ်ဆောင်ရွက်ရပါတယ်။

ဒီလိုနဲ့ ၁၉၇၇ ခုနှစ်က ပြည်ရွှေတောင်ရထားလမ်းပေါ်မှာရှိတဲ့ မြို့သစ်-နမယံရွာ မီးရထားလမ်းကို ဖောက်ရာမှာ ကြီးကြပ်ဆောင်ရွက်ရပါတယ်။ ဖောက်လုပ်ရမယ့် မီးရထားလမ်းအူကြောင်းပေါ်မှာ နဂါးမောင်နှမဥစ္စာစောင့်ရှိတဲ့ ရေအိုင်ကြီးတစ်ခုရှိတယ်။ အဲဒီ ရေအိုင်ကြီးကို မြေဖို့ပြီး မီးရထားလမ်းဖောက်လုပ်ရမှာဖြစ်လို့ မြေတူးစက် ဘူဒိုဇာကြီးနဲ့ အနီးအနားမှာရှိတဲ့ ကုန်းမြင့်မှ မြေတွေကို တူးဖော်ကော်ယူပြီး မြေဖို့ရတယ်။

ကျွန်တော်ကတော့ အဲဒီလို လုပ်ရတာ အန္တရာယ်များမှန်း သိပါတယ်။ ဒါပေမယ့် အထက်က မီးရထားမင်းကြီးရဲ့

အမိန့်အာဏာအရ မဖြစ်မနေ တာဝန်ထမ်းဆောင်ရတာ ဖြစ်တယ်။

နမယ်ကျေးရွာအထွက် မနီးမဝေးမှာလည်း သင်္ချိုင်းကုန်း ရှိတယ်။ အဲဒီသင်္ချိုင်းကုန်းကို ဖြတ်ဖောက်ဖို့ မီးရထားလမ်းကြောင်းကလည်း တည့်တည့်မတ်မတ် ကျနေတယ်။ သင်္ချိုင်းကုန်းထဲက အုတ်ဂူတွေ၊ မြေပုံတွေကို မလွှတ်လို့ ဘူဒိုဇာနဲ့ တူးဖော်ပစ်ရတယ်။ သက်ဆိုင်ရာကျေးရွာလူကြီးတွေကို အကြောင်းစုံပြောပြပြီး ဆောင်ရွက်ရတာပဲ။ သူတို့က သင်္ချိုင်းနေရာ အစားသတ်မှတ်ပေးဖို့ ပြောကြတာကြောင့် ရွာနဲ့ မနီးမဝေးမှာ နေရာအစား သတ်မှတ်ပေးလိုက်ရတယ်။

ကျွန်တော်ကတော့ နံနက်အိပ်ရာထမှာ တစ်ကြိမ်၊ အလုပ်ခွင်သွားခါနီးမှာ တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီးတစ်ကြိမ် တစ်နေ့မှာ သုံးကြိမ်မှန်မှန် သိရသို့ဂါထာကို ရွတ်ဆိုပူဇော်ပါတယ်။

## ရှမ်းပယောဂဆရာကြီး

နမယ်ကျေးရွာသင်္ချိုင်းမီးရထားလမ်း ဖောက်လုပ်ရာမှာ သစ်ပင်ကြီးတစ်ပင် အနီးမှာရှိတဲ့ ရှမ်းပယောဂဆရာကြီးရဲ့ အုတ်ဂူသင်္ချိုင်းကို တူးဖြိုဖယ်ရှားခဲ့ရတယ်။

တစ်နေ့မှာ ကျွန်တော်တို့ မီးရထားလမ်းဖောက်လုပ်တဲ့ စခန်းတစ်နေရာကို ကျေးရွာလူကြီးတွေ၊ ထိုခေတ်က ကောင်စီအဖွဲ့လူကြီးတွေ လာရောက်ကြပြီး ပြောကြတယ်။

သူတို့ရွာထဲက မိန်းမတစ်ယောက်ကို ရှမ်းဆရာကြီးဘဝက သရဲဖြစ်သွားတဲ့ နာနာဘာဝကောင်ကြီးက ပူးဝင်ပြီး ကျွန်တော့်ကို တောင်ကုန်းပေါ်မှ တွန်းချသတ်ဖို့ ကြိုးစားသတဲ့၊ အဲဒီဂါထာတန်ခိုးကြောင့် ဘယ်လိုမှ ဒုက္ခရောက်အောင် မလုပ်နိုင်ကြောင်း၊ ဒေါသတကြီး ပူးဝင်ပြောကြားကြောင်း ပြောကြသတဲ့။

ရေအိုင်မှာနေကြတဲ့ "နဂါးမောင်နှမ ဥစ္စာစောင့်တွေကလည်း မကျေနပ်ကြဘူး၊ ကျွန်တော့်ကို ဒုက္ခရောက်အောင် အညှိုးထားကာ ကြိုးစားကြပြန်တယ်၊ ကျွန်တော့်ကို တကယ် ဒုက္ခရောက်အောင် မလုပ်နိုင်ကြဘူး၊ ကျွန်တော်က သိရသို့ ဂါထာကို မကြာခဏ ရွတ်ဖတ်နေတာကိုး။

## *ဇနီးသည်ကို ပူးဝင်*

တစ်နေ့မှာ ကျွန်တော်တို့ မီးရထားလမ်းဖောက်လုပ်ရေး အလုပ်သမားအဖွဲ့ တစ်နေ့တာအလုပ်နားကြလို့ ညနေဘက်မှာ အိမ်ပြန်ကြတဲ့အခါ အဲဒီနေ့ဟာ တန်ဆောင်မုန်းလဆန်း ၁၄-ရက် အဖိတ်နေ့ဖြစ်တယ်။ ရှမ်းဆရာကြီးသဲရဲက ကျွန်တော်ရဲ့ တပည့်တစ်ယောက်ရဲ့ထံမှာ အပ်ထားတဲ့ တိုင်းတာရေးပစ္စည်းများထည့်တဲ့ လွယ်အိတ်ထဲမှာ ကပ်ဝင်လိုက်လာသတဲ့။

ကျွန်တော်တို့ အိမ်ရောက်တော့ အဲဒီတပည့်က ကျွန်တော့်ရဲ့ဇနီးကို ပစ္စည်းကိရိယာထည့်ထားတဲ့ အိတ်ကို အပ်လိုက်သတဲ့။ ညဘက်ရောက်တော့ ကျွန်တော်ရဲ့ဇနီးဟာ မျက်စိတွေ နီရဲလာတယ်။ ကိုယ်ပူပြီး အပြင်းဖျားတော့တယ်။ သတိမေ့သွားပြီး သရဲကြီး ပူးဝင်လာတယ်။ သရဲက ကျွန်တော့်ကို သတ်ဖို့ ကြိုးစားပေမယ့် မရလို့ ကျွန်တော့်ရဲ့ဇနီးကို ဒုက္ခဖြစ်အောင်လုပ်တာဖြစ်ကြောင်း၊ သူ့အတွက် သချိုင်းကုန်းတစ်နေရာမှာ သစ်ပင်တစ်ပင် အစားစိုက်ပေးရမယ်။ မပေးရင် သေအောင်လုပ်မယ်လို့ ကြိမ်းမောင်းပါတယ်။

နောက်တစ်နေ့အထိ လူနာမသက်သာတဲ့အတွက် သံဃာတော် ငါးပါးတို့ကို ပင့်ဖိတ်ပြီး ပရိတ်ဒေသနာများ၊ ပဋ္ဌာန်းနဲ့ ယကမ္မဝါစာတို့ကို သံဃာတော်များက ရွတ်ဖတ်ပေးကြပါတယ်။ ပရိတ်ရေ၊ ပရိတ်ချည်မျှင်တို့ဖြင့် ကျွန်တော်ရဲ့ဇနီးကို ပက်ဖျန်းပေး၊ တိုက်ပေး၊ ချည်ခင်စွပ်ပေးတဲ့အခါကျမှ ကျွန်တော်ရဲ့ဇနီးဟာ သက်သာရာရပါတယ်။ ကျွန်တော်ရဲ့ တိုင်းတာရေး ပစ္စည်းတွေ ထည့်ထားတဲ့ အိတ်ထဲမှာ လိုက်ပါလာတဲ့ ရှမ်းဆရာကြီးသရဲအတွက် သူတို့ရွာအနီး သချိုင်းသစ်မှာ သစ်ပင်တစ်ပင်ကို အစားစိုက်ပေးလိုက်ရတယ်။

အဲဒီတော့. . . သီရသွိုင်ဂါထာတော်ရဲ့ တန်ခိုးကြောင့် ကျွန်တော့်ကို သရဲ၊ သဘက်၊ ဥစ္စာစောင့်၊ သိုက်စောင့်တို့က

ဘယ်လိုမှ မဖမ်းစားနိုင်ကြောင်း၊ ဒုက္ခရောက်အောင် မလုပ်နိုင်ကြောင်း ကိုယ်တွေ့ဖြစ်ပါတယ်ဟု ပြောပြပါသည်။

(တကယ့်အဖြစ်အပျက်ကို အမှန်အတိုင်း တင်ပြခြင်းဖြစ်ပါသည်)

---



# တမာပင်ဗိုက်ကြီး

## (၁)

စာရေးသူ ကျွန်တော်၏ဇာတိမွေးရပ်မြေမှာ မုံရွာခရိုင်၊ အရာတော်မြို့နယ်ဝါးတောမရွာ သာလှကျေးရွာကြီးဖြစ်ပါသည်။ ထိုရွာမှာ အရာတော်မြို့မှ အနောက်မြောက်ဘက် ငါးမိုင်ခန့်တွင် တည်ရှိ၍ ကျွန်တော်သည် ငယ်စဉ်က မူလတန်းဆင့်အထိ နေထိုင်ခဲ့ပါသည်။

ကျွန်တော်၏ ကိုယ်တွေ့နှင့် မိဘဘိုးဘွားများ၏ တစ်ဆင့်စကား ပြောပြချက်အရ ထူးဆန်းသော တမာပင်ကြီး တစ်ပင်အကြောင်းကို တင်ပြလိုပါသည်။

ရွာသာလှကျေးရွာ၏ အရှေ့မြောက်ဘက် သုံးဖာလုံခန့်ရှိ မယ်မင်းကြီးကုန်းခေါ်၊ ကုန်းတန်းကလေးအနီး လှည်းလမ်းကြောင်းပေါ်တွင် ထူးဆန်းသော တမာပင်ကြီးတစ်ပင် ရှိပါသည်။ ထိုတမာပင်ကြီးမှာ ထိုရွာ မတည်ထောင်မီကပင် ရှိခဲ့သည်။ ထိုရွာတည်ခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ ကျော်ပြီဖြစ်ကြောင်း ရှေးလူကြီးများက ပြောကြပါသည်။

ထိုတမာပင်ကြီးသည် အောက်ပိုင်းသေးသေး၊ အထက်ပိုင်းသေးသေး၊ အလယ်ပိုင်းကြီးကြီးဖြစ်၍ ရေတကောင်းတစ်ခုနှင့်တူသည်ဟု ပြောကြပါသည်။ အလယ်ပိုင်းနေရာမှာ လူသုံးယောက် လက်ချင်းဆက် သုံးဖက်စာခန့် ထုထည်ကြီးမားဖုထစ်နေသည်။ အောက်ခြေပိုင်း သုံးပေခန့်အထိ ခပ်သေးသေးဖြစ်၍ အပေါ်ပိုင်းတွင်လည်း သေးငယ်သွား၍ အကိုင်းအခက်များပေါက်နေသည်။ အလယ်ပိုင်းပတ်ပတ်လည်တွင် အဖွေးအခေါက်အသားများ ထူထပ်နေသည်။ ဗိုက်ကြီးသောအမျိုးသမီးကြီးတစ်ဦးနှင့် တူသောကြောင့် တမာပင်ဗိုက်ကြီး ဟု ရှေးလူကြီးများက ခေါ်ခဲ့ကြပါသည်။ ရွာသာလှကျေးရွာတည်စက ထိုရွာမှ ကိုယ်ဝန်သည်မိန်းမတစ်ယောက် သားမဖွားနိုင်ဘဲ သေဆုံးသွားခဲ့ရာ ထိုအချိန်က တမာပင်ငယ်တွင် နာနာဘာဝကောင်သရဲမ ဖြစ်နေခဲ့သည်။ ထိုအခါမှစ၍ နာနာဘာဝကောင်သရဲမကြီးတစ်ကောင် နေထိုင်သည်ဟု နာမည်ကြီးခဲ့ပါသည်။

---

**အောင်းချွန် စာပေ**

တမာပင်ဗိုက်ကြီး၏ သက်တမ်းသည် နှစ် ၁၅၀ ကျော် ပြီဖြစ်၍ ပင်စည်မှာ အပွေးအခေါက်တွေ ထူလပျစ်ဖြစ်နေသည်။ အထက်ပိုင်း၌ မျက်လုံးများနှင့်တူသော အဖုအထစ် နှစ်ခု၊ နှာခေါင်းကဲ့သို့ အထက်အောက်ခပ်သွယ်သွယ် အဖုအထစ် တစ်ခု၊ နှာခေါင်းနှင့်တူသော အဖုအထစ်အောက်တွင် ကန့်လန့် ဖြတ် အပေါက်အကွဲ ဖြစ်နေ၏။ ပါးစပ်နှင့် တူပါသည်။ ပါးစပ် ပေါက်နှင့်တူသော အပေါက်အဟကြီး၏ ဘေးတစ်ဖက်တစ်ချက် အစွန်းတစ်ဖက်စီတွင် အစွယ်နှင့်တူသော အချွန်အတက်ကြီး နှစ်ခုလည်း ပါရှိပါသည်။ ချုပ်၍ဆိုရသော် ဘီလူး၏မျက်နှာနှင့် တူသည်ဟု ဆိုရပါမည်။ ထို့ကြောင့် အချို့လူတို့က တမာပင် ဘီလူးမကြီးဟု ခေါ်ကြပါသည်။

(၂)

တမာပင်ဗိုက်ကြီး၏တောင်ဘက်မှ, ကပ်၍အရှေ့နှင့် အနောက်ဖြောင့်တန်းစွာ သွားသော လှည်းလမ်းကြောင်းတစ်ခု ရှိပါသည်။ မြောက်ဘက်ရှိ ဝါးတောမရွာ၊ အရှေ့မြောက်ဘက် တွင် ကန်သာရွာ၊ အောင်ချမ်းသာရွာ၊ ကျွဲခြံရွာများမှလူများသည် ရွာသာလှရွာသို့ လာရာတွင် ထို တမာပင်ဗိုက်ကြီးအောက်မှ ဖြတ်၍ အနောက်ဘက်ရှိ မှော်ဟောတောင်ကုန်း၊ ချမ်းသာကုန်း

သစ်ကွင်းကြီး၊ ကျောက်လှကုန်းစသော ကျေးရွာများသို့ သွားနိုင်ကြပါသည်။

တမာပင်ဗိုက်ကြီးသည် လူသွားလမ်း လှည်းလမ်းကြောင်းပေါ်တွင် အုပ်မိုးနေပါသည်။

တမာပင်ဗိုက်ကြီးနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်ကောင်းသော အဖြစ်အပျက်များ ရှိပါသည်။

ညနေပိုင်းနေဝင်ရီတရောအချိန်၌ တမာပင်ဗိုက်ကြီးအနီးမှ ဖြတ်သန်းသွားလာသူများသည် ကံနိမ့်သူများဖြစ်ပါကခြောက်လှန့်ခံရတတ်သည်ဟု ဆိုကြပါသည်။ ဘိုးဘွားများ၏လက်ထက်မှ စာရေးသူတို့ လက်ထက်အထိ ထူးခြားသောကြောက်လန့်ဖွယ်အဖြစ်အပျက်အချို့ ရှိခဲ့ပါသည်။

ထိုတမာပင်ဗိုက်ကြီးရှိရာသို့ ညမှောင်ရီနေဝင်ရီတရောအချိန်၌ တစ်ယောက်တည်း မသွားရဲကြပါ။ နေ့ခင်းဘက်တွင်သွားလျှင်တော့ ခြောက်လေ့မရှိ။ ညအခါသွားလာသူများ သရဲမကြီးက ကိုယ်ထင်ပြ ခြောက်လှန့်ခြင်း၊ သဲ၊ ကျောက်စရစ်ခဲတို့နှင့် ပစ်ပေါက်တတ်ခြင်း၊ သစ်ပင်ချုံနွယ်များကို လှုပ်ယမ်းပြတတ်ခြင်း စသည်တို့ကို ပြုလုပ်ပြတတ်သည်ဟု ပြောကြပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ငယ်စဉ်က ထိုအပင်ကြီးအနီးသို့ တစ်ယောက်တည်း မသွားရဲခဲ့ပါ။ လူကြီးများက စိုးရိမ်ကြ

ဖြင့် ကျွန်တော်တို့အား နမောတဿ ဘဂဝတော အရဟ-
တာ သမ္မာသမ္ဗုဒ္ဓဿ ဟူသော ဘုရားရှိခိုးစာပိုဒ်ကို ရွတ်သွား
် မှာကြားကြပါသည်။ ထိုဘုရားရှိခိုးစာပိုဒ်ကို ရွတ်ဆိုသွားလာ
ကြသောကြောင့် ကျွန်တော်တို့မှာ ဘာမျှမဖြစ်ခဲ့ပါ။

(၃)

တမာပင်ဗိုက်ကြီးမှ သရဲမကြီး၏ ပြုစားမှုကြောင့် ကျွန်
တော်တို့ရွာမှ မိန်းမပျိုကလေးတစ်ယောက်မှာ သေလုနီးပါး
သေရုံတမည် ရောဂါခံစားရကြောင်း အသက်မသေရခြင်းမှာ
းတောမတောင်ဘက် ဥက္ကံကျောင်းမှ ဦးပဥ္စင်းဦးနန္ဒဝံသ
ကြောင့်ဖြစ်ကြောင်း သိရပါသည်။ ထိုမိန်းမပျို
လေးမှာ(၁၅)နှစ်အရွယ် မတင်စိန်ဟုခေါ်ပါသည်။ ကျွန်တော်
၏ အစ်ကိုဝမ်းကွဲ ဦးအောင်ငြိမ်းနှင့် ဇနီးမရောင်းတို့၏ သမီး
လေး ဖြစ်ပါသည်။

လကွယ်နေ့တစ်နေ့၏ ညနေပိုင်း (၆) နာရီအချိန်တွင်
တင်စိန်သည် ရွာ၏အရှေ့မြောက်ဘက်ရှိ ယာတောမှ ဝါဂွမ်း
ကို ဆွတ်ယူ၍ တောင်းတစ်ခုတွင် ထည့်ကာ ခေါင်းပေါ်တွင်
က်ယူလာသည်။

ထိုတမာပင်ဗိုက်ကြီးအောက် ရောက်လေလျှင် သူမ
ည် ကြက်သီးတဖြန်းဖြန်း ထနေသည်။ ထိုသစ်ပင်ကြီးကို မော့

ကြည့်လိုက်ရာ တမာပင်ကြီး၏ ခွကြား၌ ထိုင်နေသော ဆံပင်စုတ်ဖွားနှင့် မိန်းမကြီးတစ်ယောက်ကို တွေ့ရ၏။

မတင်စိန်သည် အလွန်ကြောက်လန့်ပြီး ရွာဆီသို့ ပြေးဝင်လာသည်။ ပါးစပ်မှလည်း. .

"အမယ်လေး. . . အမယ်လေး၊ ကျွန်မကို သရဲခြောက်လို့ ကယ်ကြပါ. . . ကယ်ကြပါ"

ဟု အော်ဟစ်ပြေးလာ၏။ ရွာတံခါးအနီးသို့ရောက်လျှင် ခလုတ်တိုက်မိ၍ မှောက်ရက်လဲကျသွားသည်။ သူမ၏အော်ဟစ်သံကြောင့် သူမ၏ဆွေမျိုးမိဘများသည် အမြန်ရောက်လာကြသည်။ သူမမှာ လမ်းပေါ်တွင် ပါးစပ်မှ အမြှုပ်တစီစီ ထွက်နေ၏။ မျက်လုံးမျက်ဆန်ပြူးဖြစ်ကာ သတိမေ့လျော့သွားသည်။ အစ်ကိုအစ်မတွေက ပွေ့ချီယူလာပြီး သူမ၏မိဘများနေအိမ်သို့ ခေါ်ယူလာကြသည်။ အိမ်သို့ရောက်သော်လည်း မသက်သာသဖြင့် မြောက်ဘက်ရှိ ဝါးတောမရွာတောင်ဘက်ရှိ ဥက္ကံကျောင်းမှ ပယောဂကုတတ်သူ ဦးပဥ္စင်းဦးနန္ဒဝံသကို လှည်းဖြင့် သွားရောက် ပင့်ကြသည်။

ထိုသို့သွားခိုက် မတင်စိန်မှာ ဂနာမငြိမ် အောင် ဖြစ်နေရှာသည်။ အိပ်ရာထက်တွင် ဟိုဘက်သည်ဘက် လူးလိမ့်နေရင်း "ရင်ထဲက ပူတယ်၊ ပူတယ်၊ ကိုယ်ပေါ်မှာလည်း တစ်ယောက်

ယောက်က ကုပ်ကို ဖိစီးထားသလိုပဲ၊ လေးနေတယ်" ဟု ငိုကြွေး
ပြောဆိုသည်။

နာရီဝက်ခန့်ကြာလျှင် ဦးပဥ္စင်း
ဦးနန္ဒဝံသသည် လှည်းဖြင့် ရောက်လာသည်။ ဦးနန္ဒဝံသက
လူနာကို ပရိတ်ချည်မန်းကြိုးတို့ဖြင့် ချုပ်ထားလိုက်၏။ ပြီးမှ မေး
လိုက်သည်။

"ကဲ. . . ကဲ . . . ဒီလူနာ မတင်စိန်မှာ ပူးဝင်နေတာ
ဘယ်သူလဲ၊ မှန်မှန်ပြောပါ၊ လူနာကို မနှိပ်စက်ပါနဲ့၊ အမြန်
သက်သာပျောက်ကင်းအောင်လုပ်ပါ"

လူနာမှာ ယိမ်းယိုင် လှုပ်ရှားနေသည်။ မေးသည်ကို
မဖြေ။ ဦးပဥ္စင်းက ကြိမ်လုံးဖြင့် ကြမ်းပြင်ကို ခပ်ကြမ်းကြမ်း
ရိုက်ပြီး အမိန့်ပေးမှ ပြောသည်။

"ဟော. . . မောင်နန္ဒဝံသ၊ ငါဟာ တမာပင်ဗိုက်ကြီးမှာ
နေတဲ့ သရဲမဖြစ်တယ်၊ လူနာသူငယ်မရဲ့ အူတွေ၊ အသည်းတွေ
ကို စားချင်လို့ ပူးဝင်နေတာ၊ စားရမှ ငါကျေနပ်မယ်၊ ဦးပဥ္စင်းက
မဆိုင်ဘဲနဲ့ မပါချင်ပါနဲ့၊ ဦးပဥ္စင်းဟာ ငါ့ရဲ့မြစ်လောက် ရှိတယ်၊
ငါ့ကိစ္စမှာ မစွက်ဖက်ချင်ပါနဲ့၊ ပြန်သွားပါ"

ဦးပဥ္စင်းဦးနန္ဒဝံသက လက်မလျှော့ ခပ်ထန်ထန် အမိန့်
ပေးလိုက်သည်။

"အလို. . . သရဲအိုမ၊ သင်ဟာ ဒီလူနာမိန်းကလေး
ဘာမှ မနှောင့်ယှက်ပါနဲ့၊ အမြန်ထွက်သွားပါ၊ မထွက်ရင် ငါ့
ဆေးကြိမ်လုံးနဲ့ ရိုက်မယ်၊ သင့်ရဲ့အသား မနာချင်ရင် လူနာ
ဘာမှ မဖြစ်စေဘဲ အမြန်ထွက်သွားပါ"

သရဲမသည် မကျေမချမ်း ဖြစ်သည်။ အော်ဟစ်
ပြောသည်။

"ဟေ့. . မောင်ပဥ္စင်း၊ သင့်ရဲ့ဆေးဝါးတွေ ကောင်း
ကြောင့် ငါက အလျှော့ပေးလိုက်တယ်၊ နောက်တစ်ကြိမ်မှာ
ဟာ ငါ့နယ်မြေထဲ ရောက်ရင်တော့ သတိထားပါ"

ဟုဆိုကာ ထွက်သွားသည်။

ဦးနန္ဒဝံသက မတင်စိန်အားရေမန်းတိုက်၍ ရေမန်း
လည်း ပက်ဖျန်းပေး၏။ မကြာမီ ထထိုင်နိုင်၍ နေကောင်း
သည်။

(၃)

နောက်သုံးလခန့်ကြာသောအခါ ဝါးတောမရွာ
ကျောင်းမှ ဦးပဥ္စင်းဦးနန္ဒဝံသသည် လကွယ်နေ့ညနေပိုင်း
ရွာသာလှကျေးရွာကျောင်းသို့ သူ၏စာသင်ဖက်မိတ်ဆွေဦးဥ
ထံအလည်အပတ်လာရောက်သည်။ လကွယ်နေ့ဖြစ်၍ ဥပုသ်

ရန်လည်း ဖြစ်သည်။ ဦးပဥ္စင်းနှစ်ပါးတို့သည် ဥပုသ်ပြုကြပြီး နောက် တစ်နာရီခန့် စကားစမြည်ပြောကြသည်။

ထို့နောက် ဦးနန္ဒဝံသသည် ညနေ ခြောက်နာရီခန့်တွင် ကြိမ်လုံးတစ်ခုကို ကိုင်ဆွဲကာ မိမိနေထိုင်ရာ ဥက္ကံကျောင်းသို့ ပြန်ကြွလာ၏။

ထိုအချိန်မှာ ညနေဝင်ရီတရော အမှောင်ဝင်စအချိန် ဖြစ်သည်။ ဦးနန္ဒဝံသသည် ရွာသာလှကျေးရွာ၏ အရှေ့မြောက် ဘက်ရှိ တမာပင်ဗိုက်ကြီးအနီးမှ လမ်းဖြင့် ပြန်ရသည်။ အခြား သွားစရာ လမ်းမရှိ။ တမာပင်ဗိုက်ကြီးအောက် ရောက်လေလျှင် ဦးနန္ဒဝံသသည် ကြိမ်လုံးကို မြဲမြဲကိုင်ဆွဲ၍ ရှေ့သို့ ကြွသွား၏။ တမာပင်ဗိုက်ကြီးရောက်လျှင် အပေါ်မှ သဲ၊ ကျောက်ခဲတို့ကို ပစ်ချသည်။ ဦးပဥ္စင်းက မကြောက်၊ ရှေ့သို့ဆက်ကြွသည်။ လှည်း လမ်း၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ဆူးပင်ချုံပင်များ ယိမ်း ယိုင် လှုပ်ရှားပြသည်။ လမ်းပေါ်တွင်လည်း ဆူးလုံးဆူးခက်ကြီး များက ပိတ်ဆို့ကာဆီးထားသည်။

ဦးပဥ္စင်းက ဂါထာဖြင့် မန်းမှုတ်၏။ သမ္ဗုဒ္ဓေဂါထာကို အဆက်မပြတ် ရွတ်ဆိုသည်။ ကြိမ်လုံးဖြင့် ဆူးလုံးကြီးများကို လွှဲ၍ ဘယ်ပြန်ညာပြန် ရိုက်ထုတ်ပစ်သည်။ ကြိမ်နှင့် ရိုက်လိုက် သောအခါ ဆူးလုံးကြီးတွေ လွင့်စဉ်သွားပါသည်။ မကြာပါ။ နောက်ထပ် ဆူးလုံးကြီးတွေ ပြည့်အောင် ပိတ်ဆို့နေပြန်သည်။

ဦးပဥ္စင်းဦးနန္ဒဝံသကား လက်မလျှော့၊ ကေသီအပေါ်ရှိ သက်နိုးကို ခါးတွင် တင်းတင်းရစ်ပတ်ချည်ကာ တွေ့ရသမျှ ဆူးလုံးတို့ကို ဘယ်ပြန်ညာပြန် ရိုက်ထုတ်ပစ်နေသည်။

နေလည်း ဝင်သွားပြီ၊ အမှောင်ထုကြီးက လွှမ်းမိုးလာသည်။ ဦးပဥ္စင်းဦးနန္ဒဝံသသည် သမ္ဗုဒ္ဓေဂါထာကို မာန်ပါပါဖြင့် ဩန်ကရိုဏ်းကျကျ ရွတ်ဆိုပြီး လွယ်အိတ်ငယ်ထဲမှ ဆေးလုံးဖြင့် ပစ်ပေါက်လိုက်တော့မှ ဆူးလုံးကြီးများမှာ ရှင်းလင်းပျောက်ကွယ်သွားတော့သည်။ နောက်ထပ် ဆူးလုံးများ ပေါ်မလာတော့ချေ။

(၄)

ထို့နောက် မိုးချုပ်၍ မှောင်မိုက်လာပြီဖြစ်၍ ဦးနန္ဒဝံသသည် မိမိနေထိုင်ရာ ဥက္ကံကျောင်းသို့ မပြန်တော့ဘဲ နောက်ပြန်လှည့်ကာ မိမိ၏ စာသင်ဖက်သူငယ်ချင်း ဦးဥတ္တမရှိရာ ရွာသာလှကျောင်းသို့ ပြန်လာ၏။ သရဲခြောက်ကြောင်း ပြော၏။ ထိုညအဖို့ ထိုကျောင်းမှာပင် ညအိပ်စက်တော်မူသည်။ နံနက်ဆွမ်းစားပြီးမှ မိမိနေရာ ဥက္ကံကျောင်းသို့ ပြန်ကြွသည်။

နံနက်မိုးလင်းမှ မိမိနေရာဥက္ကံကျောင်းသို့ တမာပင်ဗိုက်ကြီးအောက်မှ တစ်ပါးတည်း ပြန်ကြွသောအခါ မည်သည့်အနှောင့်အယှက်မျှ မရှိတော့ဟု သိရသည်။

(၅)

ယခုအချိန်အထိ ထိုတမာပင်ဗိုက်ကြီးပင်သည် မူလနေရာတွင် အိုမင်းစွာတည်ရှိနေဆဲဖြစ်သည်။ စာရေးသူကျွန်တော်သည် တစ်ခါတစ်ရံ မိမိ၏မွေးရပ်မြေကျေးရွာရှိ ညီအစ်ကိုမောင်နှမများရှိရာသို့ အလည်အပတ် ရောက်ပါ၏။ တမာပင်ဗိုက်ကြီး၏အကြောင်းကို စကားစပ်မိ၍ မေးကြည့်မိပါ၏။ ယခုအခါ အရင်ကကဲ့သို့ သရဲမခြောက်တော့ကြောင်း သရဲမကြီးမှာ ဘဝကူးသွားဟန်တူကြောင်း ပြောကြပါသည်။

---



## တွင်းပိုင်ကြီး ဦးဘညို

(၁)

<u>*အင်းသူကြီးတစ်ယောက်*</u>

လွန်ခဲ့သော နှစ်ပေါင်း (၆၀) ကျော်က အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။

ရောဝတီတိုင်းဒေသရဲမြို့နယ် အနောက်တောင်ပိုင်း နောက်ပြန်ထိုးချောင်းမကြီး၏ ချောင်းလက်တက်တစ်ခု၏ တောင်ဘက်တွင် ဇလတ်ကုန်းအမည်ရှိသော ကျေးရွာတစ်ရွာတွင် ဖြစ်ပျက်ခဲ့ပါသည်။

ဇလတ်ကုန်းကျေးရွာ၏အနီး ၁၅-ကေခန့် ရှိသော လယ်ကွင်းကြီးနှင့် ငါးကေခန့်ကျယ်သော အုန်းခြံ ကွမ်းသီးပင်ခြံ

ဓနိခြံကြီးတို့ရှိပါသည်။ ယင်းလယ်ကွင်းကြီးနှင့် ခြံတို့ကို ဦးဘညို အမည်ရှိသော ဇလတ်ကုန်းကျေးရွာသူကြီးက ပိုင်ဆိုင်ပါသည်။ ဦးဘညိုသည် သူတို့ကျေးရွာပတ်ဝန်းကျင်တွင် ဩဇာတိက္ကမ ရှိသည်။ ထိုကျေးရွာနှင့်အနီး ကျေးရွာများတွင် ဆွေးမျိုးနီးစပ်သူ တွေသာ များပါသည်။

ဦးဘညိုသည် မိုးရာသီတွင် သူ၏လယ်အလုပ်၊ ခြံ အလုပ်တို့ကို သူ၏လယ်ဧက (၁၅) ဧကတို့ကို သူ၏သားများကို ဦးစီး၍ လုပ်စေ၏။ ခွကြီးခေါ် သူဘို့၏ ရွာအနီးရှိ ချောင်းခွဆုံ နေရာတွင် အင်းလုပ်ငန်းကို သူကိုယ်တိုင် စနစ်တကျ ဦးစီး၍ လုပ်ကိုင်ပါ သည်။ သူ၏အင်းလုပ်ငန်းမှာ မိုးဦးကျစ မေလမှစ၍ အောက်တိုဘာလကုန်သည်အထိ အစိုးရထံမှ လေလံဆွဲ၍ လုပ်ကိုင်သည်။

ဦးဘညိုကိုယ်တိုင် သူ၏ကျွမ်းကျင်သော ရေလုပ်သား (၁၅) ယောက်တို့နှင့် အတူ အင်းလုပ်ငန်းကို ဇောက်ချလုပ်ကိုင် သည်။ သူ၏ သားများနှင့် တူများကို ပူးတွဲလုပ်ကိုင်တာဝန်ခွဲဝေ ချထားသည်။ မိုးရာသီတွင် သူ၏အင်းလုပ်ငန်းမှ ပုစွန်နှင့် ငါး အမျိုးမျိုးတို့ကို ချောင်းထဲတွင် ပိုက်ကွန်ကြီးများဖြင့် ကောင်းစွာ ဖမ်းယူသည်။ ချောင်းခွဆုံနေရာတွင် ဝါးပိုးလုံးတိုင်ကြီးများဖြင့် တဲကြီးတစ်လုံးကို ဆောက်လုပ်၍ အလုပ်သမားများနှင့်အတူ နေ့ရော ညပါ အောက်လင်းဓာတ်မီးကြီးများ ထွန်း၍ သဲ့ယူ

ဖမ်းဆီးသည်။ နေ့စဉ် ပုစွန်နှင့်ငါးများ ပိဿပေါင်းများစွာ ရရှိသည်။ ရသမျှ ပုစွန်နှင့် ငါးအမျိုးမျိုးတို့ကို အလုပ်သမားတို့အား ငါးပုစွန်အမျိုးအစားနှင့် အရွယ်အစားစားခွဲကာ ကြိမ်ကွင်းတပ်တောင်းကြီးများဖြင့်ထည့်၍ ဖျာပုံမြို့ရှိ ပုစွန်နှင့် ငါးပွဲရုံသို့ ပို့ရသည်။ သူ့တွင် မော်တော်ဘုတ်ကြီးတစ်စင်း ပိုင်ဆိုင်၏။ သူ၏သားနှင့်တူ နှစ်ယောက်တို့ကို ဦးစီးစေ၍ ရောင်းချစေ၏။

သူ၏ နှစ်စဉ်အစိုးရသို့ အင်းခွန်လိုင်စင်ခငွေမှာ ထိုခေတ်က (၈၀၀၀၀) ကျပ်ဖြစ်သည်။ သူ့တွင် နေ့စဉ် ဝင်ငွေကောင်းလှသောကြောင့် အင်းလေလံအခွန်တော်ကြေးအပြင် အမြတ်ငွေ သိန်းချီ၍ရသည်။

ဦးဘညိုမှာ အင်းလုပ်ငန်းနှင့် လယ်ယာမြေခြံလုပ်ငန်းတို့မှလည်း ဝင်ငွေများစွာ ရရှိသည်။ ဆောင်းနှင့် နွေရာသီတွင် အုန်းသီး၊ ကွမ်းသီးနှင့် ဓနိဖက် ရောင်းဝယ်ရေးလုပ်ငန်းကိုလည်း တက်တက်ကြွကြွ လုပ်ကိုင်သည်။

•လောဘကြီးစွာ လုပ်ကိုင် သဖြင့် သူတို့ရွာတွင် အချမ်းသာအကြွယ်ဝဆုံး ဖြစ်သည်။ ကိုယ်ပိုင် သွပ်မိုးပျဉ်ထောင် နှစ်ထပ် တိုက်ခံအိမ်ကြီးတစ်လုံးနှင့် ထည်ထည်ဝါဝါ နေထိုင်နိုင်သည်။ သူ့တွင် သားသမီး သုံးယောက် ရှိ၍ သူတို့ကို သူတို့ရွာတွင် အိမ်တစ်လုံးစီကို ဆောက်လုပ်ပေးသည်။

လက်အောက်ခံတပည့် ရေလုပ်သားလယ်လုပ်သားများ နေထိုင်ရန် သူ၏အိမ်ခြံကြီးအနီးတွင် ခနိမိုးဝါးတဲကြီး လေးလုံးကိုလည်း ဆောက်လုပ်ထားသည်။

အင်းလုပ်သား၊ လယ်လုပ်သားများနှင့် သိုက်သိုက်ဝန်းဝန်းရှိ၍ ထိုခေတ်က ငွေကြေးချမ်းသာသူ တစ်ဦး ဖြစ်သည်။ သူ၏ဇနီး၊ သားသမီးတို့မှာ ရွှေတွဲလွဲ၊ ငွေတွဲလွဲ ဝတ်ဆင်နိုင်ကြသည်။ သူတို့ဒေသ ကျေးရွာတစ်ဝိုက်တွင် ဂုဏ်သရေရှိပုဂ္ဂိုလ်ဖြစ်ခဲ့ပါသည်။

(၂)

*__အကုသိုလ်အလုပ်၌ပျော်မွေ့__*

ဦးဘညိုသည် ရိုးရာမိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပါ၏။ သို့သော် ဘာသာရေးအသိဉာဏ် ပြည့်စုံမှု မရှိ၊ ရိုးရာအလှူဒါန အနည်းငယ်ကိုသာ ပြုလေ့ရှိသည်။ သီလစောင့်သုံးခြင်း၊ ဘာဝနာပွားခြင်းအလုပ်တို့တွင် စိတ်မဝင်စား၊ လုပ်လေ့မရှိ။

ရေလုပ်ငန်း၊ အင်းလုပ်ငန်းပိုင်ရှင်ဖြစ်၍ နေ့စဉ်သူတစ်ပါး အသက်ပေါင်းများစွာတို့ကို သတ်ဖြတ်ရခြင်း (ပါဏာတိပါတ)၊ သေရည်သေရက်သောက်စားခြင်း (သုရာမေရယ) တို့ကို တပည့် လက်သားများနှင့်အတူ ပျော်ပျော်ပါးပါး

စားစားသောက်သောက် လုပ်တတ်၏။

သူ၏ အင်းလုပ်ငန်းတွင် ချောင်းပိုင်၊ အင်းပိုင် နာနာဘာဝပုဂ္ဂိုလ်ကြီးတွေကို အရက်ပုလင်း၊ အမဲသားစိမ်း၊ ဝက်သားစိမ်း စသည်ဖြင့် မကြာခဏ ပူဇော်ပသပွဲပြုလုပ်၏။ လက်အောက်ခံ ရေလုပ်သားတို့ကိုလည်း အရက်သေစာနှင့် အသားငါးတို့ကို နေ့စဉ် တိုက်ကျွေးသည်။ အလုပ်သမားတို့မှာ နေပူမရှောင်၊ မိုးရွာမရှောင် အလုပ်ကြမ်းလုပ်ကိုင်ရသူများ ဖြစ်သောကြောင့် အသောက်အစားတို့ကို ကြိုက်နှစ်သက်ကြလေသည်။

ဦးဘညိုသည် ဥပုသ်သီလစောင့်သုံးခြင်း၊ သမထ ဝိပဿနာပွားခြင်းတို့ကို လုံးဝမလုပ်ချေ။ စီးပွားရေး ငွေရရေးကိုသာ အလောတကြီး လုပ်ကိုင်နေသူဖြစ်သည်။

(၃)

<u>မသေချင်ဘဲ သေရ</u>

ဦးဘညိုသည် အသက်အရွယ် အတော်ထောက်လာ၏။ အသက်အရွယ်(၆၀)ကျော်လာသည်။ အသက်ငယ်စဉ်မှစ၍ အင်းလုပ်ငန်းကို ဇောက်ချလုပ်ကိုင်ခဲ့ရာ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာဟူသော စကားကဲ့သို့ ကုသိုလ်နည်းပါး၊ အကုသိုလ်အားကြီးသူတစ်ယောက် ဖြစ်သည်။

သူသည် စီးပွားရေး၊ ငွေရရေးတို့ကိုသာ အလေးထား၍ လုပ်ကိုင်သူဖြစ်သည်။ ကျန်းမာရေးကို အလေးမထား၊ ကျန်းမာရေး အကြောင်းကိုလည်း ဗဟုသုတနည်းပါး လျစ်လျူရှုထားတတ် သည်။

ထို့ကြောင့် သူ့တွင် ထုံနာကျဉ်နာနှင့် ကင်ဆာရောဂါ ကြီး စွဲကပ်လာသည်။ သူသည်ငွေကြေးတတ်နိုင်သူတစ်ဦးပီပီ အင်္ဂလိပ်မြန်မာ ထိုးဆေး၊ စားဆေး အမျိုးမျိုးတို့ဖြင့် ဆရာဝန်၊ ဆရာမ မြန်မာတိုင်းရင်းဆေးဆရာကြီး အမျိုးမျိုးဖြင့် ဆေးကုသ မှုကို ခံယူ၏။ သို့ရာတွင် မည်သို့မျှ ကုသ၍ မရတော့ချေ။

တစ်နေ့တွင် သူမြတ်နိုးသော အင်းလုပ်ငန်းကြီး၊ ဇနီး၊ သားသမီးတို့၊ ရှိသမျှ ပစ္စည်းစည်းစိမ်တို့ကို စွန့်၍ သေမင်း နောက်သို့ မလိုက်ချင်ဘဲ လိုက်ခဲ့ရတော့သည်။

(၄)

<u>*ဗိုလ်တွာဘုံသားဖြစ်ရ၏*</u>

ဦးဘညိုတွင် မဖြစ်စလောက် ဒါနကုသိုလ် ရှိခဲ့ပါ၏။ သီလ၊ ဘာဝနာ၊ သမထ၊ ဝိပဿနာကုသိုလ်တို့ကား မရှိ သလောက် ဖြစ်ခဲ့သည်။ သေဆုံးပြီးနောက် သူ၏လယ်ကွင်းထဲ တွင် ကွင်းပိုင်သရဲကြီး ဖြစ်ရတော့သည်။ သူတစ်ပါး၏ အသက်

ပေါင်း မရေမတွက်နိုင်အောင် သတ်ဖြတ်ခဲ့ခြင်း၊ ငွေကြေးပစ္စည်းတို့ကို အစွဲကြီးခဲ့ခြင်းကြောင့် ငရဲဘုံသား၊ ဝိနိပါတိကပြိတ္တာမျိုးဖြစ်သော သရဲကြီး ဖြစ်ရတော့၏။

ထို့နောက် သူ၏ ကျန်ရစ်သော ဇနီးသားသမီး၊ ဆွေမျိုးတို့ထံ အိပ်မက်ပေးသည်။ "သူသည် သူ၏လယ်ကွင်းကျယ်ကြီး၊ ခနီခြံ၊ ကွမ်းသီးခြံ၊ အုန်းခြံ၊ စသည်တို့ကို အပိုင်းစားရသော ကွင်းပိုင်သရဲကြီး ဖြစ်ရသည်" ဟု အိပ်မက်ပေးသည်ဟု ဆိုပါသည်။ "သူ့အား တစ်နှစ်လျှင် ဝါဝင်ဝါထွက် နှစ်ကြိမ်ထက်မနည်း အရက်ပုလင်း၊ သားစိမ်း၊ ငါးစိမ်းတို့ဖြင့် ပူဇော်ပသပါ" ဟု မှာကြားသည်။

သူက "လယ်ကွင်းကျယ်ကြီး၊ ခနီခြံ၊ ကွမ်းသီးခြံ၊ အုန်းခြံများကိုသာမက အနီးအနားရှိ လယ်ကွင်း၊ ခြံမြေ၊ ရွာတို့ကို စောင့်ရှောက်နေသည်ဟု ပြောဆိုသည်။ ထို့ကြောင့် သူ့ကို ကွင်းပိုင်ကြီးဦးဘညိုဟု ခေါ်တွင်ကြပါသည်။

ကွင်းပိုင်ကြီးဦးဘညိုကို သူတို့ရွာနီးချုပ်စပ်၌ မသိသူမရှိလောက်အောင် ထင်ရှားပါသည်။ ကွင်းပိုင်ကြီးဖြစ်သော်လည်း လူတို့ကို မတရားပြုစားခြင်း၊ ဖမ်းစားခြင်းမပြု။ သူ့အတွက် အရက်သေစာများ၊ သားစိမ်း၊ ငါးစိမ်းများနှင့် လေးလေးစားစား ပူဇော်ပသသူများကို စီးပွားရေးကောင်းအောင် မ,စတတ်သည်ဟု ပြောကြပါသည်။

---

ကွင်းပိုင်ကြီးဦးဘညို၏ လူ့ဘဝတုန်းက သား၊ သမီး၊ မြေး၊ မြစ် အဆက်အနွယ်များမှာ သူ၏နေရပ်ဇာတိ ဇလတ်ကုန်း ရွာတွင် ဆက်လက်ရှိခဲ့ကြသည်။ သူ၏ မြစ်များ၊ တီများအထိ သူသည် ကွင်းပိုင်ဘဝမှ မကျွတ်သေးချေ။

(၅)

<u>*ရွှေဖားကလေးလက်ဆောင်*</u>

ကွင်းပိုင်ကြီးဦးဘညိုသည် ကျွတ်ချိန်ကို စောင့်မျှော်နေသည်။ ထိုဘဝမှ ကျွတ်လွတ်ချင်လာသည်။ သူ့မှာ အကုသိုလ်များခဲ့သည် မှန်သော်လည်း ကုသိုလ်ဒါန အနည်းငယ်တော့ ရှိခဲ့ပါသည်။

ထို့ကြောင့် သူသည် ကွင်းပိုင်သရဲဘဝမှ ကျွတ်လွတ်ရန် ကုသိုလ်ပြု အမျှပေးဝေမှုကို ခံယူချင်လာသည်။ သို့ဖြစ်၍ သူ၏ မြစ်တော်သူ ကိုမြသန်းဆိုသူအား အိပ်မက်ပေးသည်။ ထိုအချိန်က ကိုမြသန်းသည် အဘေးတော်စပ်သူ ဦးဘညို ပိုင်ဆိုင်သော လယ်ကွင်း၊ အုန်းခြံ၊ ခနီခြံ၊ ကွမ်းသီးခြံတို့ကို ဦးစီး၍ ဆက်လက်လုပ်ကိုင်စားသောက်နေချိန် ဖြစ်သည်။

အိပ်မက်ထဲတွင် . . .

"မောင်မြသန်းရေ . . . မင်းကို ငါ မစကူညီချင်ပါတယ်၊ ဟောဒီလယ်ကွင်းကြီးရဲ့ အရှေ့တောင်ဘက်စွန်းမှာရှိတဲ့ လမုပင်

ကြီးရဲ့ အရှေ့ဘက် နှစ်တောင်လောက်နေရာကို တူးကြည့်ပါ။ မြေစဥ့်အိုးကလေးတစ်လုံး အဖုံးအပိတ်နဲ့ တွေ့လိမ့်မယ်။ စဥ့်အိုးထဲမှာ ရွှေဖားရုပ်ကလေးနဲ့ ငွေဒင်္ဂါးပြားတွေ ရှိတယ်။ အဲဒါကို မင်းယူပါ။ ယူပြီးတော့ ထုခွဲရောင်းချပါ။ ရသမျှ ငွေအချို့ကို သင်္ကန်း၊ သပိတ် စတဲ့ပရိက္ခရာတွေ အစုံအလင် ဝယ်ပါ။ သံဃာတော် ငါးပါးတို့ကို ပင့်ဖိတ်ပြီး ဆွမ်းကပ်ပါ။ အနီးအနားမှ သားသမီး၊ မြေးမြစ်၊ ဆွေမျိုးတွေကိုလည်း ဖိတ်ပြီး ကျွေးမွေးပါ။ အလှူပြီးတဲ့အခါ ငါ့ကိုရည်မှန်းပြီး နာမည်ခေါ်ပြီး ကုသိုလ်ဒါနရဲ့ အဖို့ဘာဂကို အမျှပေးဝေပါ။ ငါဟာ သာဓုခေါ်ရလို့ရှိရင် ဒီကွင်းပိုင်သရဲဘဝက ကျွတ်လွတ်ရမယ်။ အဲဒီကိစ္စအတွက်ကို မဖြစ်မနေ ဆောင်ရွက်ဖို့ မမေ့ပါနဲ့၊ ငါ့ကို ကူညီပါ၊ ကျန်တဲ့ငွေအချို့ကိုလည်း မင်းလိုသလို သုံးပါ" ဟု တောင်းပန်မှာကြားသည်ဟု ဆိုပါသည်။

(၆)

*တာဝန်မကျေပေါ့လျော့သူ*

နောက်တစ်နေ့နံနက်တွင် ကိုမြသန်းသည် ကွင်းပိုင်ကြီးဦးဘညို အိပ်မက်ပေးသည့်အတိုင်း ထိုနေရာသို့ သွား၍ တူရွင်းဖြင့် တူးဖော်သည်။ မြေအံနက် နှစ်တောင်လောက်တွင် အဖုံးအပိတ်ပါ စဥ့်အိုးငယ်တစ်လုံးကို တွေ့ရသည်။ အပေါ်သို့ ဖော်

ထုတ်၍ အဖုံးကို ဖွင့်ကြည့်ရာ အလေးချိန် လေးကျပ်သားခန့် ရွှေဖားရုပ်ကလေးတစ်ခုနှင့် ရှေးခေတ်ငွေဒင်္ဂါးပြား ၅၀ တို့ကို တွေ့ရသည်။

သို့ရာတွင် ကိုမြသန်းကား ခပ်ပေါ့ပေါ့ နေသည်။ ရသမျှ ငွေဖြင့် ဖျာပုံမြို့ တစ်နေရာတွင် အိမ်တစ်လုံးကို ဝယ်ယူလိုက် သည်။ အဘေးဖြစ်သူ ဦးဘညို၏ မှာကြားချက်ကို ဂရုမထား တာဝန်မကျေသူဖြစ်သည်။ မည်သည့် အလှူဒါနကိုမျှ ကြီးကြီး ကျယ်ကျယ် မလုပ်ဘဲနေသည်။ အမျှဝေခြင်းကိုလည်း မပြုလုပ် ပေ။

အချိန်တော်တော်ကြာသွား၏။ ကိုမြသန်းကား မေ့ လျော့ ပေါ့ဆစွာ နေခဲ့သည်။ အချိန်တစ်နှစ်ခွဲခန့် ကြာလေလျှင် ကိုမြသန်းတွင် အရေပြားရောဂါ ဖြစ်လာသည်။ ကုသမရတော့ ဲ တဖြည်းဖြည်း ကြီးရင့်လာကာ ကုဋ္ဌနူနာကြီး စွဲကပ်ခံစားရ တော့သည်။

ဦးဘညိုပေးသော ရွှေဖားရုပ်ကို ရောင်း၍ရသော ငွေ ဖြင့် ဖျာပုံမြို့တွင် ဝယ်ယူထားသောနေအိမ်မှာလည်း လူတွေ ခိုက် လေပြင်းမုန်တိုင်းဒဏ်ကို ခံရ၍ ဖရိုဖရဲ ပြိုကွဲသွားသည်။ ပ်ပြား၊ သစ်သားနှင့် ပစ္စည်းတို့မှာလည်း လေထဲတွင် ပါသွား သာကြောင့် ရှာမရတော့။ ပျောက်ဆုံးရတော့သည်။

ယခုအခါ ကိုမြသန်းမှာ မသေရုံတမည် နူနာရောဂါကို ခံစားကာ ဒုက္ခရောက်နေလေသည်။

(စာရေးသူ ကျွန်တော်သည် ဒေးဒရဲမြို့နယ် ဇလတ်ကုန်းကျေးရွာ အရှေ့ဘက်ရှိ နေရောင်ကာကျေးရွာ အလယ်တန်းကျောင်းတွင် ကျောင်းအုပ်အဖြစ် အမှုထမ်းခဲ့စဉ် ကိုမြသန်း၏ ပြောပြချက်ကို မူတည်၍ ရေးပါသည်။)



ကောင်းထွန်း ဓာဃပ



## တောပစ်သမားများနှင့် မွေးမြူကြီး

(၁)

### <u>တောတွင်းရေကန်ကြီး</u>

လွန်ခဲ့သော နှစ်ပေါင်း (၅၆) နှစ်ခန့်အကြာ၊ ၁၉၅၀ ခုနှစ် လောက်က ဖြစ်ပါသည်။

အထက်အညာဒေသ၊ မုံရွာခရိုင်၊ အရာတော်မြို့နယ် အရာတော်မြို့၏ အနောက်ဘက် ငါးမိုင်ခန့်အကွာတွင် ရွာစည် ကုန်းဟုခေါ်သော ကျေးရွာတစ်ရွာ ရှိပါသည်။ ထိုရွာ၏ တောင်ဘက် ခရီးတစ်မိုင်ခန့်ဝေးသော တောတွင်းတစ်နေရာ တွင် ဘုန်းတော်ကြီးရေကန်ကြီး ဟုခေါ်သော အဓိကရ တစ်ဖက်ဆည် ရေကန်ကြီးတစ်ကန် တည်ရှိပါသည်။

ထိုရေကန်ကြီးမှာ ရွာစည်ကုန်းကျေးရွာ တည်စက ထိုရွာကျောင်း၏ ဘုန်းတော်ကြီး ဦးကောသလ္လဆရာတော်ကြီးက မတည်ငွေ အကုန်အကျခံကာ ကုန်းမြေဆင်ခြေလျှောမြေနေရာကို အောက်အနိမ့်ပိုင်းမှ ကျောက်တုံးကြီးများ၊ ကျောက်စရစ်ခဲများခံကာ မြေသားဖြင့် ဆည်ဖို့၍ တူးဖော်ထားသော တစ်ဖက်ဆည် ရေကန်ကြီး ဖြစ်ပါသည်။ ရေပြင် ၁၀ ဧကကျော်ကျော်ကျယ်၍ တစ်နှစ်ပတ်လုံး ရေများ တည်ရှိပါသည်။

အနီးအနားရှိ ယာတော၊ ထန်းတောများမှ လူများသည် ထိုရေကန်ကြီးမှ ရေကို ခပ်ယူ သုံးစွဲကြပါသည်။ ထိုရေကန်ကြီး၏ အရှေ့ဘက်၊ တောင်ဘက်နှင့် အနောက်ဘက်တို့တွင် သစ်ပင်ကြီးငယ်များ ထူထပ်စွာ ပေါက်ရောက်နေသဖြင့် ထိုတောအုပ်ထဲတွင် တောတွင်းနေ သတ္တဝါများဖြစ်သော သမင်၊ ဒရယ်၊ ချေ၊ ယုန်၊ ဓတာကြောင်၊ တောခွေး စသောသတ္တဝါများ နေထိုင်ကြပါသည်။ ထိုတောတွင်းနေသတ္တဝါများသည် ညနေစိုင်းညဥ့်ဦးပိုင်းတို့တွင် ထိုရေကန်ကြီးသို့ လာရောက်ကြသည်။ ရေသောက်ကြပါသည်။

အထူးသဖြင့် နွေရာသီ ပူအိုက် ရေရှားသောအခါတွင် တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်လများရောက်လျှင် တောတွင်းရေအိုင်၊ ချောင်းငယ်၊ ရေအိုင်ငယ်များ၌ ရေခန်းခြောက်သောအချိန်တွင် အနီးအနားရှိ တောအုပ်တွင်နေထိုင်ကြသော

အထက်ဖော်ပြပါ တောတွင်းနေ သတ္တဝါများသည် ညအခါတွင် ရေသောက်လာလေ့ ရှိကြပါသည်။

(၂)

*အမဲပစ်ထွက်သူများ*

ထိုရေကန်ကြီး၏ မြောက်ဘက် တစ်မိုင်ခွဲခန့်ဝေးသော ရွာစည်ကုန်းကျေးရွာအုပ်စုသူကြီး ဦးဘိုးခင်သည် အစိုးရအမှုထမ်းကောင်း ဖြစ်ခဲ့၍ နှစ်လုံးပြူးသေနတ်တစ်လက်ကို ချီးမြှင့်ခံရပါသည်။ သူသည် တောလိုက် အမဲလိုက် ဝါသနာထုံသည်။ သေနတ်ပစ်ရာတွင် လက်ဖြောင့်သည်ဟု နာမည်ကြီးသည်။

အဖော်ကောင်းလျှင် လသာသာ နွေရာသီညများ၌ တောတွင်းရေကန်ကြီးတွင် ရေသောက်ဆင်းလာသော တောကောင်များကို စောင့်၍ နှစ်လုံးပြူးသေနတ်နှင့် ပစ်လေ့ရှိသည်။ မကြာခဏပင် သားကောင်များကို ရတတ်သည်။

နွေရာသီ တန်ခူးလဆန်း ၁၄ ရက် အဖိတ်နေ့ ဖြစ်ပါသည်။ ထိုနေ့နံနက်ပိုင်းတွင် အရာတော်မြို့ ရဲဌာန (ယခုပြည်သူ့ရဲစခန်း) မှ စာသင် (ဒုရဲအုပ်) ကိုမြသိန်းနှင့် ရဲသား လေးဦးသည် နယ်မြေလုံခြုံရေးအတွက် နယ်လှည့်ခရီး ထွက်လာကြသည်။ သူကြီးဦးဘိုးခင်အိမ်တွင် ခေတ္တတည်းခိုကြသည်။

ထိုရွာတွင် နှစ်ရက်ခန့် နေကြမည်ဖြစ်သည်။ ဒုရဲအုပ် ဦးမြသိန်းသည် တောလိုက်၊ အမဲပစ် အလွန်ဝါသနာပါသည်။ ရိုင်ဖယ်သေနတ်ပစ်ရာတွင် လက်ဖြောင့်သည်ဟု နာမည်ကြီးသည်။

သူကြီးမင်း ဦးဘိုးခင်နှင့် ဒုရဲအုပ်ကိုမြသိန်းတို့သည် အမဲပစ်ဝါသနာတူချင်းဖြစ်၍ ထိုနေ့ညနေပိုင်းတွင် တောတွင်းရေကန်ကြီးသို့ သွား၍ တောကောင်များကို သေနတ်များနှင့် စောင့်ပစ်ကြရန် တိုင်ပင်ကြသည်။

သို့ဖြစ်၍ သူကြီးမင်းဦးဘိုးခင်သည် ဒုရဲအုပ်ကိုမြသိန်းနှင့် ရဲသားတစ်ယောက်တို့နှင့်အတူ ထိုနေ့ ညစာစားသောက်ကြပြီးနောက် ည ရှစ်နာရီခန့်အချိန်တွင် ဘုန်းတော်ကြီးရေကန်သို့ လှည်းဖြင့် သွားရောက်ကြသည်။ လှည်းမောင်းသူ သူကြီး၏တူ မောင်သောင်းဌေးကို ရေကန်ကြီးနှင့် မနီးမဝေး သစ်ပင်အောက်တွင် ထား၍ စောင့်နေစေခဲ့၏။ သူကြီးမင်းသည် နှစ်လုံးပြူ သေနတ်၊ ဒုရဲအုပ်ကိုမြသိန်းသည် အင်္ဂလိပ်ရိုင်ဖယ်သေနတ်၊ ရဲသားတစ်ဦးသည် အင်္ဂလိပ်ရိုင်ဖယ်သေနတ်တစ်လက်စီ ပါကြသည်။ သူတို့တွင် ထိုခေတ်က အဲဗာရယ်ဒီခေါ် သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်လက်စီလည်း ယူလာကြသည်။

သူတို့သုံးဦးသည် ကန်ပေါင်ရိုး၌ ပေါက်နေသော တည်ပင်ငယ် သုံးပင်၏ လူတစ်ရပ်ခန့်မြင့်သော ခွကြားနေရာတို့

၌ တစ်ယောက်တစ်ပင်ပေါ်တွင် ငြိမ်သက်စွာ ထိုင်စောင့်နေကြသည်။ တစ်ဦးနှင့် တစ်ဦး ဝါးတစ်ရိုက်ခန့် ကွာဝေး၏။ သူတို့သုံးဦးမှာ သေနတ်များကို အသင့်ပြင်ဆင်ထားကြကာ သားကောင်များအလာကို သတိထား၍ ငြိမ်သက်စွာ ထိုင်စောင့်နေကြသည်။

တန်ခူးလဆန်း(၁၄)ရက်နေ့ညဖြစ်၍ မိုးတိမ်မိုးသားများကင်းစင်သော မိုးကောင်းကင်တွင် ငွေစန္ဒာလမင်းမှာ ထိန်ထိန်လင်းအောင် သာနေသည်။ လသာသောညတွင် လေပြည်လေညှင်းကလည်း ကန်ရေပြင်ကို ဖြတ်၍ တဟူးဟူး တိုက်ခတ်နေသည်။ ထိုအခိုက် ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

(၃)

ထိုအခိုက် ည (၁၁) နာရီကျော်ခန့်အချိန်တွင် ရေကန်ကြီး၏ တောင်ဘက်တောအုပ်ဆီမှ သမင် နှစ်ကောင်၊ အဖိုအမတို့သည် ရေသောက်ဆင်းလာကြသည်။ သူတို့ သုံးယောက်တို့သည် လရောင်အောက်တွင် သမင်ဖိုနှင့် သမင်မ နှစ်ကောင်တို့ကို တွေ့မြင်ကြသည်။ သမင်ဖိုမှာ ချိုကားကားနှင့် အတော်လှပသည်။ သမင်ဖိုနှင့် သမင်မတို့သည် ဒုရဲအုပ်ကိုမြသိန်း စောင့်နေသော တည်ပင်နှင့်နီးရာ ကမ်းစပ်တွင် ဆင်းလာကြ၍ ရေကိုအားရပါးရ သောက်နေကြသည်။ ဒုရဲအုပ် ကိုမြသိန်းသည်

အင်္ဂလိပ်ရိုင်ဖယ်သေနတ်ကို သေချာစွာ ချိန်ဆ၍ သမင်ဖို၏ နံဘေးလက်ပြင်နောက်ဘက်နေရာကို ပစ်လိုက်သည်။ ချက်ကောင်းကို ထိမှန်သဖြင့် သမင်ဖိုမှာ တုံးခနဲ လဲကျသွား၏။ အနည်းငယ်မျှသာ လူးလွန့်လှုပ်ရှားပြီး အသက်ထွက်သွားသည်။ အဖော်ပါလာသော သမင်မလေးမှာ လင်တော်မောင် သေဆုံးသွားရှာသည်ကို မကြည့်ရက်သကဲ့သို့ ဖြစ်၍ ရုတ်တရက် ထိတ်လန့်ကာ ကုန်းပေါ်သို့ ပြေးတက်သွားကာ တောအုပ်ထဲသို့ ပြေးဝင် ပျောက်ကွယ်သွားတော့သည်။

သူကြီးမင်းဦးဘိုးခင်နှင့် ရဲသားနှစ်ယောက်တို့သည် မိမိတို့၏ သစ်ပင်ပေါ်မှဆင်းလာကြကာ လဲကျနေသော သမင်ဖိုကို ကြည့်ကြ၏။ အသက်မရှိတော့ကြောင်း တွေ့ကြရသည်။

ထိုညအဖို့ သူတို့အတွက် တောပစ်ထွက်ရကျိုးနပ်ပေပြီ။ မနီးမဝေး လှည်းလမ်းဘေးတွင် ရပ်ထားသော လှည်းသမားမောင်သောင်းဌေးကို ခေါ်ယူကြပြီး သမင်သေကို မ,ယူဆွဲသွားကြပြီး လှည်းပေါ်သို့ တင်ကြ၏။ သူတို့မှာ သားကောင်ရသည်ကို အလွန်ဝမ်းသာနေကြသောကြောင့် သားကောင်ရသော မုဆိုးတို့လုပ်ကြရမည့် တာဝန်တစ်ခုကို မေ့လျော့သွားကြသည်။ ယင်းမှာ ဖမ်းယူရရှိထားသော သားကောင်၏ နှုတ်သီးဖျား၊ လျှာဖျား၊ အမြီးဖျားကို ဖြတ်၍ အနီးအနားရှိ နာနာဘာဝတို့ကို ပသတင်မြောက်ရခြင်း ဖြစ်သည်။

ထိုရေကန်ကြီးတစ်ဝိုက်တွင် နာနာဘာဝ၊ တစ္ဆေ၊ သရဲများ ခြောက်တတ်သည်ဟု နာမည်ကြီး၏။ ထိုအကြောင်းကို သူကြီး ဦးဘိုးခင်ကတော့ သိပါ၏။ သို့သော် ရဲအမှုထမ်း နှစ်ယောက်တို့အားမူ သူတို့စိုးရိမ်ကြမည်ထင်၍ ပြောပြထားခြင်း မရှိချေ။

တောကောင်ပစ်ပုဂ္ဂိုလ် လေးဦးတို့သည် သမင်သေကို လှည်းပေါ်တွင်တင်ကာ မိမိတို့ လာလမ်းအတိုင်း ရွာစည်ကုန်း ရွာဆီသို့ ပြန်လာခဲ့ကြသည်။ သူတို့မှာ ဝမ်းသာကြလွန်း၍ စကားတပြောပြောနှင့် ထွက်လာခဲ့ကြခြင်းဖြစ်သည်။ သားကောင် သမင်သေမှ သွေးစက်များမှာ လှည်းပေါ်မှ လမ်းတစ်လျှောက် တစက်စက် ကျကျန်ရစ်ခဲ့၏။

(၄)

<u>*ထူးဆန်းသောခွေးဖြူကြီးတစ်ကောင်*</u>

သူတို့လှည်းတစ်ဖာလုံးခန့်ရောက်လျှင် လှည်းနောက် ခပ်ဝေးဝေးဆီမှ ဖြူဖြူသတ္တဝါတစ်ကောင် လိုက်၍လာသည်ကို တွေ့ရသည်။ ခွေးဖြူကလေးတစ်ကောင်ဖြစ်သည်။ လှည်းသမားသည် လှည်းကို ခပ်မှန်မှန် မောင်းသည်။ လရောင်အောက်တွင် ခွေးဖြူကလေးသည် တဖြည်းဖြည်း လိုက်လာရာ လှည်းနှင့်နီးလေလျှင် အကောင်အရွယ်အစား ကြီးမားလာသည်။ လရောင်

အောက်တွင် နီနီရဲရဲပါးစပ်ကြီးနှင့် လျှာကြီးကို ထုတ်ထားသည်ကို တွေ့ရသည်။ ခွေးဖြူကြီး ဖြစ်လာသည်။ လှည်းပေါ်က ရဲသား နှစ်ဦးတို့က လှည်းပေါ်မှ ခေတ္တသက်ဆင်း၍ ကျောက်တုံးငယ် များနှင့် ပစ်ပေါက်ကြသည်။ မရ။ ခွေးဖြူကြီးမှာ လှည်းလမ်းဘေး ဘက်မှ ရှေ့သို့ ပြေးထွက်လာပြီး လှည်းရှေ့မှ မားမားကြီး ရပ်နေ သည်။ ထိုအခါ နွားများသည် ရှေ့ဆက်မသွားရဲကြ။ တရှူးရှူး တရှဲရှဲ နှာမှုတ်ကာ ရပ်နေကြသည်။

ဒုရဲအုပ်ကိုမြသိန်းက ရုတ် တရက် ရိုင်ဖယ်သေနတ်ကို မောင်းတင်ကာတည့်တည့်ပစ်လိုက် ၏။ ခွေးဖြူကြီးကား ဘေးသို့ ရုတ်တရက် ခုန်လိုက်၏။ မထိဘဲ ဖြစ်သွားသည်။ သူကြီးမင်းနှင့် ရဲအမှုထမ်းနှစ်ယောက်တို့မှာ သတ္တိရှိသူများ ဖြစ်ကြသော်လည်း သူတို့စိတ်ထဲ၌ ကြောက်ရွံ့ တုန်လှုပ်သလို ဖြစ်လာကြသည်။

ထို့နောက် သူကြီးဦးဘိုးခင်သည် . . .

"ဟာ . . . သတိရပြီဗျို့ . . . ကျွန်တော်တို့ သတိမေ့နေ ကြတယ်"

ဟု ဆိုကာ ပါလာသောခါးရှည်ဖြင့် သမင်သေ၏ လျှာ ဖျား၊ နှုတ်သီးဖျား၊ အမြီးဖျားတို့ကို ဖြတ်ယူ၍ ခွေးဖြူကြီးရှိရာသို့ လှမ်းပစ်ပေးလိုက်သည်။ ပါးစပ်မှ တောင်းပန်သည်။

"အို . . . တောတွင်းနာနာဘာဝတို့ ကျွန်တော်တို့ မှား တာကို သည်းခံခွင့်လွှတ်ကြပါ၊ ယခု ပသတင်မြှောက်ပါတယ်၊

စားကြပါ၊ သောက်ကြပါ၊ နောက်ထပ် မခြောက်လှန့်ကြပါနဲ့တော့"

ဟု ပြောဆိုသည်။

ထို့နောက် သူတို့သည်. . .

"ဗုဒ္ဓေါ မေ သရဏံ၊ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ၊ အညံ နတ္ထိ၊ သံဃော မေ သရဏံ၊ အညံ နတ္ထိ" (ဘုရား တရား သံဃာတော်တို့မှ တစ်ပါး တပည့်တော်တို့မှာ အခြား ကိုးကွယ်ရာ မရှိတော့ပါ) ကယ်မစောင့်ရှောက်တော်မူကြပါဟု ရွတ်ဆိုကြသည်။

ထိုအခါကျမှ ခွေးဖြူကြီးသည် ရုတ်တရက် ပျောက်ကွယ်သွားသည်။ သူတို့သည် စိတ်အေးလက်အေးဖြင့် ရှေ့ဆက်၍ မောင်းနှင်လာကြရာ သူတို့ရွာသို့ ရောက်ရှိကြပါသည်။

(စာရေးသူငယ်စဉ်က ဦးကြီးဖြစ်သူ သူကြီးဦးဘိုးခင်၏ ကိုယ်တွေ့အဖြစ်အပျက်ကို အမှန်အတိုင်း တင်ပြခြင်းဖြစ်ပါသည်။)

---

## ယုန်ဇမ်းသမားများနှင့် တောတွင်းနာနာဘာဝများ

### (၁)

*အညာကျေးလက်မှ ယုန်ဖမ်းသမား*

စာရေးသူကျွန်တော်သည် စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့မှ အနောက်မြောက်ဘက်ရှိ ရှေးပုဂံခေတ်ကပင် တည်ရှိခဲ့သော ဝါးတောမရွာသာလှကျေးရွာဇာတိ ဖြစ်ပါသည်။ မိဘဘိုးဘွားတို့မှာ ရိုးရာတောင်သူအလုပ်ကို လုပ်ကိုင်သူများ ဖြစ်ကြပါသည်။ ယာတော၊ ထန်းတောများတွင် ပဲအမျိုးမျိုး၊ နှမ်း ဝါဂွမ်း၊ နှံစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ ငရုတ်၊ ကြက်သွန်၊ ဘူး၊ ဖရုံစသော သီးနှံများကို စိုက်ပျိုးကြပါသည်။

ထို စိုက်ခင်း၊ ယာခင်းများ၏ ဘေးပတ်လည်အနီးတွင် တောအုပ်ငယ်၊ သစ်ပင်ချုံနွယ်များ ဝိုင်းရံတည်ရှိကြပါသည်။ ထို တောအုပ်၊ သစ်ပင်၊ ချုံနွယ်များအကြား၌ ယုန်သတ္တဝါကလေး များ နေထိုင်တတ်ကြပါသည်။ ယုန်ကလေးများသည် ယာခင်းထဲ မှ သီးနှံပင်များကို မကြာခဏ လာရောက် စားသောက်တတ်ကြ ပါသည်။

တောယုန်သားသည် အလွန် အရသာရှိပါသည်။ ယုန်သားအစို ဆီပြန်ချက်ဟင်း၊ ယုန်သားကျပ်ကင်ခြောက်တို့ကို

ပြုလုပ် စားသောက်တတ်ကြပါသည်။ ယုန်သားခြောက်ကို ပြုတ်၍ သံပရာရည်ညှစ်၍ စားလျှင် အလွန်အရသာရှိကြောင်း သိရပါသည်။

ထို့ကြောင့် မြန်မာ့သမိုင်းတွင် အင်းဝခေတ်က ဘုရင်မင်းခေါင်လက်ထက်က မွန်သူရဲကောင်း သမိန်ဗရမ်းက တရုတ်စစ်သူကြီး ဂါမဏိနှင့် စီးချင်းတိုက်မသွားမီ ဘုရင်မင်းခေါင်ထံ ရန်သူဂါမဏိ၏ ဦးခေါင်းပြတ်ကို ထည့်ရန် ခြင်းတောင်းတစ်ခု ပေးပါရန် တောင်းဆို၏။ မှူးကြီးမတ်ကြီးများက ရယ်ရွှင်ကြ၍ ယုန့်မရခင်က သံပရာရှာသည် ဟု ပြောခဲ့ကြကြောင်း မြန်မာစကားပုံဖြစ်ခဲ့သည်ဟု သိရပါသည်။

ထိုတောယုန်ကလေးများကို စာရေးသူ၏ ဦးကြီး၊ ဦးလေးများဖြစ်ကြသော ဦးစိန်တင်၊ ဦးစိန်ဟန်၊ ဦးဘိုးပြည်တို့သည် ပိုက်အမျိုးမျိုးဖြင့် ထောင်၍ ဖမ်းယူတတ်ကြပါသည်။

(၂)

*တစ်ဆင့်စကား*

စာရေးသူကျွန်တော်အသက် ကိုးနှစ်အရွယ် မူလတန်းကျောင်းသားဘဝက ဖြစ်ပါသည်။ ကျွန်တော်သည် ငယ်စဉ်ကပင် သိချင်၊ တတ်ချင်၊ မှတ်သားချင်သော အလေ့ဝါသနာရှိပါသည်။ ထိုဦးကြီး၊ ဦးလေးတို့ထံမှ သူတို့ ယုန်ဖမ်းထွက်ကြရာ

တွင် တွေ့ကြုံရတတ်သော စိတ်ဝင်စားဖွယ်အဖြစ်အပျက်များ ကြားနာခဲ့ရပါသည်။

တစ်ခါတစ်ရံ သူတို့သည် ညနေပိုင်းအချိန်တွင် ယာစိုက်ခင်းများ၊ ပတ်ဝန်းကျင်အနီးရှိ တောချုံပုတ်များ၊ အတွင်း၌ ယုန်ကလေးများကို ပိုက်ရှည်ကြီးများ စီတန်းထောင်ထားကြ၍ ညစောင့် ဖမ်းယူခဲ့ကြရာ မမျှော်လင့်ဘဲ တောတွင်းနာနာဘာဝကောင်များနှင့် တွေ့ကြုံခဲ့ရပုံတို့မှာ သည်းထိတ်ရင်ဖို စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ ကျွန်တော်မှာ ကလေးပီပီ နားထောင်ချင်ပါသည်။ သူတို့အားလပ်ချိန်တွင် သူတို့အား နင်းနှိပ်ပေးကာ သူတို့၏ ငယ်စဉ်က ယုန်စောင့်ထောင်ဖမ်းခဲ့ကြပုံ သည်းထိတ်ရင်ဖို နာနာဘာဝကောင်တွေနှင့် တွေ့ကြုံခဲ့ကြပုံကို မေးမြန်းခဲ့ပါသည်။ သူတို့၏ပြောပြချက်ကို တစ်ဆင့်တင်ပြပါသည်။

(၃)

## <u>တောတွင်းယုန်စောင့်ဖမ်းပုံ</u>

တစ်နေ့တွင် ဦးကြီးဦးစိန်တင်က အောက်ပါအတိုင်း ပြောပြပါသည်။

"နားထောင်ကွယ့် . . . ငါတို့ရဲ့ မိုးရာသီကုန်ခါနီး ဆောင်းရာသီဝင်စ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နှစ်ရက် နေ့ကပေါ့ကွယ်၊ ငါရယ်၊ ငါ့ညီမောင်စိန်ဟန်၊ မောင်ဘိုးပြည့်တို့

ညီအစ်ကိုသုံးယောက်တို့ဟာ ယုန်ထောင်ဖမ်းတဲ့ ပိုက်တွေကို ဂုန်နီအိတ်တွေနဲ့ ထည့်ပြီး ထမ်းယူလာကြတယ်၊ တည်ပင်ရိုးဆိုတဲ့ ယာတောအနီးကို ညနေ ငါးနာရီကျော်လောက်မှာ သွားကြတယ်၊ ယုန်ထောင်ပိုက်ဆိုတာ နှစ်မျိုးရှိတယ်၊ ကုတ်ပိုက်နဲ့ ပိုက်တန်းရှည်တို့ ဖြစ်တယ်၊ ကုတ်ပိုက်ဆိုတာကတော့ ဝါးနက်ဝါးဖြစ်ဖြစ်၊ ထီးရိုးဝါးခပ်သေးသေးဖြစ်ဖြစ်၊ လက်သန်း၊ လက်ညှိုးလောက်ရှိတဲ့ ဝါးချောင်းအရှည် လေးပေလောက်ကို အချောသပ်၊ အစွန်းနှစ်ဖက်ကို ချွန်ထားရတယ်၊ ခိုင်မာကျစ်လျစ်နေအောင် မီးမြှိုက်ထားရတယ်၊ အဲဒီလို ဝါးချောင်းကို လက်နဲ့ ကွေးညွတ်ပြီး မြေကြီးမှာ စိုက်ရတယ်၊ ဝါးနှစ်ဖက်စွန်းမှာ ပိုက်ထိန်းကြိုး နှစ်ချောင်းကို မြမြချည်ထားရတယ်၊ ထောင်တဲ့အခါ ကွေးကောက်အောင် မြေမှာစိုက်ထားတဲ့ ဝါးကုတ်ပေါ်မှာ ပိုက်ကို အသင့်တပ်ထားရတယ်။ ယုန်သတ္တဝါဟာ ပြေးဝင်လာပြီး ပိုက်ထဲမိ လုံးထွေးနေလို့ မပြေးနိုင်တော့ဘူး၊ အဲဒီအခါ လူတွေက ယုန်ကို ဖမ်းဆုပ်၊ ဇိကုတ်သတ်ဖြတ်ရတယ်။ ပိုက်ရှည်ဆိုတာကတော့ အလျား ၁၀-တောင်၊ အနံ ၂-တောင်လောက်ရှိတဲ့ လေးကွက်ကျားပုံထိုးထားတဲ့ ပိုက်ကွန်မျိုးဖြစ်တယ်၊ အဲဒီပိုက်ရှည်ရဲ့ အလျားအတိုင်း အထက်အောက်အစွန်းတွေမှာ ကြိမ်ကွင်းကလေးများ စွပ်ပြီး၊ ပိုက်ထိန်းကြိုး နှစ်ချောင်းကို သွယ်တပ်ထားရတယ်။ ပိုက်ရှည်ထောင်တဲ့အခါ ဝါးခွထောက်နှစ်ချောင်း

ထောက်တွေနဲ့ ထောင်ထားရတယ်၊ ပိုက်ရှည်ကို ၁၀-တောင် ကျယ်တဲ့ မြေကွက်လပ်မှာ ထောင်ထားရတယ်၊ ပိုက်ကြိုးအစွန်း နှစ်ဖက်ကို ခိုင်ခန့်တဲ့ သစ်ပင်တစ်ပင်စီမှာ ချည်ထားရတယ်၊ ယုန်ကပိုက်ရှည်ထဲ တိုးမိတော့ မပြေးနိုင်တဲ့ယုန်ကို လူတွေက ဖမ်းကိုင် ဇက်ကုတ် သတ်ဖြတ်ရတယ်။

တစ်နေ့ညနေခင်းမှာ ငါတို့ညီအစ်ကိုသုံးယောက်တို့ဟာ ဓါးမတိုတစ်ချောင်းစီ၊ သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်လက် စီ၊ သစ်သားမီးခြစ်နဲ့ ရေနံဆီမီးခွက်အုပ်ဆောင်းတစ်ခုစီ၊ လွယ် အိတ်တစ်လုံးစီ လွယ်ကြပြီး ငါတို့ရွာနဲ့ နှစ်မိုင်လောက်ဝေးတဲ့ တည်ပင်ရိုးယာခင်းအနီးကို ညနေ ငါးနာရီကျော်ကျော်လောက် မှာ ထွက်လာခဲ့ကြတယ်။

ယုန်စောင့်ဖမ်းတယ်ဆိုတာကတော့ ယုန်ကလေးတွေ ညနေဝင်ခါစ အစာရှာထွက်လာကြတဲ့အခါ သူတို့ သွားလာတတ် တဲ့နေရာတွေမှာ ပိုက်တွေကို ကြိုတင် ထောင်ထားကြတာ ဖြစ်တယ်။ ယုန်တွေဟာ နေ့ဘက်မှာ သူတို့ရဲ့ ဝပ်ကျင်းတွေမှာ အိပ်စက်နေကြပြီး၊ နေဝင်ရီတရောအချိန်မှာ အစာရှာထွက်လေ့ ရှိကြတယ်။ သစ်ပင်၊ မြက်ပင်၊ သီးနှံပင်တွေရဲ့ အညွန့်တွေကို ရှာဖွေစားလေ့ ရှိကြတယ်။

ယုန်တွေ ထွက်မလာမီ ငါတို့က မြေပြင်တောစပ် ယာခင်းဘေးနေရာတွေမှာ ပိုက်တွေကို ထောင်ထားကြတယ်။

အဲဒီနောက် မနီးမဝေးမှာရှိတဲ့ သစ်ပင် နိမ့်နိမ့်တွေရဲ့ ခွကြားမှာ ငြိမ်ငြိမ်ကလေး ထိုင်စောင့်နေကြရတယ်။

ယုန်တွေ လာချိန် မရောက်မီမှာတော့ ငါတို့ဟာ လူပျို ကာလသားတွေ ဖြစ်ကြတာမို့ ရယ်ရယ်မောမော တောစကား၊ တောင်စကားတွေကို ပြောဆိုနေကြတယ်။ တစ်ခါတစ်ရံ ဆဲရေး တိုင်းထွာတဲ့ စကားတွေကို ကြမ်းကြမ်းတမ်းတမ်း ပြောဆို တတ်ကြတယ်။

ငါကတော့ တည်ပင်ငုတ်တိုကလေးရဲ့ လူတစ်ရပ် လောက်အမြင့်မှာရှိတဲ့ ခွဆုံတစ်နေရာမှာ ထိုင်စောင့်နေတယ်။ တည်ပင်ငုတ်ကလေး ဘေးပတ်လည်မှာ အကိုင်းအခက်တွေ ဝေဝေဆာဆာ ပေါက်ပြီးနေကြတော့ လူတွေကို ယုန်တွေက ညအခါမှာ မမြင်နိုင်ဘူးပေါ့။

ငါ့ညီနှစ်ယောက်ကလည်း မနီးမဝေးမှာ ပိုက်တွေကို ထောင်ထားကြပြီး သစ်ပင်ငယ်တစ်ပင်စီပေါ်မှာ ငြိမ်ငြိမ်ကလေး ထိုင်စောင့်နေကြတယ်။ ယုန်တွေ ပိုက်ကွန်ထဲမိတဲ့အခါ ပိုက်တွေ အစွန်းမှာတပ်ထားတဲ့ ခလောက်ကလေးရဲ့အသံကြားရင် သိနိုင်တယ်။

အဲဒီနေ့ညက နေဝင်ခါနီးအချိန်ကပေါ့၊ အမှောင်ရိပ် သမ်းလာတယ်၊ ငှက်ကလေးတွေလည်း သစ်ပင်၊ သစ်ကိုင်းတွေ ပေါ်မှာ အိပ်တန်းတက်နေကြတယ်၊ တောစပ် ချုံနွယ်ပေါ်မှ

ခါငှက်ရဲ့ တွန်ကျူးသံကို သာယာစွာ ကြားရတယ်။ နောက်မကြာမီမှာပဲ ပုရစ်အော်သံ၊ ပိုးကောင်ငယ်ကလေးများရဲ့ အသံတွေကိုလည်း ခပ်သဲ့သဲ့ ကြားရတယ်။ လဆုတ်ရက်ပိုင်းဆိုတော့ ကောင်းကင်မှာ လခြမ်းသေးသေးကွေးကွေးဟာလည်း ဝင်သွားပြီး၊ အမှောင်ထုက လွှမ်းမိုးလာတယ်၊ ညအမှောင်ထဲမှာ မြေဝပ်ငှက်တစ်ကောင်ဟာ ငါ့ရဲ့ဒူးပေါ်မှာ လာနားတယ်။ သူက လူမှန်းမသိဘူး။ ငါက သစ်ငုတ်တိုပေါ်မှာ သစ်ငုတ်တိုလို မတုန်မလှုပ် ငြိမ်သက်ထိုင်နေတာကိုး၊ ငါက လှုပ်ရှားသံပြုလိုက်ရင် မြေဝပ်ငှက်က လန့်ပျံသွားပြီး အစာရှာလာကြတဲ့ ယုန်ကလေးတွေ ကြောက်လို့ ထွက်ပြေးမှာ စိုးရတယ်။ ငါကတော့ အသက်ကို တောင်ပြင်းပြင်းမရှူရဲဘဲ ခန္ဓာကိုယ်ကို မလှုပ်မယှက် ငြိမ်ငြိမ်ကလေးဖြစ်အောင် ထိန်းထားရတယ်။ မြေဝပ်ငှက်ကို ရုတ်တရက် လက်နဲ့ဖမ်းလိုက်ရင် ရမှာသေချာတယ်။ ရယ်လည်း ရယ်ချင်တယ်။ ဒါပေမယ့် မဖြစ်စလောက်ငှက်ကလေးတစ်ကောင်ရမှာကြောင့် အကောင်ကြီးတဲ့ တောယုန်တွေကိုမရဘဲ လာဘ်တိတ်သွားမှာစိုးရတယ်မဟုတ်လား။

(၄)

<u>တောတွင်းနာနာဘာဝနှောင့်ယှက်ကြ</u>

တော်တော်ကလေးကြာတဲ့အခါ ပိုက်ကွန်ထဲမိနေလို့ ခလောက်မြည်သံကို ကြားရတယ်၊ ငါက သစ်ငုတ်တိုပေါ်မှ ဆင်း

ပြီး ပိုက်ထဲက ယုန်ကို ဖြုတ်၊ ဇီကုတ်သတ်လိုက်တယ်။ ယုန်သေကို ငါ ထိုင်စောင့်နေတဲ့ သစ်ပင်ငုတ်အောက်မှာ ချထားပြီး နောက်ထပ်လာရောက်မယ့် ယုန်တွေကို ထိုင်စောင့်နေပြန်တယ်။ အဲဒီအချိန်မှာ တောမှက်ခြင်ရိုင်းကြီးတွေက ငါ့ကို ကိုက်ခဲကြတယ်။ ငါလည်း စိတ်တိုလာပြီး ငါကိုင်တုတ်ကာ ဆဲရေးတိုင်းထွာလိုက်တယ်။

၁၅ မိနစ်လောက်ကြာတော့ ပိုက်တွေထောင်ထားတဲ့ နေရာဆီက နွားမလောက်ကြီးတဲ့ ဖြူဖြူကောင်တစ်ကောင်ဟာ သစ်ပင်မြက်ပင်တွေကို တရစပ်တိုးဝှေ့ပြီး 'တရှဲရှဲ' အသံမြည်ပြီး ထွက်ပြေးသွားတာ တွေ့ရတယ်၊ ဘာကောင်မှန်းလည်း မသိဘူး၊ ငါကတော့ ဓားမတိုကို လွယ်အိတ်ထဲက ထုတ်ယူပြီး ငါ့ဆီလာလျှင် ကာကွယ်ဖို့ ခပ်ကြောက်ကြောက်နဲ့ စောင့်ကြည့်နေတယ်။ မကြာမီ ငါထိုင်စောင့်နေတဲ့ တည်ပင်အောက်က 'ရှောရှော' ဆိုတဲ့ အသံကြားလို့ ကြည့်လိုက်တော့ စောစောက ဖမ်းမိထားတဲ့ ယုန်သေဟာ ထပြေးသွားပြီး မြက်ပင်ချုံပင်တွေကြားပြေးဝင်သွားတယ်။ ဒါဟာ တောတွင်း နာနာဘာဝကောင်တွေက ခြောက်လှန့်တာဖြစ်မယ်လို့ ထင်မိတယ်။

ငါလည်း ကြောက်တာနဲ့ မနီးမဝေးမှာ ယုန်စောင့်နေကြတဲ့ ငါ့ညီမောင်စိန်ဟန်နဲ့ မောင်ဘိုးပြည့်တို့ရှိရာကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးပြပြီး လက်ခေါက်မှုတ် အသံပြုလိုက်ရတယ်။

သူတို့နှစ်ယောက်လည်း သူတို့ရဲ့ပိုက်တွေမှာ ဘာကောင်မှ မလာဘူးတဲ့။ ငါ့ဆီကို အမြန်ရောက်လာကြတယ်။ ငါက သူတို့ကို နွားမလောက်ရှိတဲ့ ဖြူဖြူကောင်ကြီး ပြေးလာပုံ၊ ယုန်သေကလေး မမျှော်လင့်ဘဲ ထွက်ပြေးသွားပုံတွေကို ပြောပြတယ်။

သူတို့က ပြောကြတယ်။ ဒီလိုဖြစ်ခြင်းဟာ အပမိခြင်း (သေပြီးတဲ့သားကောင်ဆီကို ဝိညာဉ်ကပ်ရောက်ပြီး အသက်ပြန်ရှင်သလိုရှိကြောင်း၊ ဒီလို ထွက်ပြေးတာဖြစ်တယ်လို့ ဆိုကြတယ်။) ဖမ်းမိတဲ့ ယုန်သေရဲ့ နှာခေါင်းဖျား၊ လျှာဖျား၊ နားရွက်ဖျား၊ နှုတ်သီးဖျား၊ အမြီးဖျားတွေကို ဓားနဲ့ဖြတ်ပြီး အနီးအနားမှာရှိတဲ့ နာနာဘာဝကောင်တွေကို တင်မြှောက်ပသရတယ်။ မတင်မြှောက်ရင် သူတို့က မကျေနပ်ဖြစ်ပြီး ခြောက်လှန့်တတ်ကြသတဲ့။ မိထားတဲ့သားကောင်ဟာလည်း အပမိပြီး ထွက်ပြေးသွားတတ်တယ်တဲ့။ လိုက်ရှာရင်လည်း အလကားပဲ။ ဘယ်တော့မှ မတွေ့မမြင်ရတော့ဘူးလို့ ရှေးမုဆိုးကြီးတွေက ပြောလေ့ရှိသတဲ့။

ငါတို့ ညီအစ်ကိုသုံးယောက်ဟာလည်း တောထဲမှာ ကြောက်စိတ်တွေ ဝင်လာကြတယ်။ "ဒုက္ခရောက်မှ ဘုရားတ" ဆိုသလို တောတွင်းနာနာဘာဝတွေက နောက်ထပ် ခြောက်လှန့်ကြမှာကို စိုးရိမ်ကြတယ်၊ ဒါကြောင့် ရသမျှ မှတ်မိသမျှ ဘုရားရှိခိုးတွေကို ရွတ်ကြတယ်။ "ဣတိပိသော ဘဂဝါ အရဟံ. . ." စတဲ့ ဘုရားဂုဏ်တော် ကိုးပါးတို့ကို ပါးစပ်က ရွတ်ကြတယ်။

ငါတို့ဟာ ယုန်တွေကို ဆက်မဖမ်းရဲတော့ဘူး။ ပိုက်တွေကို ဖြုတ်ပြီး အိမ်ပြန်ဖို့ စီစဉ်ကြတယ်။ ရေနံဆီ မီးအုပ်ဆောင်းတွေကို ထွန်းညှိပြီး ရွာဘက်ကို ပြန်ခဲ့တယ်။ အဲဒီ ညအဖို့တော့ ငါတို့ဟာ သားကောင်တစ်ကောင်မှ မရကြတော့ စိတ်ပျက်လက်ပျက်နဲ့ ပြန်လာကြတယ်။ ပိုက်တွေကို ထမ်းပြီး၊ တစ်ယောက်လက် တစ်ယောက်ကိုင်တွဲကာ ပြန်လာကြတယ်။ နာနာဘာဝကောင်တွေ နောက်က လိုက်လံနှောင့်ယှက်ကြမလားလို့ စိတ်ထဲက ခပ်ကြောက်ကြောက်ပဲ၊ ရွာနဲ့ နီးကပ်လာတော့မှ အကြောက်နည်းနည်း ပြေသွားကြတယ်။ ပါးစပ်ကလည်း စကားတွေကို ဖောင်ဖောင် ပြောလာကြတယ်။ ငါကလည်း ကဗျာလေးဘာလေးတွေကို မတောက်တခေါက် ဆိုတတ်တယ်။ လက်တန်းသီချင်းကဗျာတစ်ပုဒ်ကို အော်ဆိုမိတယ်ကွယ်။ အဲဒီကဗျာကတော့. . .

"မိုးချုပ်လို့ ပြန်ချိန်တော်
မျိုတို့မောင် တည်ပင်စခန်းမှာ
ယုန်းဖမ်းကြသော်။
ယုန်ဖမ်းတဲ့အခါနော်
မတော်တရော် ပြောဆိုလုပ်ကိုင်မိလို့
အပမိကာ တစ္ဆေခြောက်လို့
ကြောက်လန့်ကာ အသက်ဘေးကြောင့်

ပြေးခဲ့ရ၏” တဲ့ကွ ဟု ဦးကြီးဦးစိန်တင်က ရယ်ရယ်မောမော ပြောပြပါသည်။

(လွန်ခဲ့သော နှစ်ပေါင်း ၄၀ လောက်က ဦးကြီး၊ ဦးလေးတို့၏ ကိုယ်တွေ့အဖြစ်အပျက်ကို ယခုတင်ပြရေးသားရခြင်း ဖြစ်ပါသည်။)

---

## သောတာပန် ရှက္ခစိုးကြီး

(၁)

*အရိယာပုဂ္ဂိုလ်များ*

သုံးဆယ့်တစ်ဘုံတွင် အပါယ်လေးဘုံသားများ၊ လူ့ဘုံမှ ဒွိဟိတ်ပုဂ္ဂိုလ်၊ အဟိတ်ပုဂ္ဂိုလ်တို့မှ တစ်ပါး၊ တိဟိတ်ပုဂ္ဂိုလ်များ နတ်ပြည်ခြောက်ထပ်မှ နတ်များ၊ ဗြဟ္မာဘုံ ၂၀ တို့မှ ဗြဟ္မာများ အနေဖြင့် ပြုကျင့်ရမည့် ကျင့်စဉ်တရားများကို လုံလောက်စွာ ဖြည့်ကျင့်ပြီးကြပါက အရိယာပုဂ္ဂိုလ်ခေါ် မြင့်မြတ်သော မဂ်ဖိုလ်တရားထူးရသူများ ဖြစ်နိုင်ကြပါသည်။

အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့ ရှိကြပါသည်။ ယင်းတို့မှာ . . (၁)သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ (၂)သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊

(၃)သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊ (၄)သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၊ (၅)အနာဂါမိမဂ်ပုဂ္ဂိုလ်၊ (၆) အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊ (၇) အရဟတ္တမဂ်ပုဂ္ဂိုလ်၊ (၈) အရဟတ္တဖိုလ်ပုဂ္ဂိုလ် ခေါ် ရဟန္တာပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်၊ ပေါင်း အရိယာပုဂ္ဂိုလ် ရှစ်ယောက်ဖြစ်ပါသည်။

ထိုအရိယာပုဂ္ဂိုလ်တို့သည် မိမိတို့၏ အဆင့်အလိုက် စိတ်၏ အညစ်အကြေးဖြစ်သော ကိလေသာတို့ကို ပယ်သတ်နိုင်ကြပါသည်။

(၁) သောတာပန်ပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ငါ့ငါ၏ဥစ္စာ စသည်ဖြင့် လွဲမှားစွာ ယူဆခြင်း။ ဝိစိကိစ္ဆာ (ဘုရားတရားသံဃာ အကျင့်သိက္ခာနှင့် သံသရာ ရှေ့အစွန်း နောက်အစွန်း၊ ထိုအစွန်းနှစ်ပါးလုံး ပဋိစ္စသမုပ္ပါဒ်ဟူသော တရားရှစ်ပါးတို့၌ ယုံမှားခြင်း)၊ သီလဗ္ဗတပရာမာသ (မတော်မသင့် နွား၊ ခွေးစသော သတ္တဝါတို့၏ အကျင့်ဖြင့် သံသရာမှ လျင်မြန်စွာ ထွက်မြောက်ရ၏ဟု တွေးဆယူမှားခြင်း) ဟူသော ဤတရားသုံးပါးဟူသော ကိလေသာတို့ကို ပယ်သတ်ပြီးဖြစ်သည်။

(၂) သကဒါဂါမ်ပုဂ္ဂိုလ်သည် ဩဠာရိကကာမရာဂ (ရုန့်ရင်းကြမ်းတမ်းသော တပ်မက်ခြင်း ကာမရာဂ)၊ ဗျာပါဒ (စိတ်ဆိုးဖြစ်မှားခြင်း) ဟူသော ကိလေသာတို့ကို နည်းပါးအောင် ပြုလုပ်ပြီးဖြစ်သည်။

(၃) အနာဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂနှင့် ဗျာပါဒခေါ် ကိလေသာတို့ကို အကြွင်းမဲ့ပယ်သတ်ပြီး ဖြစ်သည်။

(၄) အရဟတ္တဖိုလ်ပုဂ္ဂိုလ်ခေါ် ရဟန္တာပုဂ္ဂိုလ်သည် ရူပရာဂ၊ အရူပရာဂနှင့် မာန (ထောင်လွှားအထင်ကြီးခြင်း)၊ ဥဒ္ဓိစ္စ (စိတ်ပျံ့လွင့်ခြင်း)၊ အဝိဇ္ဇာ (အမှန်ကို မသိတတ်သော) ကိလေသာတို့ကို ပယ်သတ်ပြီး ဖြစ်သည်။

အရိယာပုဂ္ဂိုလ်တို့တွင် သောတာပန်ပုဂ္ဂိုလ်သည် အပါယ်လေးပါးမှ လွတ်ရပြီး နောက်ထပ် ခုနစ်ဘ၀မျှသာ ဖြစ်ရ၍ နိဗ္ဗာန်သို့ ရောက်ရသည်။ သကဒါဂါမိသည် နောက်ထပ် တစ်ဘ၀မျှသာ ဖြစ်ရ၍ နိဗ္ဗာန်ရောက်ရသည်။ အနာဂါမ်ပုဂ္ဂိုလ်သည် ဤကာမဘုံ၌ ပြန်မဖြစ်တော့ဘဲ အထက်ဗြဟ္မာပြည်မှတစ်ဆင့် နိဗ္ဗာန်ရောက်ရသည်။ ရဟန္တာပုဂ္ဂိုလ်သည် နောက်ထပ် ဘ၀လုံး၀ မရှိတော့ဘဲ နိဗ္ဗာန်ရောက်ရသည်။

## (၂)

## သောတာပန်ရုက္ခစိုးနတ်ကြီးတစ်ပါး

သောတာပန်အပါ၀င် အရိယာပုဂ္ဂိုလ်များ၏အကြောင်းကို ဖော်ပြပြီးနောက် သောတာပန်ရုက္ခစိုးနတ်ကြီးတစ်ပါး၏ အကြောင်းကို ဆက်လက်တင်ပြလိုပါသည်။

ရုက္ခစိုးနတ်တို့သည် သစ်ပင်တို့ကို စိုးမိုးအုပ်ချုပ်နေ

သော စတုမဟာရာဇ်နတ်မျိုးဝင်နတ်တို့ ဖြစ်ကြပါသည်။ ရုက္ခစိုးခေါ် သစ်ပင်စောင့်နတ်၊ ဘုမ္မစိုးခေါ် မြေစောင့်နတ်၊ ရေစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ချောင်းမြောင်းအင်းအိုင် ပင်လယ်သမုဒ္ဒရာစောင့်နတ်များ၊ အာကာသစိုးခေါ် ကောင်းကင်စောင့်နတ်၊ ပဇ္ဇုန္နနတ်စသည်တို့သည် စတုမဟာရာဇ်နတ်မျိုးတွင် ပါဝင်ကြပါသည်။

မုံရွာမြို့မှ အရှေ့ဘက် လေးမိုင်ခန့်အကွာ မုံရွာအရာတော် ကားလမ်း၏ မြောက်တက်ကပ်လျက် ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ထနောင်းဝန်းအမည်ရှိသော ရွာကြီးတွင် ဖြစ်ပါသည်။

ထိုရွာ၏ မြောက်ဘက်တွင် ရှေးရွာတည်စကပင် ထိုရွာသားတို့ ကိုးကွယ်ခဲ့ရာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ရှိခဲ့ပါသည်။ ထိုဘုန်းတော်ကြီးကျောင်း၏ ခြံစည်းရိုးတွင် ဖျောက်ဆိပ်ပင်ကြီး တစ်ပင်ရှိခဲ့ရာ ယနေ့ခေတ်တွင် ထိုအပင်ကြီးမှာ လူတို့၏ လက်နှစ်ဖက်ခန့် ကြီးမားတုတ်ခိုင်၍ အကိုင်းအခက် အရွက်စသည်တို့ဖြင့် စည်ပင်နေပါသည်။

ထိုဖျောက်ဆိပ်ပင်ကြီး၌ ရုက္ခစိုးနတ်ကြီးတစ်ပါး ရှိပါသည်။ နှစ်ပေါင်းမည်မျှ အသက်ရှည်သည်ဟု မည်သူမျှ မသိကြပါ။ ထိုဖျောက်ဆိပ်ပင်ကြီးရှိရာ ကျောင်း၌ ကျောင်းထိုင်ဆရာတော် ငါးဆက်ပင် ကျော်ခဲ့ပါပြီ။

---

ထို့နောက်လွန်ခဲ့သော နှစ်နှစ်ခန့်က ထိုကျောင်းမှ ကျောင်းထိုင်ဆရာတော်နှင့် ကျေးရွာဒကာဒကာမများ၏ စေတနာသဒ္ဓါထက်သန်စွာ ဆောင်ရွက်မှုကြောင့် ထိုကျောင်းတွင် ကျောင်းကန်ဇရပ်၊ စေတီပုထိုး စသော သာသနိက အဆောက်အဦတွေ စည်ပင်တိုးတက်ခဲ့ပါသည်။

ထိုကျောင်း၏ ဘေးဝင်းခြံအကာတို့မှာ ဟောင်းမြင်းနေသဖြင့် အုတ်တံတိုင်းဖြင့် အစားထိုးရန် စီမံကြသည်။ ကျောင်းစည်းရိုးရှိ အမိကရ ဖျောက်ဆိပ်ပင်ကြီးကို ခုတ်လှဲကြရန် ရသော အကိုင်းအခက်၊ ပင်စည်တို့မှ ထင်းတို့ဖြင့် အုတ်ဖုတ်ကြရန် ပင်စည်မှ အသားကောင်းတို့ကို ကျောင်းအတွက် လိုအပ်သော ဇရပ် စသည်တို့ကို ဆောက်လုပ်ရာ၌ သုံးစွဲကြရန် စီမံကြသည်။

## ရှက္ခစိုးနတ်ကြီးက ပူးဝင်သတိပေး

လက်ရှိကျောင်းထိုင်ဆရာတော်နှင့် ကျေးရွာလူကြီးများ၏ အကြံပြုချက်အရ တစ်နေ့တွင် ရွာသားများအထဲမှ တက်ကြွ၍ စေတနာထက်သန်ကြသူ အားကောင်းမောင်းသန် လူလတ်လူငယ်တစ်စုသည် ထိုဖျောက်ဆိပ်ပင်ကြီး၏ အကိုင်းအခက်များကို ခုတ်ထွင် ရှင်းလင်းကြ၍ ပင်စည်ကြီးကိုလည်း လွှတို့ဖြင့် တိုက်ဖြတ် ဖြိုလှဲပစ်ကြသည်။

---

ထိုဖျောက်ဆိပ်ပင်ကြီး ခုတ်လှဲရာတွင် လူ ငါးယောက်ပါဝင်၍ ခေါင်းဆောင်ဖြစ်သူမှာ မောင်သိန်းထွန်းဟု ခေါ်ကြပါစို့။ ဖျောက်ဆိပ်ပင်ကြီးခုတ်လှဲပြီးနောက် မောင်သိန်းထွန်းတို့လူရွယ်လူငယ်တစ်စုသည် မနီးမဝေးရှိ ဇရပ်တန်ဆောင်းပေါ်တွင် မုန့်ပဲသရေစာနှင့် လက်ဖက်ရည်တို့ကို စားသောက်ရင်းအနားယူနေကြသည်။

ခေါင်းဆောင်ဖြစ်သူ မောင်သိန်းထွန်းမှာ ထူးထူးခြားခြား အမူအရာတွေ ပြောင်းလာသည်။ ရုတ်တရက် ထထိုင်ရာမှ ခုန်ပေါက်ပြီး မငြိမ်မသက် လှုပ်ရှားယိမ်းယိုင်နေသည့်ပါးစပ်မှလည်း ခက်ထန်စွာ ကြိမ်းမောင်းသည်။ တဟီးဟီးအော်ဟစ်နေသည်။

"ဟေ့. . . အယုတ်တမာကောင်တွေ၊ ငါ့စိတ်ကို တော်တော် ထိန်းထားရတယ်ဟေ့၊ ငါ့သစ်ပင်ကို ခုတ်လှဲသူတွေကိုဒုက္ခရောက်အောင်လုပ်နိုင်တဲ့ တန်ခိုးသတ္တိတွေ ငါ့မှာရှိတယ်၊ ဒါကို နင်တို့ မသိကြဘူး၊ ငါဟာ သောတာပန်ရုက္ခစိုးကြီးဟေ့၊ ငါ့ကို ကြိုတင်မပန်ကြားဘဲ၊ ခွင့်မတောင်းဘဲ ငါ့သစ်ပင်ကို နင်တို့ခုတ်လှဲလိုက်ကြတယ်၊ ကောင်းသလား၊ ငါဟာ သောတာပန်ဖြစ်လို့ ဒေါသကို တော်တော်ထိန်းထားရတယ်၊ ငါဟာ ဒီသစ်ပင်မှာကြီးစိုးနေတာ လူ့အသက်နဲ့ဆိုရင် လေးငါးရာကျော်ပြီ၊ ငါ့သစ်ပင်အတွက် နေထိုင်စရာအစားသစ်ပင်ကို အမြန်စိုက်ပေးကြဟေ့၊

ငါ့စိတ်ကို ထိခိုက်အောင် မလုပ်ကြနဲ့ပော့၊ သတိထားကြ" ဟု ပူးဝင်ကာ ကြိမ်းမောင်းသွားသည်။

(၄)

## ဝန်ချတောင်းပန်ကြ

ဖျောက်ဆိပ်ပင်ကြီးကို ခုတ်လှဲကြသူ မောင်သိန်းထွန်းတို့ လူရွယ်လူငယ်တစ်စု စိတ်မကောင်းဖြစ်ကြ၍ နောင်တရကြသည်။ ကျေးရွာလူကြီးများ အပါအဝင် ကျောင်းဒကာ ဒကာမများ သစ်ပင်ခုတ်လှဲသူ လူတစ်စုသည် အုန်းနှဲပင် ဖျောက်ဆိပ်ပင်ရှိရာနေရာသို့ လာရောက်ကြ၍ ငှက်ပျောပွဲ၊ အုန်းပွဲ၊ မုန့်ပဲသရေစာ၊ ဆီမီးတိုင်၊ အမွှေးတိုင်တို့ဖြင့် လေးလေးစားစား ပူဇော်တောင်းပန်ကြသည်။

"အရှင်ရုက္ခစိုးနတ်မင်းကြီးခင်ဗျာ. . . မသိမိုက်မှားလူငယ်များဖြစ်ကြတဲ့ ကျွန်တော်တို့ကို သည်းခံခွင့်လွှတ်တော်မူပါ၊ ကျွန်တော်တို့ဟာ အရှင်ရုက္ခစိုးနတ်မင်းရဲ့သစ်ပင်ကြီးကို ခုတ်လှဲမိကြပါတယ်၊ မသိလို့ ဖြစ်ပါတယ်၊ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ဘုန်းတော်ကြီးကျောင်းမှာ ဝင်းခြံကို အုတ်တံတိုင်းကာရံဖို့အတွက် အုတ်ဖုတ်ရန် ဖြစ်ပါတယ်။ သနားသည်းခံတော်မူပါ။ အုတ်တံတိုင်းဆောက်ပြီး စေတီတော်ကိုလည်း ပြုပြင်ကြမှာ ဖြစ်ပါတယ်။ အုတ်တံတိုင်းနဲ့ စေတီတော်ကို ပြုပြင်ပြီးတဲ့

အခါမှာ အရှင်ရုက္ခစိုးနတ်မင်းအား ကောင်းမှုကုသိုလ်ရဲ့အဖို့ ဘာဂကို အမျှပေးဝေပါမယ်" ဟု တောင်းပန်ကြသည်။

ထို့နောက် မောင်သိန်းထွန်းတို့ လူရွယ်လူငယ်များသည် ထိုနေရာနှင့် မနီးမဝေးတွင် ဖျောက်ဆိပ်ပင်၊ အုန်းနှဲပင်၊ မန်ကျည်းပင်၊ ကုက္ကိုပင်၊ သရက်ပင်၊ ပိန္နဲပင်ငယ်များကို အစားစိုက်ပျိုးပေးကြပါသည်။

ထို အစားစိုက်ပျိုးပေးသော သစ်ပင်များ၌ သောတာပန်ရုက္ခစိုးကြီးနှင့် အခြွေအရံနတ်များ နေထိုင်ကြမည် ဖြစ်ပါသည်။ ယခုအခါ ထိုသစ်ပင်များမှာ အတော်ပင် ကြီးထွားလာပါသည်။

(ထိုကျေးရွာဇာတိ နိုင်ငံတော်သံဃာဗဟိုဝန်ဆောင်အဖွဲ့ဝင် ဆရာတော်တစ်ပါး၏ ပြောပြချက်ကို မှတ်သည်ရေးပါသည်။)

# အကိုးအကားပြုသော ကျမ်းစာများ

၁။ ပေတဝတ္ထုပါဠိတော်နှင့်အဋ္ဌကထာ
၂။ ဝိမာနဝတ္ထုပါဠိတော်နှင့် အဋ္ဌကထာ
၃။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်
၄။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်နှင့် အဋ္ဌကထာ
၅။ အင်္ဂုတ္တရအဋ္ဌကထာ
၆။ အဘိဓမ္မာ ဝိဘင်္ဂအဋ္ဌကထာ
၇။ အင်္ဂုတ္တရဋီကာ
၈။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ
၉။ ဓမ္မပဒအဋ္ဌကထာ
၁၀။ ပါထိကအဋ္ဌကထာ
၁၁။ ဗုဒ္ဓဒေသနာတော် မြန်မာပြန်နိဒါန်းကျမ်း
(ဦးတိလောကသာရ)
၁၂။ တဏှက္ခယဒီပနီကျမ်း
၁၃။ မြန်မာရာဇဝင်အကျဉ်း (ဦးဖိုးကျား)
၁၄။ တစ္ဆေတို့အကြောင်း
(မင်းရှိန်အောင်၊ ၂၀၀၇-ခု ဇူလိုင်လထုတ်၊ ဂမ္ဘီရ
ဆန်းကြယ်မဂ္ဂဇင်း။